# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်နေ့ ၂၀၁၇ ခုနှစ်၊ ဇွန် ၉ ရက်၊ သောကြာနေ့၊ အတွဲ (၅၆)၊ အမှတ်(၂၄၉)


**ပန်ဆင်သူအကျိုးကို ဆောင်နိုင်**

တရားကို စောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်း အနံ့နှင့်ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါနိုင်ငံဝန်ကြီးချုပ်တို့တွေ့ဆုံ

## ကနေဒါနိုင်ငံမှ မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းမှုမြင့်တင်ရေးနှင့် လူသားချင်းစာနာထောက်ထားရေးအတွက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ သန်း ကူညီပံ့ပိုးသွားမည်



**အော်တာဝါ ဇွန် ၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျက်စတင် ထရူးဒိုးတို့သည် ဇွန် ၇ ရက် ညနေ ၄ နာရီက ကနေဒါနိုင်ငံ အော်တာဝါမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံခဲ့ကြသည်။

**အမြင်ချင်းဖလှယ်**

ထိုသို့ တွေ့ဆုံစဉ် မြန်မာ-ကနေဒါ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေး၊ ကောင်းမွန်သည့် စီမံအုပ်ချုပ်ရေး၊ အမျိုးသမီးနှင့် လူငယ်များ၏ အခန်းကဏ္ဍမြှင့်တင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးကဏ္ဍ၌ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ကူညီပံ့ပိုးရေးကိစ္စရပ်များ၊ မြန်မာအစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အသွင်ကူးပြောင်းရေးကာလ၌ ကြုံတွေ့နေရသည့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် နည်းလမ်းများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဂျက်စတင် ထရူးဒိုးတို့ တွေ့ဆုံဆွေးနွေးစဉ်**
(သတင်းစဉ်)

## မိုးပိုလာမည်

**နေပြည်တော် ဇွန် ၈**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာမည်။ (မိုး/ဇလ)

## ငြိမ်းချမ်းရေးကော်မရှင်မှ စေလွှတ်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် DPN တို့ NCA စာချုပ် လက်မှတ်ရေးထိုးနိုင်ရေး ထိုင်းနိုင်ငံတွင် အလွတ်သဘောတွေ့ဆုံမည်

စာ » ၄

## တောင်ကိုရီးယား တက်ဒ်ဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ကြက်မှု နှောင့်နှေးနေချိန်တွင် မြောက်ကိုရီးယားက သင်္ဘောပစ်ဒုံးကျည် အမြောက်အမြား စမ်းသပ်ပစ်လွှတ်

စာ » ၁၀




မြန်မာ့အလင်း

# စီးပွားရေးနည်း၊ စီးပွားရေးဟန်

စီးပွားရေးဆိုင်ရာ လှုပ်ရှားကုန်သွယ်မှုတို့ကို ဥပဒေပြဋ္ဌာန်း၍ အုပ်ချုပ်ရေးနည်းလမ်းအရ ထိန်းချုပ်ရန် ကြိုးပမ်းခြင်းသည် အောင်မြင်မှုမရှိ (သို့မဟုတ်) နည်းပါးသည်ကို မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်က ထင်ရှားစွာသက်သေပြပြီး ဖြစ်ပါသည်။ ဥပမာအားဖြင့် မြန်မာ့လယ်ယာလုပ်ငန်းခွင်များတွင် အသုံးပြုလျက်ရှိသော ကျွဲ၊ နွားတို့ကို ပြည်ပသို့ တရားဝင် တင်ပို့ခွင့်မရှိသော်လည်း တရားမဝင် မှောင်ခိုလမ်းကြောင်းများမှတစ်ဆင့် တင်ပို့နေသည်တို့ကို အပြည့်အဝ ထိန်းချုပ်နိုင်ခြင်းမရှိသည်မှာ အချိန်ကသက်သေပြပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်က ရသင့်ရထိုက်သော အခွန်အကောက်တို့ကို ဆုံးရှုံးသည်သာမက မြန်မာ့လယ်ယာလုပ်ငန်းခွင်များတွင် အားပြုနေရဆဲဖြစ်သော ကျွဲ၊ နွားတို့သည်လည်း လျော့ပါးလာပါသည်။ ဤဖြစ်ရပ်က တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ စီးပွားရေးအခွင့်အလမ်းတို့ရှိနေပါက မှောင်ခိုလမ်းကြောင်းတို့ဖြစ်ပေါ်နိုင်သော အခြေအနေကို ညွှန်ပြနေပါသည်။

ကျွဲ၊ နွားတို့ ပြည်ပသို့တင်ပို့ခြင်းကို ကန့်သတ်ရခြင်း၏ အဓိကရည်ရွယ်ချက်သည် မြန်မာ့လယ်ယာလုပ်ငန်းအတွက် လိုအပ်သော ကျွဲ၊ နွားတို့မလုံမလောက်ဖြစ်မည်ကို စိုးရိမ်သောကြောင့်ဖြစ်ပါသည်။ မလုံမလောက် ဖြစ်မည်ကို မစိုးရိမ်ရသည်အထိ ကျွဲ၊ နွားတို့ အလျှံအပယ်ရှိနေပါက ကျွဲ၊ နွားတို့ ပြည်ပသို့တင်ပို့ခြင်းကို ပိတ်ပင်ရန်အကြောင်းမရှိသည်မှာ ထင်ရှားပါသည်။ ထိုမျှသာမက ကျွဲ၊ နွားတို့ကို ပြည်ပသို့တင်ပို့ခြင်းဖြင့် တိုင်းပြည်အတွက် လိုအပ်သောဘဏ္ဍာငွေကြေးတို့ကို ရှာဖွေပေးနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွဲ၊ နွားတို့ကို အရှိန်အဟုန်ဖြင့် တိုးချဲ့မွေးမြူနိုင်ခြင်းသည် မှောင်ခိုလမ်းကြောင်းတို့ပိတ်ပင်ရန် စိုက်ထုတ်သုံးစွဲရသည့် အချိန်၊ ငွေနှင့် လူအင်အားတို့ကို တိုင်းပြည်အတွက် တခြားအကျိုးရှိသော ကိစ္စရပ်များ၌ သုံးစွဲနိုင်မည်သာမက နိုင်ငံသူ နိုင်ငံသားတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့်အတူ တိုင်းပြည်အတွက် ဘဏ္ဍာငွေကြေးတို့ကို ရယူဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

အဆိုပါ သဘောတရားကိုနှလုံးသွင်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက မြန်မာ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များအသင်း **Myanmar Investment Development Association-MIDA** မှ ကြီးမှူးကျင်းပသည့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုဖိုရမ် **Myanmar Investment Forum** ၌ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော မြေအသုံးပြုပိုင်ခွင့်အား ဖန်တီးပေးမည်ဟု ကတိပြုပြောကြားခဲ့ခြင်းသည် မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တိုးချဲ့နိုင်ရေးအတွက် တွန်းအားကောင်းတစ်ရပ် ဖြစ်လာမည်ဖြစ်ပါသည်။ ပို၍ဝမ်းသာစရာကောင်းသည်မှာ မွေးမြူရေးလုပ်ငန်းများအတွက် မြေယာအသုံးပြုပိုင်ခွင့် ဖန်တီးပေးခြင်းနှင့်အတူ လူနည်းစုကသားငါးဈေးကွက်အပေါ် ချုပ်ကိုင်ခြင်းကို ဖယ်ရှားမည်ဟူသော မူဝါဒကို ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ထုတ်ဖော်ပြောဆိုခဲ့ခြင်း ဖြစ်ပါသည်။ ဤမူဝါဒသည် စားသုံးသူ ပြည်သူလူထုအတွက် အကျိုးများစေသည်သာမက တန်းတူရည်တူယှဉ်ပြိုင်မှုဖြင့် မွေးမြူရေးကဏ္ဍ အရှိန်အဟုန်မြှင့်တိုးချဲ့ခြင်းကို ဖြစ်ပေါ်စေမည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာကြိုဆိုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## အမျိုးသမီးများကျန်းမာရေးဟောပြောဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၈**

အမျိုးသမီးများကြုံတွေ့ရသည့် ကျန်းမာရေးပြဿနာများစွာကို သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးနှင့် တိုက်ရိုက်တွေ့ဆုံမေးမြန်းနိုင်မည့် အခွင့်အရေးရရှိမည့် မိန်းမသားတို့ကျန်းမာရေး သိလိုရာမေးမြန်းဟောပြောပွဲကို ဇွန် ၁၀ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI မင်္ဂလာခန်းမ၌ ပြုလုပ်မည်ဖြစ်သည်။ အဆိုပါဟောပြောပွဲတွင် သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာစိုးလွင်က ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရှိရသည်။

**အောင်သူရ**


စာအုပ်စာပေ လှူမိတ်ဆွေ




# ယာဉ်ကြောပိတ်ဆို့မှုကြောင့် အနောက်ပိုင်းတက္ကသိုလ်ကျောင်းသားများနှင့် စက်ရုံအလုပ်သမားများအခက်တွေ့

**ရန်ကုန် ဇွန် ၈**




လှိုင်သာယာမြို့နယ်၌ မြို့ဖြတ်လမ်းမကြီး သုံးခုနှင့်မြို့ပတ်လမ်းနှစ်ခုရှိရာ စက်ရုံအလုပ်သမားများနှင့်အများပြည်သူ နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိသော အနော်ရထာကားလမ်းမကြီး မြို့ပတ်လမ်းပေါ်တွင် နံနက်ပိုင်းယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားနေသည်မှာ တစ်ပတ်ကျော်နေပြီ ဖြစ်သည်။

ယာဉ်ထိန်းတပ်ဖွဲ့တာဝန်ထမ်းဆောင်ချိန်မတိုင်မီ နံနက်ပိုင်းအချိန်တွင် စည်းကမ်းမဲ့ဖြတ်သန်းကျော်တက်သော ယာဉ်များကြောင့် ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားလျက်ရှိရာ အနောက်ပိုင်းတက္ကသိုလ်၌ တက်ရောက်သော ကျောင်းသားများနှင့် စက်ရုံဆင်းအလုပ်သမားများသည် ယာဉ်ကြောပိတ်ဆို့မှု၏ အချိန်ကြန့်ကြာမှုကို အများဆုံးရင်ဆိုင်နေရကြောင်း သိရသည်။

"သမကုန်းအဝိုင်းကနေ အနောက်ပိုင်းတက္ကသိုလ်ကိုမောင်းရင် မှတ်တိုင်ရပ်တာနဲ့ဆို မိနစ်နှစ်ဆယ်ပဲကြာတယ်။ နံနက်ပိုင်းကျောင်းသားတွေပါတယ်ဆိုတော့ ကျောင်းချိန်အမီ မောင်းပေးရတာ။ သမကုန်းအဝိုင်းနဲ့ ၂၀ ဈေးကြားမှာတင် လမ်းပေါ် တစ်နာရီကြာနေတယ်။ အနော်ရထာလမ်းမကြီးပေါ်မှာ နံနက်တိုင်း ယာဉ်ကြောပိတ်တာ တစ်ပတ်ကျော်နေပြီ။ စည်းကမ်းမဲ့မောင်းနှင်သူတွေရဲ့ အကျိုးဆက်ကိုကျန်တဲ့သူတွေခါးစည်းပြီးခံနေရတာပါ" ဟု အနောက်ပိုင်းတက္ကသိုလ်သို့ပြေးဆွဲနေသော YBS (၂၂) ယာဉ်မောင်းတစ်ဦးက အခက်အခဲကိုပြောသည်။

ရန်ကုန်-ပုသိမ်ကားလမ်းပေါ်ရှိ သမကုန်းအဝိုင်းမှတ်တိုင်မှ ရိုးကြီး၊ ရိုးလေးအဝိုင်းထိ နံနက်ပိုင်းယာဉ်ကြောပိတ်ဆို့လျက်ရှိရာ ထိုသို့ပိတ်ဆို့ရခြင်းသည် ရခိုင်ရိုးလေးရွာဝင်ပေါက်နှင့် ရွှေလင်ပန်း စက်မှုဝင်ပေါက်တို့တွင် အနော်ရထာလမ်းမကြီးကို ကန့်လန့်ဖြတ် ဝင်ထွက်သော ယာဉ်များကြောင့်လည်းကောင်း၊ အမှတ် (၂၀) ဈေးလေး လမ်းပေါ်မှ ဈေးသည်များနှင့် လမ်းပေါ်တွင်ရပ်နားထားသော မှန်လုံယာဉ်များကြောင့် နံနက်ပိုင်းတွင် ယာဉ်များသွားလာမှု အခက်အခဲဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**
**ဓာတ်ပုံ-သန်းစိုး**

# မိုးရာသီသစ်ပင်စိုက်ပွဲတော် လားရှိုး၌ ကျင်းပ

**လားရှိုး ဇွန် ၈**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် မိုးရာသီသစ်ပင် ၁၀၀၀ စိုက်ပွဲတော်ကို ဇွန် ၅ ရက်က မြို့အဝင် ဆုတောင်းပြည့် ရန်တိုင်းအောင်ဆုတောင်းဘုရားပရဝဏ်အတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

မိုးရာသီသစ်ပင်စိုက်ပွဲတော်တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်လှိုင် တက်ရောက်ကာ ကံ့ကော်ပင် စိုက်ပျိုးပေးခဲ့ကြောင်း လားရှိုးမြို့ရှိ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးဦးမြင့်သန်းနှင့် ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြတ်မိုးတို့ကလည်း သစ်ပင်များစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်ပင်စိုက်ပွဲတော်တွင် ကျွန်းပင် ၇၀၀၊ ကံ့ကော် ၁၅ ပင်၊ ခရေ ၁၄၅ ပင်၊ ပိတောက်ပင်နှင့် တမာပင် စုစုပေါင်းအပင် ၁၀၀၀ ကို လားရှိုးမြို့ပေါ်ရှိ ဌာနဆိုင်ရာများသစ်တောဌာနဝန်ထမ်းများ၊ နိုင်ငံရေးပါတီများနှင့် လူမှုရေးအသင်းအဖွဲ့ဝင် ၄၅၀ က ပါဝင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မမ(လားရှိုး)**

## မူးယစ်ဆေး အသိပညာပေး ဟောပြော

**ဒေးဒရဲ ဇွန် ၈**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုလှုပ်ရှားမှုအဖြစ် ဒေးဒရဲ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်လေးအိမ်ကုန်းကျေးရွာ အလယ်တန်းကျောင်း၌ မူးယစ်ဆေးပညာပေးနံရံကပ်စာစောင်နှင့် မှတ်တမ်းပုံများ ခင်းကျင်းပြသခြင်း၊ စာပေရေချမ်းစင် စာအုပ်များ ငှားရမ်းပေးခြင်း၊ အသိပညာပေးဟောပြောခြင်းနှင့် မူးယစ်ဆေးဝါးရှောင်ရှားရေးအသိပညာဗဟုသုတ အမေး၊ အဖြေပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**သပြေထွန်း**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၈-၆-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၉၀/၆၉၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၀၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၄၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၁၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၃၅ ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ ·၇၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ ·၉၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁၂ |
| တရုတ် | တစ်ယွမ် | ၁၉၉ ·၁၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ ·၀၄ |


မြန်မာ့အလင်း

၁၂၃၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



*✻ ရှေ့ဖုံးမှ*

### ကူညီပံ့ပိုး

အဆိုပါ တွေ့ဆုံပွဲအပြီးတွင် ကနေဒါနိုင်ငံမှ မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းမှု မြှင့်တင်ရေးနှင့် လူသားချင်းစာနာထောက်ထားရေးအတွက် ကူညီပံ့ပိုးသွားရန် အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ သန်း ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

### သီးခြားစီတွေ့ဆုံ

အလားတူ မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကနေဒါနိုင်ငံ လွှတ်တော်အဆောက်အအုံ၌ နိုင်ငံခြားရေးဝန်ကြီး မစ္စ ခရစ်ရှာ ဖရီးလန်း(စ်)က တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး ကနေဒါနိုင်ငံ အောက်လွှတ်တော် ဥက္ကဋ္ဌ မစ္စတာ ဂျော့ဖ်ရေဂင်၊ အထက်လွှတ်တော်ဥက္ကဋ္ဌ ဂျော့ဖ်ဂျေဖူရေးတို့နှင့် သီးခြားစီ တွေ့ဆုံခဲ့သည်။

### ဆွေးနွေး

တွေ့ဆုံပွဲများတွင် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေးအပြင် ကနေဒါနိုင်ငံ၏ ဖက်ဒရယ်စနစ်ဆိုင်ရာ အတွေ့အကြုံများ မျှဝေရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလ၌ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို အောင်မြင်စွာကျော်လွှားနိုင်ရန် ကနေဒါနိုင်ငံမှ ကူညီပံ့ပိုးသွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

### ပြန်လည်ရှင်းလင်း

ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် အော်တာဝါမြို့ရှိ ခေတ္တတည်းခိုသည့် ဖဲရားမောင့်ရှာတိုလော်ရေးဟိုတယ်၌ ကနေဒါရောက် မြန်မာနိုင်ငံသားများနှင့် တွေ့ဆုံခဲ့ပြီး ၎င်းတို့၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

### တက်ရောက်

တွေ့ဆုံပွဲများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ မြန်မာသံအမတ်ကြီး ဦးကျော်မျိုးထွဋ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကနေဒါနိုင်ငံခြားရေးဝန်ကြီး မစ္စ ခရစ်ရှာ ဖရီးလန်း(စ်)က တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲ တက်ရောက်စဉ်**
(သတင်းစဉ်)




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကနေဒါနိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် တွေ့ဆုံစဉ်** (သတင်းစဉ်)



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ဂျော့ဖ်ရေဂင်တို့ တွေ့ဆုံစဉ်** (သတင်းစဉ်)



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဂျော့ဖ်ဂျေဖူရေးတို့ တွေ့ဆုံစဉ်** (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါ - မြန်မာလွှတ်တော်ချစ်ကြည်ရေးအဖွဲ့ ဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေး

**အော်တာဝါ ဇွန် ၈**
အော်တာဝါမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါ - မြန်မာ လွှတ်တော်ချစ်ကြည်ရေးအဖွဲ့ဥက္ကဋ္ဌ ကနေဒါအောက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ မစ္စတာ ဘရုစ့်စတန်ဘန်တို့သည် ယနေ့နံနက်ပိုင်းတွင် ခေတ္တတည်းခိုသည့် ဟိုတယ်၌ တွေ့ဆုံဆွေးနွေးကြသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ မြန်မာသံအမတ်ကြီး ဦးကျော်မျိုးထွဋ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါ- မြန်မာလွှတ်တော်ချစ်ကြည်ရေးအဖွဲ့ ဥက္ကဋ္ဌ ကနေဒါအောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ ဘရုစ့်စတန်ဘန်တို့ တွေ့ဆုံဆွေးနွေးစဉ်**

**ဇွန် ၈ ရက်က မြန်မာ-တရုတ်ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး အထိမ်းအမှတ်နေ့အခမ်းအနား တက်ရောက်လာသော နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့်ဇနီး ဒေါ်မေယဉ်ထွန်းတို့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E.Mr.Hong Liang နှင့် ဇနီး ကြိုဆိုနှုတ်ဆက်စဉ်** (သတင်းစဉ်)



# အမရပူရမြို့နယ် မြစ်ငယ်၌ ကုန်းတွင်းဆိပ် စီမံကိန်းတည်ဆောက်သွားမည်

**မန္တလေး ဇွန် ၈**
မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်၌ အထက်မြန်မာပြည်ကုန်စည်များကို ကွန်တိန်နာများဖြင့် ပြည်ပသို့ တိုက်ရိုက်တင်ပို့နိုင်မည့် ကုန်းတွင်းဆိပ် (Dry Port) စီမံကိန်း တည်ဆောက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား(အထက်မြန်မာပြည်)အထွေထွေမန်နေဂျာ ဦးမျိုးဝင်းက ပြောသည်။

"အခုတည်ဆောက်မယ့် ကုန်းတွင်းဆိပ်စီမံကိန်းက တစ်နိုင်ငံလုံးမှာ ပထမဆုံးဖြစ်ပါတယ်။ ဒီ Dry port က Sea port တွေမှာလုပ်တဲ့ လုပ်ငန်းအားလုံးကို လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ တစ်ချိန်မှာ တရုတ်နိုင်ငံနဲ့ ရထားလမ်းဖောက်မယ်ဆိုရင် network တစ်ခုဖြစ်လာမယ်။ မုံရွာ၊ ပခုက္ကူက ကုန်စည်တွေကို ပြည်ပပို့မယ်ဆိုရင် ရန်ကုန်ကိုသွားစရာမလိုဘဲ မြစ်ငယ် dry port ကနေ အကောက်ခွန်စစ်ဆေးမှုတွေကအစ အပြီးလုပ်ဆောင်ပြီး တိုက်ရိုက်တင်ပို့လို့ရတော့မယ်" ဟု ၎င်းက ပြောသည်။

စီမံကိန်းတည်ဆောက်ရန် တင်ဒါခေါ်ယူစဉ်က ကုမ္ပဏီရှစ်ခုဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ယင်းတို့အနက် စင်ကာပူအခြေစိုက် Kerry Logeistics,Co., Ltd နှင့် နိုင်ငံသားပိုင် Resources Group,Co.,Ltd တို့က တင်ဒါအောင်မြင်ခဲ့ပြီး အပြီးသတ်မြေတိုင်းခြင်းနှင့် အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

"၂၀၁၇ ခုနှစ် ဇွန်လပထမအပတ်မှာ မြန်မာ့မီးရထားက လုပ်ငန်းတွေ ဆောင်ရွက်နိုင်ရန် မြေလွှဲပြောင်းပေးဖို့ ပြင်ဆင်ဆောင်ရွက်နေပါတယ်။ စီမံကိန်းပြီးစီးသွားရင် ကွန်တိန်နာရထားနဲ့ တစ်ခါတည်းတိုက်ရိုက် ပြည်ပအထိပို့လို့ရသွားမှာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါစီမံကိန်းကို Kerry logeistics မှ ၄၂ ဒသမ ၆၇၄ ဧကပေါ်တွင် တည်ဆောက်၍ Resources Group မှ ၁၈ ဒသမ ၄၇ ဧကနှင့် ၁၃ ဒသမ ၉၆ ဧကတို့တွင် နှစ်ပိုင်းခွဲ၍ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပြီး တည်ဆောက်ရေးကာလကို နှစ်နှစ်သတ်မှတ်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ငြိမ်းချမ်းရေးကော်မရှင်မှစေလွှတ်သည့်ကိုယ်စားလှယ်အဖွဲ့နှင့် DPN တို့ NCA စာချုပ်လက်မှတ်ရေးထိုးနိုင်ရေး ထိုင်းနိုင်ငံတွင်အလွတ်သဘောတွေ့ဆုံမည်

ရန်ကုန် ဇွန် ၈

**ငြိမ်းချမ်းရေးကော်မရှင်မှ ဦးအောင်စိုး ဦးဆောင်၍ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့မှ ဦးလှမောင်ရွှေ၊ ဒေါက်တာမင်းဇော်ဦးတို့ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN) တို့သည် ဇွန် ၁၀ ရက်တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ အလွတ်သဘောဆွေးနွေးမှုများပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။**

ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက "အခုကတော့ DPN နဲ့ NCA လက်မှတ်ရေးထိုးနိုင်ဖို့ ဆက်လက်ညှိနှိုင်းရမယ်။ NCA လက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးပွဲတွေမှာ UNFC ပါဝင်လာနိုင်ဖို့အတွက် အစိုးရက အဓိကရည်ရွယ်ပါတယ်။ NCA လက်မှတ်ရေးထိုးနိုင်ဖို့အတွက် အလွတ်သဘော တွေ့ဆုံတာပါ"ဟု ပြောသည်။

ငြိမ်းချမ်းရေးကော်မရှင်မှ စေလွှတ်သည့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် DPN နှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးရာတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို UNFC အနေဖြင့် လက်မှတ်ရေးထိုး၍ နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်လာနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

UNFC တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးထွန်းဇော်က "နဂိုမူလကလည်း ဒီလ ၁၂ ရက်မတိုင်ခင် တွေ့ဆုံမယ်ဆိုတဲ့ အကြောင်းကို ညှိနှိုင်းထားပြီးဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကော်မရှင်က ပထမတော့ ရန်ကုန်မှာတွေ့ဖို့ လိုလားတယ်။ ရန်ကုန်သွားမယ်ဆိုရင် ဒီကာလထဲမှာ ကျွန်တော်တို့ဘက်က အလျင်မမီနိုင်တော့ ချင်းမိုင်မှာတွေ့ကြရအောင်ဆိုပြီး ညှိနှိုင်းပါတယ်။ ငြိမ်းချမ်းရေးကော်မရှင်က ၁၀ ရက်နေ့ ချင်းမိုင်မှာလာတွေ့မယ်ဆိုတဲ့အကြောင်း အတည်ပြုပါတယ်"ဟု ပြောသည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ၏ ညီလာခံကို ဇွန်လ တတိယပတ်တွင် ပြုလုပ်ရန် ရည်ရွယ်ထားသည်။

ဦးထွန်းဇော်က "ဆွေးနွေးဖို့ကတော့ တပ်ပိုင်းဆိုင်ရာကိစ္စမှာ တော်တော်များများ ညှိနှိုင်းဖို့ ကျန်ပါသေးတယ်။ နောက် နိုင်ငံရေးပိုင်းဆိုင်ရာကိစ္စတွေမှာလည်း နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်နဲ့ ပတ်သက်နေတဲ့ သုံးပွင့်ဆိုင်ကဏ္ဍတွေ တွေ့ဆုံဆွေးနွေးဖို့ရှိတယ်။ ဒါတွေကို ညှိနှိုင်းဖို့ ကျန်ပါသေးတယ်။ အဓိကတော့ အဲ့ဒီအချက်တွေကို ဘယ်လိုနည်းလမ်းရှာရမလဲဆိုတာတွေ ညှိနှိုင်းသွားဖို့ရှိပါတယ်"ဟု ပြောသည်။



**မတ် ၃ ရက်က ရန်ကုန် NRPC တွင် ငြိမ်းချမ်းရေးကော်မရှင်နှင့် DPN တို့၏ စတုတ္ထအကြိမ် အစည်းအဝေး ကျင်းပခဲ့စဉ်**

UNFC အဖွဲ့ဝင်များ NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးမည့်အချိန်များ လုံလောက်ကြောင်းကို ဦးလှမောင်ရွှေက "UNFC ညီလာခံပြီးရင်တော့ ငြိမ်းချမ်းရေးကော်မရှင်နဲ့ DPN တို့ လိုအပ်တဲ့ အချက်အလက်တွေ လာရောက်ဆွေးနွေးညှိနှိုင်းနိုင်ဖို့ မျှော်လင့်တယ်။ နောက်ထပ်ကျင်းပမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးက ခြောက်လလောက်လိုသေးတော့UNFC နဲ့ ကျွန်တော်တို့ ဆွေးနွေးချိန်တွေရပါတယ်"ဟု ပြောသည်။

ယခုတွေ့ဆုံမှုသည် ငြိမ်းချမ်းရေးကော်မရှင်အနေဖြင့် UNFC အဖွဲ့ဝင်များသည် NCA လက်မှတ်ထိုးပြီး နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်လာနိုင်ရေးအတွက် အလွတ်သဘောညှိနှိုင်းမှုများ ပြုလုပ်ခြင်းဖြစ်ပြီး UNFC ညီလာခံအပြီးတွင် ရန်ကုန်သို့ လာရောက်၍ လက်မှတ် ရေးထိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ ဆက်လက်ညှိနှိုင်းမှုများ ပြုလုပ်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

*✻ ကျောဖုံးမှ*

ကိုယ်စားလှယ်များ၊ စီးပွားရေးပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေးကြံဆနိုင်မည်ဟု မျှော်လင့်**

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက ယခုဖိုရမ်ကို အပြန်အလှန်ကုန်သွယ်မှုနှင့် မြန်မာနိုင်ငံအတွင်း အီးယူ၏ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးအတွက် အဓိကရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနှင့်အီးယူအကြား ကုန်သွယ်ရေးတိုးမြှင့်မှုနှင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုတို့အတွက် ဆန်းသစ်သည့် အကြံဉာဏ်များကို ယခုဖိုရမ်၌ ဆွေးနွေးကြံဆနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

မြန်မာနိုင်ငံအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးသည် မိမိတို့အနေဖြင့် ပြည်တွင်းနှင့်ပြည်ပ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို မည်မျှတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုသည့် အချက်အပေါ်တွင် မူတည်ပါကြောင်း။

**အရေးတကြီးလိုအပ်**

မြန်မာနိုင်ငံသည် နိုင်ငံတကာစီးပွားရေးအသိုက်အဝန်းများနှင့် ချိတ်ဆက်ပြီး ဈေးကွက် စီးပွားရေးစနစ်တစ်ရပ်ကို ကြိုးပမ်းအကောင်အထည်ဖော်နေခြင်းဖြစ်သည့်အတွက် မိမိတို့အနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာအကူအညီများ အရေးတကြီးလိုအပ်နေပါကြောင်း။

ရေရှည်တည်တံ့ပြီး အားလုံးပါဝင်နိုင်သည့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပါသည့် မောင်းနှင်အားသည် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများပင်ဖြစ်ကြောင်း၊ ယခုအချက်ကို နားလည်သဘောပေါက်သည့်အတွက် နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံသားများနှင့် ၎င်းတို့၏ ပတ်ဝန်းကျင်အတွက် အပြုသဘောသက်ရောက်မှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို အားပေးကူညီရန် ခိုင်မာသည့် ဆုံးဖြတ်ချက်များကို ချမှတ်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်သည့်နေရာတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုဆိုသည်မှာ မြန်မာနိုင်ငံကဲ့သို့ နိုင်ငံမျိုးအတွက် ပထမဆုံးနှင့် အရေးအကြီးဆုံး လိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့သည် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိနိုင်ရန် ပင်လုံစိတ်ဓာတ်ဖြင့်ကျင်းပသည့် နိုင်ငံရေးဆွေးနွေးပွဲများမှ ထွက်လာသည့် ရလဒ်များအရ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် ထူထောင်နိုင်ရန် ရည်ရွယ်ပြီး တိုင်းရင်းသားများ၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးမှုများကို အားသွန်ခွန်စိုက်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

**အတူတကွ ဖော်ဆောင်**

ပြီးခဲ့သည့်လက ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် ပါဝင်ဆွေးနွေးသူများအကြား ညှိနှိုင်းဆွေးနွေးခဲ့ကြသည့် အချက်များအနက် ၃၇ချက်ကို အောင်မြင်စွာသဘောတူနိုင်ခဲ့ကြပါကြောင်း၊ ယင်းအချက်သည် နိုင်ငံတော်အစိုးရနှင့် အခြားပါဝင်ပတ်သက်သူများ၏ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို အတူတကွအကောင်အထည်ဖော်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွဖော်ဆောင်ကြရန် ခိုင်မာသည့် ဆုံးဖြတ်ချက်ချမှတ်ထားကြောင်းကို ပြသလိုက်ခြင်းပင် ဖြစ်ပါကြောင်း။

**ကြိုးပမ်းအားထုတ်နေ**

ရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံ၏ အရင်းအနှီးရှာဖွေရေး၊ နည်းပညာနှင့် အလုပ်အကိုင်ဖန်တီးမှုတို့အတွက် အလွန်ပင်အရေးပါကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုများလုပ်ကိုင်ရန် အဆင်ပြေမှုရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာရန် ရည်ရွယ်ပြီး ကောင်းမွန်သည့် မိုက်ခရိုစီးပွားရေး ပြုပြင်ပြောင်းလဲမှုများနှင့်အတူ နိုင်ငံတော်အစိုးရအနေဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်နေခြင်းပင်ဖြစ်ပါကြောင်း။

**ရင်းနှီးမြှုပ်နှံမှုဥပဒေပြဋ္ဌာန်း**

ရင်းနှီးမြှုပ်နှံသူများအတွက် အဆင်ပြေမည့် အခင်းအကျင်းကို ဖန်တီးသည့်အနေဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါကြောင်း၊ ဥပဒေ၏ ထင်ရှားသည့်အချက်များသည် ရင်းနှီးမြှုပ်နှံသူများအပေါ် အကာအကွယ်ပြုသည့်အချက်များနှင့် အဆင်မပြေမှုများရှိပါက တိုင်ကြားနိုင်သည့် ယန္တရားများကို ထည့်သွင်းထားခြင်းပင်ဖြစ်ပါကြောင်း၊ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားနှင့်တည်နေရာကိုလိုက်၍ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ၂၀၁၇ ခုနှစ် မတ် ၃၀ ရက်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများကိုလည်း ပြဋ္ဌာန်းခဲ့ပါကြောင်း။

**မဟာဗျူဟာအချက်အချာကျ**

မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အားသာချက်များ များပြားစွာရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ တည်နေရာသည် ဖွံ့ဖြိုးဆဲအာဆီယံနိုင်ငံများနှင့် ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံနှစ်ခုအကြား ကုန်စည်စီးဆင်းမှုများပြုလုပ်နိုင်သည့် မဟာဗျူဟာအချက်အချာကျသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ၏စိတ်ဝင်စားမှုကိုရရှိနေပြီး အာရှတိုက်၏ ကုန်စည်သယ်ယူပို့ဆောင်ရေးကို ပိုမိုအဆင်ပြေအောင် မြှင့်တင်ပေးနိုင်သည့် ဆုံမှတ်တစ်ခုလည်းဖြစ်ပါကြောင်း၊ ထို့ပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် သယံဇာတများနှင့် လူသားအရင်းအမြစ်ဖြစ်သည့် လူငယ်လူရွယ်ဦးရေများပြားစွာရှိသည့် နိုင်ငံလည်းဖြစ်ပါကြောင်း။

**များစွာအကျိုးရှိနိုင်**

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံကြသည့် အဓိကနယ်ပယ်များသည် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ သတင်းအချက်အလက်ဆက်သွယ်ရေး၊ ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် အိမ်ခြံမြေလုပ်ငန်းများဖြစ်ကြပါကြောင်း၊ ယင်းနယ်ပယ်များသည် ဈေးကွက်များ ပိုမိုရရှိလာနိုင်ရန် အလားအလာရှိသည့် နယ်ပယ်များဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများနှင့် ဒေသခံလူ့အဖွဲ့အစည်းများအတွက် များစွာအကျိုးရှိနိုင်သည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအများအပြားလည်း ကျန်ရှိနေပါသေးကြောင်း။

**နွေးထွေးစွာကြိုဆို**

အီးယူ၏ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံအစိုးရက နွေးထွေးစွာကြိုဆိုပါကြောင်း၊ အီးယူရင်းနှီးမြှုပ်နှံမှုများနှင့်အတူ နည်းပညာနှင့် ကျွမ်းကျင်မှုများလည်း မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာနိုင်ရန် မိမိတို့မျှော်လင့်ပါကြောင်း၊ ထိုသို့ ဝင်ရောက်လာခြင်းအားဖြင့် မြန်မာနိုင်ငံနှင့် အီးယူနိုင်ငံများအကြား ရင်းနှီးသည့်ဆက်ဆံရေးကို မြှင့်တင်ပေးပြီး နိုင်ငံအသီးသီးနှင့် ပြည်သူများအပေါ် အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကိစ္စများနှင့် ပတ်သက်ပြီး အနာဂတ်တွင် အီးယူနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E.Mr. Roland Kobia နှင့် The Association of European Chambers of Commerce and Industry (EUROCHAMBRES) မှ CEO ဖြစ်သူ Mr. Arnaldo Abruzzini တို့က အမှာစကားပြောကြားကြပြီး Euro Cham Myanmar မှ Chairman ဖြစ်သူ Mr. David Levrat က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယသမ္မတ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်း၍မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

**ဝိုင်းဝန်းဆွေးနွေး**

ထို့နောက် အဆိုပါဖိုရမ်ကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် အီးယူအဖွဲ့ဝင်နိုင်ငံများက လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည့် အခန်းကဏ္ဍ၊ လူမှုတာဝန်ယူမှု အသင်းအဖွဲ့အခန်းကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့နှင့်စပ်လျဉ်းပြီး ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးမြင့်ဆွေ MYANMAR-EU ECONOMIC FORUM ဖွင့်ပွဲအခမ်းအနားတက်ရောက်လာသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

# ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး မြန်မာ-နယ်သာလန်စီးပွားရေးလုပ်ငန်းရှင်များ ပထမအကြိမ်တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇွန် ၈**

နယ်သာလန်-မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၌ ကျင်းပသည့် မြန်မာ-နယ်သာလန်နှစ်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေးပွဲတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် ရေအရင်းအမြစ်ကဏ္ဍများကို အဓိက ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် နယ်သာလန်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့ဝင် ၁၂ ဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင် ၆၀ တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။

"မြန်မာနိုင်ငံက စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်ပါတယ်။ ထုတ်ကုန်တွေကလည်း စိုက်ပျိုးရေးထုတ်ကုန်တွေပဲဖြစ်တယ်။ ဒါ့ကြောင့် လက်ရှိမှာ အောင်မြင်မှုရနေတဲ့ နယ်သာလန်နိုင်ငံက ကုန်ထုတ်လုပ်ငန်းတွေ၊ စက်ယန္တရားတွေနဲ့ ပေါင်းစပ်လိုက်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ပြည်ပပို့ကုန်တွေက အနောက်နိုင်ငံတွေ လက်ခံနိုင်မယ့်အဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု UMFCCI အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောသည်။

ဆွေးနွေးပွဲတွင် နယ်သာလန်နိုင်ငံမှ ရေအရင်းအမြစ်၊ စိုက်ပျိုးရေးကဏ္ဍများ အပါအဝင် IT Software နှင့် Hard Ware ဝန်ဆောင်မှု၊ Engineering Consulting၊ Waste water treatment ဝန်ဆောင်မှုလုပ်ငန်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့သတ္တုလုပ်ငန်း၊ ရေကြောင်းထိန်းသိမ်းရေး၊ ဆိပ်ကမ်းတည်ဆောက်စီမံခန့်ခွဲမှုလုပ်ငန်း၊ လယ်ယာနှင့် ငါး၊ ပုစွန်ရောင်းဝယ်ရေးလုပ်ငန်း၊ နို့နှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ ကားအပိုပစ္စည်း၊ ကျန်းမာရေးနှင့်ဆိုင်သည့် ကိရိယာပစ္စည်းများ



ဓာတ်မြေဩဇာနှင့် လယ်ယာစိုက်ပျိုးရေးသုံးပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးရေး၊ ဘဏ်လုပ်ငန်းအစရှိသည့် လုပ်ငန်းကဏ္ဍများ ပါဝင်မည်ဖြစ်သည်။

နယ်သာလန်နိုင်ငံသည် ကမ္ဘာပေါ်တွင် စိုက်ပျိုးရေးထွက်ကုန် ပြည်ပတင်ပို့မှု ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀၃ ဒသမ ၃ ဘီလီယံ ပြည်ပတင်ပို့မှုရှိကြောင်း သိရသည်။

မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံရုံးမှ Senior Economic and Commercial Officer ဒေါ်စန္ဒာမြင့်က "ရင်းနှီးမြှုပ်နှံမယ့်ကုမ္ပဏီတွေ မြန်မာနိုင်ငံကို ကိုယ်တိုင်လာကြည့်ပါ၊ ကဏ္ဍစုံက လူအမျိုးမျိုးနဲ့ စကားတွေပြောကြည့်ပါ၊ အဲဒီကနေ အချက်အလက်တွေယူပြီး စီးပွားရေးအခွင့်အလမ်းတွေအတွက် ဆုံးဖြတ်ချက်ချနိုင်ဖို့ ဖိတ်ခေါ်တာဖြစ်ပါတယ်။ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုထက် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးကြမှာဖြစ်ပါတယ်။ နောင်နှစ်တွေမှာလည်း ကဏ္ဍစုံက ကုမ္ပဏီအများအပြားကို ဖိတ်ခေါ်ဖို့ကြိုးစားသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံများအနက် နယ်သာလန်နိုင်ငံသည် အဆင့်(၉) နေရာတွင်ရှိသည်။ ပြီးခဲ့သည့်နှစ်က မြန်မာ-နယ်သာလန် နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာသန်း ၁၄၀ ကျော်ရှိသည်။

မြန်မာ-နယ်သာလန် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် ၁၉၄၇ ခုနှစ်တွင် စတင်ခဲ့သည်။ အဆိုပါသံတမန်ဆက်ဆံရေး နှစ် ၇၀ ပြည့် အထိမ်းအမှတ်အဖြစ် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးအတွက် နယ်သာလန်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ **သတင်း-နန္ဒာဝင်း၊ မြတ်စန္ဒီ**

**ဓာတ်ပုံ-မြတ်နန္ဒ**

# သတင်းမီဒီယာလွတ်လပ်ခွင့်ဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇွန် ၈**

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်သည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့အခြေစိုက် စာနယ်ဇင်းသမားများ ကာကွယ်စောင့်ရှောက်ရေးကော်မတီ (CPJ) ဥက္ကဋ္ဌ Ms. Sandra Mims Rowe နှင့် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင်အမှတ် (I-2) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် သတင်းမီဒီယာလွတ်လပ်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



## ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ တိုးတက်သုံးစွဲနိုင်ရေး ဆောင်ရွက်ပေးခဲ့

**နေပြည်တော် ဇွန် ၈**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ချင်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိသုံးစွဲနိုင်စေရေးအတွက် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဆောဓာတ်အားခွဲရုံ၊ ၆၆ ကေဗွီ ထီးလင်း-ဆော ဓာတ်အားလိုင်း ၄၄ ဒသမ ၇ မိုင်နှင့် ၁၁ ကေဗွီ ဆော-ကန်ပက်လက် ဓာတ်အားလိုင်း ၈ ဒသမ ၇ မိုင် တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စီမံကိန်းလုပ်ငန်းများပြီးစီးခဲ့ပြီဖြစ်၍ ဇွန် ၁ ရက်တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ဆော၊ ထီးလင်း၊ ကန်ပက်လက်နှင့် ကျောက်ထုမြို့ပေါ်ရှိ ရပ်ကွက်ကိုးခုမှ အိမ်ခြေ စုစုပေါင်း ၃၃၃၅ ခန့်အား ဓာတ်အားထပ်မံ တိုးချဲ့ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



## ရေကြည်မြို့နယ်၌ မူလတန်းဆင့် ပထမတန်းသင်ရိုးသစ် ကျောင်းအုပ်စုအဆင့် ဆွေးနွေးပွဲ သင်တန်းဆင်း

**ရေကြည် ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် မူလတန်းဆင့် ပထမတန်း သင်းရိုးသစ် ကျောင်းအုပ်စုအဆင့်ဆွေးနွေးပွဲ သင်တန်းဆင်းပွဲကို မေလနောက်ဆုံးပတ်က မြို့နယ်ပညာရေးမှူးရုံး နဝရတ်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဦး၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ခင်အေးတို့က အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ သင်တန်းနည်းပြတစ်ဦးက သင်တန်းနှင့်ပတ်သက်သည်များကို ခြုံငုံသုံးသပ်ခြင်း၊ သင်တန်းသားတစ်ဦးက သင်တန်းနှင့်ပတ်သက်၍ အားသာချက်များကို တင်ပြသည်။ ထို့နောက် သင်တန်းသားများက တေးဆိုငှက်ကဗျာ၊ အခြေခံ အကတို့ဖြင့် သရုပ်ဖော်ဖျော်ဖြေခဲ့ကြသည်။

အဆိုပါသင်တန်းကို မေ ၁၃ ရက်မှ ၂၆ ရက်အထိ ပို့ချခဲ့ကြောင်း သိရသည်။

**မြင့်သိန်း(ပြန်/ဆက်)**



**နေပြည်တော်ကောင်စီ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် နယ်မြေ (၆) ရွှေလရောင်ပရဟိတရိပ်သာတွင် ဇွန်လပထမပတ်ကကျင်းပသည့် မူခင်းကျဆင်းရေးနှင့် ယဉ်ကျေးလိမ္မာဆုပေးပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အမှတ်(၁) ဒုရဲမှူး မြင့်အောင်၊ သင်တန်းဆရာမ (အငြိမ်မင်းသမီး)သန္တာလင်းနှင့် ရွှေလရောင်ပရဟိတ ဥက္ကဋ္ဌ ဦးနေဝင်းအောင်အဖွဲ့တို့က ကျောင်းသား ကျောင်းသူ ၉၂ ဦးတို့အား အာဟာရဒါနနှင့် စာအုပ်စာတမ်းများ လှူဒါန်းစဉ်**

နေဝင်း(ရွှေလရောင်)

## ကျောင်းမုန့်ဈေးတန်းများရှိ အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးနေပြည်တော်၌ စစ်ဆေး

**နေပြည်တော် ဇွန် ၈**

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနသည် အမျိုးသားဆေးဝါးဥပဒေ နှင့် အမျိုးသားအစားအသောက် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်အတွင်း ထုတ်လုပ်တင်သွင်း ရောင်းချနေသော အစားအသောက်နှင့် ဆေးဝါးများ ဘေးအန္တရာယ်ကင်းစင်ရေးနှင့် အရည်အသွေးပြည့်မီရေးတို့ကို ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ အခြေခံပညာကျောင်းများရှိ ကျောင်းမုန့်ဈေးတန်းများအား ရှောင်တခင်လိုက်လံစစ်ဆေးသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းလင်းအောင် ဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနများမှ တာဝန်ရှိသူများသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းများရှိ ကျောင်းဈေးတန်းများကို ရှောင်တခင် စစ်ဆေးခဲ့သည်။

"ကျောင်းမုန့်ဈေးတန်းတွေကို အားထားနေကြရတဲ့ ကျောင်းသားကျောင်းသူလေးတွေအတွက် အတတ်နိုင်ဆုံးစစ်ဆေးသွားမှာ ဖြစ်ပါတယ်။ ကျောင်းမုန့်ဈေးတန်းမှာ ရောင်းချသူတွေကိုလည်း ကုန်ဆုံးရက်မပြည့်သေးတဲ့ မုန့်၊ လတ်ဆတ်တဲ့မုန့်တွေကို ရောင်းချဖို့ ပြောထားပါတယ်။ အခု အထက(၆) မှာရှိတဲ့ ကျောင်းမုန့်ဈေးတန်းကို စစ်ဆေးတဲ့အခါမှာ သက်တမ်းကုန်ဆုံးရက် မပြည့်သေးဘဲ မှိုတက်နေတဲ့ ပေါင်မုန့်နဲ့ လက်သုပ်သုပ်ရာမှာ အသုံးပြုတဲ့ ငါးပိမှာ Rhodamine-B ဆိုးဆေးကို တွေ့ရှိတဲ့အတွက် သိမ်းဆည်းခဲ့ပါတယ်။ ဒီနေ့မှ သက်တမ်းကုန်မယ့် ပေါင်မုန့်ဟာ ဘယ်လို အခြေအနေမှ မှိုတက်နိုင်စရာအကြောင်း မရှိပါဘူး"ဟု ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ထွန်းလင်းအောင်က ပြောသည်။

အဆိုပါ စစ်ဆေးတွေ့ရှိခဲ့သည့် မှိုတက်ပေါင်မုန့်များတွင် ပါရှိသည့် လိပ်စာမှတစ်ဆင့် ဆက်သွယ်၍ ထုတ်လုပ်ရောင်းချသူများအား သတိပေးအကြောင်းကြားမည်ဖြစ်ပြီး ဈေးကွက်တွင် ဆက်လက်ရောင်းချနေသည်ကို တွေ့ရှိပါက ရောင်းချခွင့် ပိတ်ပင်သည်အထိ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထိုသို့ ရှောင်တခင်စစ်ဆေးမှုအပေါ် အထက (၅) ကျောင်းဈေးတန်းတွင် ဈေးရောင်းချသူတစ်ဦးက " ဒီလိုစစ်တာ ကလေးတွေ ကျန်းမာရေးအတွက် စစ်တာဖြစ်တဲ့အတွက် လာရောက်စစ်ဆေးသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ရက်လွန် မုန့်တွေမဖြစ်ဖို့ သက်တမ်းကုန်ဆုံးရက်ကို ကြည့်ပြီးဝယ်ပါတယ်။ မုန့်မှာ စားသောက်ဖို့ မသင့်တဲ့ မှိုတွေဘာတွေ တွေ့ရင်တော့ ဆိုင်ကိုပြန်အပ်တဲ့အခါ ပြန်လဲပေးပါတယ်"ဟု ၎င်းကပြောသည်။



အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့သည် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် တာဝန်ရှိသူများအား အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များ၊ အန္တရာယ်ရှိသော အစားအသောက်များနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြသည်။

မြန်မာနိုင်ငံအတွင်း ထုတ်လုပ်တင်သွင်းရောင်းချလျက်ရှိသော အစားအသောက်များတွင် အများဆုံးတွေ့ရှိရသည့် အန္တရာယ်ရှိခွင့်မပြု ဆိုးဆေးများမှာ Auramine O(အဝါရောင်)၊ Rhodamine-B (အနီရောင်)၊ Sudan Dyes (အနီရောင်)၊ Orange II (လိမ္မော်ရောင်)တို့ဖြစ်ကြောင်း သိရသည်။

**မျိုးသူဟိန်း(သတင်းစဉ်)**

## မလှိုင်မြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၂၇ ကျောင်း အဆင့်တိုးမြှင့်ဖွင့်

**မလှိုင် ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် အခြေခံပညာရေး စာသင်ကျောင်းများအား ၂၀၁၇-၂၀၁၈ ၌ စုစုပေါင်း ၂၇ ကျောင်းအား ကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိကြောင်း သိရသည်။

အ.ထ.က ခွဲအား အ.ထ.က အဆင့်သို့ တစ်ကျောင်း အ.လ.က (ခွဲ) မှ အ.လ.က အဆင့်သို့ ၂၂ ကျောင်း မူလွန်အဆင့်မှ အ.လ.က သို့ လေးကျောင်း တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

တိုးမြှင့်ခွင့် ရရှိသော ကျောင်းများမှာ အ.ထ.က ခွဲ ရေနံရွှေပေါ်ကျွန်းအား အ.ထ.က အဖြစ် တိုးမြှင့်ခွင့်ရရှိကာ ကံရွာနတ်စင်ကုန်း၊ ကသစ်ပင်၊ ကုန်းလည်၊ ကူကြီးကုန်း၊ ညောင်ကုန်း ၊ တည်ကြီးတော၊ တောင်ရိုးတဲ၊ ထန်းပင်ကန်၊ ပျော်ဖွယ် ၊ ဖတ်ကုန်း၊ မြင်းဦးလှည့်ရွာမ၊ ဖျောက်စိတ်ကုန်း၊ ယာကြီးတော၊ လက်ဆွဲ၊ လယ်တာကောင်း၊ လဲတော၊ သဘွတ်ကုန်း၊ သမန်းကန်၊ သိမ်ကုန်း၊ သုံးတောင်၊ အုတ်ကြီး၊ အုပ်ဖိုကန် အ.လ.က (ခွဲ) များအား အ.လ.က အဆင့်တိုးမြှင့်ကာ ချင်းယားရွာသစ်၊ ရေခါးသဘွတ်ကုန်း၊ ရေထွက်၊ သဲကန် (မူလွန်) ကျောင်းများအား အ.လ.က (ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ကြောင်း မလှိုင်မြို့နယ် ဒုတိယပညာရေးမှူး ဦးစောလွင်ထံမှ သိရသည်။

ပညာရေးကျောင်းများ အဆင့်မြှင့်တိုးချဲ့နိုင်ကာ ပညာသင်ကြားနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် ဒေသခံပြည်သူများ ကျောင်းသားကျောင်းသူများနှင့် ပညာရေးမိသားစုများ ပျော်ရွှင်ဝမ်းမြောက်နေကြောင်း သိရသည်။

**ဘိုဘို (မလှိုင်)**

## မိတ္ထီလာတွင် ဖက်တောကျေးရွာ အလယ်တန်းကျောင်းအဆင့်တိုးမြှင့်

**မိတ္ထီလာ ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ညောင်ပင်လျှိုကျေးရွာအုပ်စု ဖက်တောကျေးရွာ အလယ်တန်းကျောင်း (ခွဲ) အဆင့်မှ အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇွန် ၈ ရက် နံနက် ၁၀ နာရီက ယင်းကျောင်းတွင် ကျင်းပသည်။

ဖက်တောကျေးရွာ အလယ်တန်းကျောင်းဆိုင်းဘုတ်အား အမှတ် (၂) မဲဆန္ဒနယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်၊ ခရိုင်ပညာရေးမှူး ဒေါက်တာကျော်လွင်၊ ကျောင်းအုပ် ဦးအောင်ဇော်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖက်တောကျေးရွာသည် မိတ္ထီလာမြို့မှ မိုင် ၂၀ ခန့် ကွာဝေးသည့်နေရာတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ကျေးရွာအလယ်တန်းကျောင်း၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဖက်တော၊ ပေပင်ကုန်း၊ ညောင်ပင်အေး၊ ကြာပေါက်၊ သရက်တန်း၊ ကျီကုန်း၊ လျှော်ဖြူပင်၊ ဆူးဖြူကွက် စသည့် ကျေးရွာများမှ KG ၊ မူလတန်းအဆင့်၊ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၅၃ ဦး တက်ရောက်ပညာသင်ကြားနေကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# နတ်မောက်မြို့နယ် ရွာမွန်ကျေးရွာအနီးတွင် ၆၆/၁၁ KV (၅) MVA ဓာတ်အားခွဲရုံ တည်ဆောက်ပေးရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စီစဉ်ထားရှိ

**နေပြည်တော် ဇွန် ၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်းငါးခုမေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု တင်သွင်းခြင်း၊ ဥပဒေကြမ်းတစ်ခု လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း၏ **မတူပီမြို့နယ်တွင် ၆၆ ကေဗွီ မဟာဓာတ်အားလိုင်း သွယ်တန်းပေးရေး အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ၆၆ ကေဗွီ မင်းတပ်-မတူပီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းအတွက် ထပ်မံလိုအပ်သော ရန်ပုံငွေများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း ဆက်လက်တောင်းခံသွားမည်ဖြစ်ပါကြောင်း၊ ရန်ပုံငွေလုံလောက်စွာရရှိသောနှစ်တွင် စီမံကိန်းများ ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်



နတ်မောက် မဲဆန္ဒနယ်မှ ဦးအောင်တင်လင်း

**ရေအားလျှပ်စစ်ထုတ်ယူနိုင်ရေး**

လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး၏ **လေရှီးမြို့နယ်ရှိ ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် နန်ဝန်ချောင်းနှင့် နန်းသလက်ချောင်းများတွင် အသေးစားနှင့် အလတ်စား ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က နန်ဝင်ချောင်းနှင့် နန်းသလက်ချောင်းမှ အသေးစား(သို့မဟုတ်) အလတ်စား ရေအားလျှပ်စစ်ထုတ်ယူနိုင်ရေးအတွက် သက်ဆိုင်ရာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စူးစမ်းတိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေးသွားမည်ဖြစ်ပါကြောင်း၊ နည်းပညာဆိုင်ရာ အကူအညီများ လိုအပ်ပါက ဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်း၏ **နတ်မောက်မြို့နယ် ရွာမွန်ကျေးရွာအနီးတွင် ၆၆/၁၁ ကေဗွီ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရွာမွန်ကျေးရွာအနီးတွင် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံနှင့် ၆၆ ကေဗွီ ဓာတ်အားလိုင်း ၂၆ မိုင် တည်ဆောက်ခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ရန်ပုံငွေစုစုပေါင်းငွေကျပ် ၄၀၉၈ ဒသမ ၅၁၈ သန်း လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သွားမည့် ငါးနှစ်စီမံချက်တွင် ထည့်သွင်းရေးဆွဲထားပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားရှိပါကြောင်း ဖြေကြားသည်။

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ၏ **၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျောက်ကြီးမြို့နယ် မုန်းမြို့၌ ၃၃/၁၁ K.V, 3 MVA ဓာတ်အားခွဲရုံ တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ**နှင့် N.E.P စီမံချက်အတိုင်း လုပ်ဆောင်နိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မုန်းမြို့ အမှတ် (၅) ရပ်ကွက်တွင် ၃၃ ကေဗွီ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ပေးရန် ဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သွားမည့် ငါးနှစ်စီမံချက်တွင် ထည့်သွင်းရေးဆွဲထားပါကြောင်း၊ မုန်းမြို့၌ ၃၃ ကေဗွီဓာတ်အားလိုင်း ၁၆ မိုင်နှင့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ရန် ရန်ပုံငွေကျပ်သန်းပေါင်း ၁၄၇၆ ဒသမ ၂၅ သန်း လိုအပ်ပါကြောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေရရှိပါက အကောင်အထည်ဖော် ဆောင်ရွက်သွားရန် စီစဉ်ထားပါကြောင်း ဖြေကြားသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

ရေနံချောင်းမဲဆန္ဒနယ်မှ ဦးသာချို(ခ)ဦးတင်ကြိုင်၏ **ရေနံချောင်းမြို့တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် စက်မှုဇုန်တည်ရှိနေခြင်းကြောင့် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားပြည့်ဝစေရန် ၆၆ KV ဓာတ်အားလိုင်းနှင့် ၆၆ KV ဓာတ်အားခွဲရုံ တည်ဆောက်ပေးရန်** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရေနံချောင်းမြို့တွင် ၆၆ ကေဗွီ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ဓာတ်အား ဖြန့်ဖြူးနိုင်ရန် ချောက်မြို့နယ်ရှိ ၁၃၂ ကေဗွီ ချောက်ပင်မဓာတ်အားခွဲရုံမှ ရေနံချောင်းမြို့သို့ ၆၆ ကေဗွီဓာတ်အားလိုင်း ၃၇ မိုင်တည်ဆောက်ခြင်း၊ ရေနံချောင်းမြို့ရှိ စက်မှုဇုန်အနီး တွင် ၆၆/၃၃ ကေဗွီ၊ ၁၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်းနှင့် အဆိုပါ ၆၆ ကေဗွီစက်မှုဇုန်ဓာတ်အားခွဲရုံမှ ရေနံချောင်းဓာတ်အားခွဲရုံသို့ ၃၃ ကေဗွီဓာတ်အားလိုင်း သုံးမိုင် တည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်ရန် ဝန်ကြီးဌာန၏ (၂၀၁၇-၂၀၁၈ မှ ၂၀၂၁-၂၀၂၂)ဘဏ္ဍာနှစ် ငါးနှစ်စီမံချက်တွင် ထည့်သွင်းရေး ဆွဲထားပြီးဖြစ်ပါကြောင်း၊ စီမံချက်အရ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ထားပါကြောင်း ဖြေကြားသည်။

ထို့နောက် မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း တင်သွင်းထားသည့် **ပြည်တွင်း၌ ထုတ်လုပ်နေသော ယူရီးယား ဓာတ်မြေဩဇာများအား အရည်အသွေးကို ထိန်းသိမ်းနိုင်ရန် စနစ်တကျထုပ်ပိုးပြီး တောင်သူများလက်ဝယ်သို့ သင့်တင့်မျှတသောဈေးနှုန်းဖြင့် အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာက တောင်သူများအား စိုက်ပျိုးစရိတ် ထုတ်ပေးချိန်တွင် ဓာတ်မြေဩဇာများကို သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးရန် လိုအပ်ပါကြောင်း၊ တာဝန်ယူဖြန့်ချိသည့် ဝန်ကြီးဌာနက ကျေးရွာများ အရောက် ဓာတ်မြေဩဇာ အတု၊ အစစ်ခွဲခြားနည်း၊ အချိန်အဆမှန်ကန်စွာ သုံးစွဲနည်း၊ မြေအမျိုးအစား ဓာတ်ခွဲစမ်းသပ်နည်းများကို ပံ့ပိုးပေးရန်လိုအပ်ပါကြောင်း၊ ဓာတ်မြေဩဇာများကို လောလောဆယ် အရှုံးခံ၍ ထုတ်လုပ်ရောင်းချနေသော်လည်း

*စာမျက်နှာ ၁၁ သို့*

# ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာသင်ကျောင်းများ အခြေခံပညာမူလတန်းကျောင်းခွဲများအဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိပြီးမှသာ လိုအပ်သောအထောက်အပံ့များ ဖြည့်ဆည်းပေးနိုင်မည်

**နေပြည်တော် ဇွန် ၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသား လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ရှေ့မှောက်၌ ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စား လှယ်လောင်းက ကတိသစ္စာပြု၍ ကတိသစ္စာပြု လွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

**လိုအပ်သောအထောက်အပံ့**

ထို့နောက် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ စောယှားဖောင်အွာ၏ **ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာသင်ကျောင်းများအား သင်ထောက်ကူ ပစ္စည်းများ၊ ဆရာ ဆရာမများနှင့် ထောက်ပံ့ငွေ များ ကူညီပံ့ပိုးပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ ကရင်ပြည်နယ်သို့ ခွဲဝေပေးမည့် သင်ထောက်ကူ ပစ္စည်းများအား ကရင်ပြည်နယ်အတွင်းရှိ အခြေခံ ပညာကျောင်းများသို့ အချိုးကျ ခွဲဝေပေးပြီး ပို့လျှံပါက ပြည်နယ်ပညာရေးမှူးရုံး အလုပ်အမှု ဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ပြည်နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးမူလတန်း ကျောင်းများသို့ အချိုးကျ ဆက်လက်ထောက်ပံ့ ပေးလျက်ရှိပါကြောင်း၊ ကိုယ့်အားကိုယ်ကိုး စာသင်ကျောင်းများတွင် သင်ကြားနေသော ဆရာ ဆရာမများအတွက် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်း အရ ငွေကြေးထောက်ပံ့ပေး၍ မရနိုင်သော်လည်း အခြေခံပညာမူလတန်း ကျောင်းခွဲများအဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်




ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၁၁ ရက် မြောက်နေ့ ကျင်းပစဉ်

ခွင့်ရရှိရေးနှင့် နောင်နှစ်များတွင် အထောက်အပံ့ များရရှိနိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူများနှင့်အတူ အလေးအနက်ထား၍ ပူးပေါင်းဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း၊ အခြေခံပညာမူလတန်း ကျောင်းခွဲများအဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ် ခွင့်ရရှိပြီးမှသာခွင့်ပြုရန်ပုံငွေကို ဘဏ္ဍာရေးနှစ် အလိုက် အဆိုပြု၍ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်း များနှင့်အညီ သင်ကြားရေး ဆရာ ဆရာမများနှင့် လိုအပ်သော အထောက်အပံ့များကို မျှတစွာ ဖြည့်ဆည်း ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြား သည်။

ယင်းနောက် ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးအောင်ကျော်စိုးနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်တို့၏ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေ ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းရာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးမောင်မောင်လတ်က ထောက်ခံသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြု ကြောင်း ဆုံးဖြတ်သည်။

**ပြည်ထောင်စုအစိုးရအား တိုက်တွန်း**

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ ဒေါက်တာတင်တင်ဝင်း၏ **ထောင်စုနှစ် ရည်မှန်းချက် (၁၇)ချက်မှ စတုတ္ထအချက်ဖြစ် သော Quality Education အတွက် မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်း တွင် အထွေထွေဘာသာရပ်အခန်း၌ "မျိုးဆက်ပွား ကျန်းမာရေး"၊ "ပြည်သူ့နီတိ"၊ "ဒီမိုကရေစီ" တို့ကို ဘာသာရပ်များအဖြစ် မိတ်ဆက်သင်ပေးရုံ မျှမက လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလို ကြောင်း** ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များ က ဆွေးနွေးကြသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ဦးငွန်ဟေးက sex education သည် လူသား တစ်ယောက်၏ သိသင့်သိထိုက်သည့် ပညာရပ် တစ်ခုအနေဖြင့် သင်ခန်းစာတွင် ဖော်ပြသင့်ပါ ကြောင်း။

စိတ်ဓာတ်ရေးရာ အထက်တန်းကျမှုနှင့် ဆိုင်ပြီး ပတ်ဝန်းကျင်နှင့် လူသားတို့၏အခြေခံ ဝါဒဖြစ်သော ပြည်သူ့နီတိဆိုင်ရာ ဘာသာရပ် များကို မြန်မာနိုင်ငံ၏ ပညာရေးသင်ရိုးညွှန်း တမ်းတွင် ထည့်ခြင်းအားဖြင့် တိုင်းပြည်၏ ရတနာ များဖြစ်ကြသော ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် လူသားတစ်ဦး၏ တာဝန်ယူမှု၊ တာဝန်ခံ တတ်မှုနှင့် စိတ်ဓာတ်ရေးရာ ကျင့်ဝတ်တို့ကို နားလည်သဘောပေါက်နိုင်မည် ဖြစ်ပါကြောင်း။

Democracy သည် Demo-people နှင့် cracy-rule of power မှလာသည့် စကားလုံးဖြစ်ပြီး အများက ရွေးချယ်ခန့်အပ်ထား သူများက အုပ်ချုပ်ခြင်း၊ ပြည်သူကို အခြေခံသော အုပ်ချုပ်ခြင်းကို ဆိုလိုပါကြောင်း၊ ထို့ပြင် လူကို လူလို ဆက်ဆံတတ်ခြင်း၊ အများသဘောကို လေးစားနိုင်ခြင်း၊ ကိုယ်ပိုင်ဆုံးဖြတ်ပြီး ရွေးချယ် နိုင်ခွင့်ရှိခြင်း၊ ကိုယ့်ကိုယ်ကို အားကိုးတတ်ခြင်း စသည်ဖြင့် ကျောင်းသား ကျောင်းသူများအတွက် အလွန်ပင် အရေးကြီးလှသော စိတ်ဓာတ်ရေးရာ ကိုပါ မြှင့်တင်နိုင်ပါကြောင်း။

ထို့ကြောင့် sex education, civic education or ethics and ethos နှင့် democracy education ဆိုသည့် ဘာသာရပ် များကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး အတွက် ထည့်သွင်းဖို့ အချိန်တန်ပြီ ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးအောင်မျိုးလတ်၊ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇) မှ ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄)မှ ဒေါ်လှဌေး (ခ) ဒေါ်အုန်းကြည်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေး၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာခင်မကြီးနှင့် တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈) မှ ဦးဥက္ကာမင်းတို့က ဆက်လက် ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဇွန်လ ၁၂ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊အေးအေးသန့်(သတင်းစဉ်)**

# တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်အား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဆယ်ယူရရှိသည့် ရုပ်အလောင်းများအား သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းကူညီလုပ်ဆောင်ပေးခဲ့ကြသည့် ကုမ္ပဏီများအပါအဝင် ငါးဖမ်းလှေများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ကျေးဇူးတင်ရှိ

**နေပြည်တော် ဇွန် ၈**

ဇွန် ၇ ရက်က ပျက်ကျသွားခဲ့သည့် တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်အား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဆယ်ယူရရှိသည့် ရုပ်အလောင်းများအား သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တပ်မတော်နှင့်အတူ ပူးပေါင်းကူညီလုပ်ဆောင်ပေးခဲ့ကြသည့် ပြည့်ဖြိုးထွန်းကုမ္ပဏီ၊ ထူးထူးတိုးကုမ္ပဏီ၊ ခိုင်ဇင်ယော်ကုမ္ပဏီများအပါအဝင် ဒေသခံငါးဖမ်းစက်လှေများ၊ Romic Tide လုပ်ငန်းသုံးရေယာဉ်ဖြင့် ပါဝင်ကူညီခဲ့သည့် ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်းမှ တာဝန်ရှိသူများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအပါအဝင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ထားဝယ်မြို့နယ်မှ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက အထူးကျေးဇူးတင်ရှိပါကြောင်း။

ထို့ပြင် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ ဒေသခံငါးဖမ်းစက်လှေများပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်လျက်ရှိရာ လေယာဉ်ပေါ်တွင် ပါရှိသွားသူများ၏ ရုပ်အလောင်းအချို့အား ဆယ်ယူရရှိခဲ့ပြီး ပြန်လည်ဆယ်ယူရသည့် ရုပ်အလောင်းအချို့မှာ ကျန်ရစ်သူမိသားစုများသာမက တွေ့မြင်ရသူများအတွက်ပါ များစွာစိတ်နှလုံးမချမ်းမြေ့ဖွယ်ဖြစ်စေသဖြင့် ယင်းပုံများအား လူမှုကွန်ရက်အပါအဝင် မည်သည့်သတင်းဓာတ်ပုံအဖြစ်မျှ အသုံးပြုခြင်းမပြုပါရန် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက အထူးမေတ္တာရပ်ခံအပ်ပါကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# ပျောက်ဆုံးနေသည့် တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ် အစိတ်အပိုင်းနှင့် ရုပ်အလောင်းများ ရှာဖွေတွေ့ရှိ၊ ရုပ်အလောင်းများအား ဆယ်ယူပို့ဆောင်

နေပြည်တော် ဇွန် ၈

**ဇွန် ၇ ရက်မွန်းလွဲပိုင်းက အဆက်အသွယ်ပြတ်တောက်ပြီး ပျောက်ဆုံးခဲ့သည့် တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်အား တပ်မတော် (ရေ)မှ စစ်ရေယာဉ်များ၊ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ၊ မြေပြင်တပ်များက ဒေသခံပြည်သူများ၊ ဒေသခံရေယာဉ်များနှင့်ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၈ နာရီ ၁၈ မိနစ်တွင် တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်၏ အစိတ်အပိုင်းအချို့နှင့် ရုပ်အလောင်းအချို့အား ကျောက်နီမော်ကျေးရွာ၏ အနောက်ဘက် ၁၄ မိုင်ခန့်၊ လောင်းလုံမြို့၏ အနောက်တောင်ဘက် ၂၂ မိုင်ခန့်အကွာ ပင်လယ်ပြင်အတွင်း စတင်ရှာဖွေတွေ့ရှိခဲ့သည်။**



**ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့် တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ် ပျက်ကျမှုတွင် ပါရှိသွားသည့် အရာရှိ၊ စစ်သည်မိသားစုဝင်များ၏ ကျန်ရစ်ခဲ့သော မိသားစုဝင်များအား တွေ့ဆုံအားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်စဉ်**




ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်နေသည့် အမြန်သွားတိုက်ခိုက်ရေး စစ်ရေယာဉ်တစ်စင်းက အဆိုပါနေရာတွင် လေယာဉ်ဘီးတစ်ခု၊ အမျိုးသားရုပ်အလောင်း တစ်လောင်း၊ အမျိုးသမီးရုပ်အလောင်းတစ်လောင်း၊ ကလေးရုပ်အလောင်း တစ်လောင်းနှင့် အသက်ကယ်အင်္ကျီနှစ်ထည်၊ အဝတ်အစားထည့်သည့် အိတ်အချို့အား စတင်ဆယ်ယူရရှိခဲ့ပြီး ယင်းနေရာတစ်ဝိုက်တွင် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ခဲ့သည်။

**ဆယ်ယူရရှိ**

ယနေ့ည ၇ နာရီအထိ အမျိုးသားရုပ်အလောင်းနှစ်လောင်း၊ အမျိုးသမီး ရုပ်အလောင်း ၂၁ လောင်း၊ ကလေးရုပ်အလောင်းရှစ်လောင်း စုစုပေါင်း ရုပ်အလောင်း ၃၁ လောင်းနှင့် အခြားပစ္စည်းများအနေဖြင့် Y-8 လေယာဉ်၏အစိတ်အပိုင်းဖြစ်သည့် လေယာဉ်ဘီးတစ်လုံး၊ အသက်ကယ်အင်္ကျီများနှင့် ပစ္စည်းထည့်သည့်အိတ်အချို့အား ဆယ်ယူရရှိခဲ့သည်။

ဆယ်ယူရရှိသော ရုပ်အလောင်း ၂၉ လောင်းအား တပ်မတော်စစ်ရေယာဉ်များဖြင့် ပို့ဆောင်ခဲ့ရာ ညနေ ၅ နာရီတွင် လောင်းလုံမြို့နယ်အတွင်းရှိ စန်းလန်းကျေးရွာသို့ရောက်ရှိခဲ့ပြီး ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ရာ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံသို့ရောက်ရှိပြီး လိုအပ်သည့် ဆေးဘက်ဆိုင်ရာ စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။



**တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင်ပါရှိသွားသည့် လေယာဉ်အမှုထမ်း၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျန်ရစ်သူမိသားစုများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်**

**ထောက်ပံ့ပေးအပ်**

ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်သည် စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ် မိုးအောင်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှိုင်းအောင်တို့နှင့်အတူ ယနေ့တွင် မြိတ်မြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ် မောတောင်ခန်းမနှင့် တိုင်းစစ်ဌာနချုပ်ရှိ တိုင်းရန်အောင်ခန်းမတို့၌ တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင် လိုက်ပါသွားသည့် အရာရှိ၊ စစ်သည်မိသားစုဝင်များ၏ ကျန်ရစ်ခဲ့သော တပ်မတော်သားမိသားစုဝင်များအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။

တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင် ပါရှိသွားသည့် လေယာဉ်အမှုထမ်း၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ စုစုပေါင်း ၁၂၂ ဦးတို့၏ ကျန်ရစ်သူမိသားစုများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ငွေကျပ် ၃၆၆ သိန်း၊

*စာမျက်နှာ ၉ သို့*

**ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်နေသည့်အမြန်သွားတိုက်ခိုက်ရေး စစ်ရေယာဉ်တစ်စင်းက ဆယ်ယူရရှိခဲ့သည့် လေယာဉ်ဘီးတစ်ခုကို တွေ့ရစဉ်**



# တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် မတော်တဆမှုဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူများနှင့် ပျောက်ဆုံးနေသူများ၏ မိသားစုများ၊ ဆွေမျိုးများ၊ မိတ်ဆွေသူငယ်ချင်းများနှင့် ထပ်တူထပ်မျှ ပူပန်ဝမ်းနည်းကြေကွဲ ၊ ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်သွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃ / ၂၀၁၇**
**(၂၀၁၇ ခုနှစ် ၊ ဇွန် လ ၈ ရက်)**

တပ်မတော်သားများနှင့် မိသားစုများအတွက် သက်သာချောင်ချိရေး ပို့ဆောင်ကြိုဆိုသော တပ်မတော်သယ်ယူပို့ဆောင်ရေး လေယာဉ် (Y- 8 - 200 F အမျိုးအစား၊ လေယာဉ်အမှတ်- ၅၈၂၀) သည် စစ်သည်/မိသားစု ၁၀၈ ဦး၊ လေယာဉ်အမှုထမ်း ၁၄ ဦးနှင့် ကုန်တန်ချိန် ၂.၄ တန်ခန့် သယ်ဆောင်၍ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့ မွန်းလွဲ ၁ နာရီ ၆ မိနစ်တွင် မြိတ်မြို့မှ ရန်ကုန်မြို့သို့ စတင်ထွက်ခွာ၍ အမြင့်ပေ ၁၈၀၀၀ မှ ပျံသန်းနေစဉ် မွန်းလွဲ ၁ နာရီ ၃၅ မိနစ် အချိန်တွင် ထားဝယ်မြို့၏ အနောက်တောင်ဘက် ၄၃ မိုင်ခန့်အရောက်၌ ထားဝယ်လေဆိပ်နှင့် အဆက်အသွယ်ရရှိပြီး နောက်ပိုင်း ဆက်သွယ်မှုပြတ်တောက်သွားခဲ့သည်။

ထိုသို့ အဆက်အသွယ်ပြတ်တောက်ပြီးနောက် မွန်းလွဲ ၂ နာရီမှ စတင်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တပ်မတော်မှ စစ်ရေယာဉ်များ၊ လေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့်လည်းကောင်း၊ မြေပြင်တပ်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့ နံနက် ၈ နာရီ ၁၈ မိနစ်တွင် လောင်းလုံမြို့၏ အနောက်တောင်ဘက် ၂၂ မိုင်၊ ကျောက်နီမော်ကျေးရွာ၏ အနောက်ဘက် ၁၄ မိုင်အကွာ ပင်လယ်ပြင်တွင် လေယာဉ်၏ အစိတ်အပိုင်း အချို့၊ ရုပ်အလောင်း ၃ လောင်း၊ အသက်ကယ်အင်္ကျီ ၂ ထည်နှင့် အဝတ်အစားအိတ်အချို့အား တွေ့ရှိဆယ်ယူရရှိခဲ့ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ဤကဲ့သို့ တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် မတော်တဆမှုဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူများနှင့် ပျောက်ဆုံးနေသူများ၏ မိသားစုများ၊ ဆွေမျိုးများ၊ မိတ်ဆွေသူငယ်ချင်းများနှင့် ထပ်တူထပ်မျှ ပူပန်ဝမ်းနည်းကြေကွဲရပါကြောင်း၊ ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

## တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တစ်စင်းပျောက်ဆုံးရာတွင် ပါဝင်ခဲ့သော အရာရှိ/စစ်သည်များ၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇွန် ၈**

ဇွန် ၇ ရက် မွန်းလွဲပိုင်းတွင် မြိတ်မှ ရန်ကုန်သို့ ထွက်ခွာပျံသန်းစဉ် ပျောက်ဆုံးသွားသော တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်၌ ပါဝင်သွားခဲ့သည့် စစ်သည်/မိသားစု ၁၀၈ ဦးနှင့် လေယာဉ် အမှုထမ်း ၁၄ ဦး ပေါင်း ၁၂၂ ဦးတို့အတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် သုံးသိန်းနှုန်းဖြင့် ငွေကျပ် ၃၆၆ သိန်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ (ယာပုံ) (သတင်းစဉ်)



## တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် ပျောက်ဆုံးခြင်းအတွက် ဝမ်းနည်းကြေကွဲကြောင်း အမေရိကန်သံရုံးမှ ထုတ်ပြန်

**တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် ဇွန် ၇၊ ၂၀၁၇ က**
**ပျောက်ဆုံးသွားခဲ့သည့်အတွက် သံရုံးထုတ်ပြန်ချက်**

တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် ထားဝယ်မြို့အနီး ပျောက်ဆုံးသွားခဲ့သော သတင်းကြောင့် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း အမေရိကန်သံရုံးက မြန်မာ့တပ်မတော်(လေ)နှင့် လေယာဉ်ပေါ်ပါ ခရီးသည်များ၊ လေယာဉ်အမှုထမ်းများ၏ မိသားစုဝင်များကို ထုတ်ဖော်ပြောကြားလိုပါသည်။ လေယာဉ်ပေါ်၌ ပါသွားကြသော ခရီးသည်များကို ရှာဖွေကယ်ဆယ်သည့် လုပ်ငန်းများ အဆင်ပြေချောမွေ့ပါစေကြောင်း မိမိတို့ ဆုတောင်းနေသည့်အပြင် ဤကြေကွဲဖွယ်ဖြစ်စဉ်ကြောင့် ထိခိုက်ခံစားရသူများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်းကိုလည်း ပြောကြားလိုပါသည်။

**June 8, 2017/ Public Affairs Office / U.S. Embassy Yangon**

## တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် မတော်တဆမှုဖြစ်စဉ်တွင် သေဆုံးသူများနှင့် ပျောက်ဆုံးနေသော တပ်မတော် အရာရှိ/စစ်သည်များနှင့် မိသားစုများအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ သိန်း ၅၀၀ လှူ

**ရန်ကုန် ဇွန် ၈**

ဇွန် ၇ ရက်က ဖြစ်ပွားခဲ့သော တပ်မတော်သားနှင့် မိသားစုဝင် ၁၀၈ ဦး လေယာဉ် အမှုထမ်း ၁၄ ဦး လိုက်ပါလာသော မြိတ်-ရန်ကုန်ခရီးစဉ်အတွင်း တပ်မတော်သယ်ယူ ပို့ဆောင်ရေးလေယာဉ် (Y-8-200 F အမျိုးအစား လေယာဉ်အမှတ်-၅၈၂၀) မတော်တဆမှု ဖြစ်စဉ်တွင် သေဆုံးသွားသူများနှင့် ပျောက်ဆုံးနေသော တပ်မတော် ကြည်း၊ ရေ၊ လေမှ အရာရှိ/စစ်သည်များနှင့် မိသားစုများ အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးသို့ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ အလှူငွေကျပ် သိန်း ၅၀၀ ပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် ကျင်းပသည်။

အခမ်းအနားတွင် ဖောင်ဒေးရှင်း ကိုယ်စား ဒေါ်မိုးသူဇာကျော်နှင့် ဒေါ်ကေခိုင်သန်းတို့က ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်ပုံထံ အလှူငွေကျပ်သိန်း ၅၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး **(အပေါ်ယာပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



တိုင်းမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ယခုဖြစ်စဉ်တွင် ပါဝင်သွားသော တပ်မတော် ကြည်း၊ ရေ၊ လေ၊ အရာရှိ/စစ်သည်များနှင့် မိသားစုများအတွက် ယခုလို စာနာထောက်ထားမှုအနေဖြင့် လှူဒါန်းသည့်အတွက် အထူးဝမ်းမြောက်မိပါကြောင်း၊ လေယာဉ်ပေါ်ပါသွားသူများ အားလုံးအတွက် တပ်မတော်အနေဖြင့် ထပ်တူထပ်မျှ စိတ်မကောင်းဖြစ်ရသလို များစွာဝမ်းနည်းမိပါကြောင်း၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းက စာနာထောက်ထားမှုအနေဖြင့် ယခုလို လာရောက်ကူညီပေးသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယခုလို လှူဒါန်းမှုသည် စိတ်ဓာတ်ခွန်အားပေးခြင်းတစ်မျိုးဖြစ်ပါကြောင်း၊ အထူးသဖြင့် ဆုံးရှုံးမှုများကြားမှ ယခုလို စိတ်ဓာတ်ခွန်အားပေးခြင်းကို အထူးကျေးဇူးတင်ရှိပါကြောင်း စသည်ဖြင့် ပြောကြားသွားကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**

## တပ်မတော်လေယာဉ်မတော်တဆဖြစ်စဉ်တွင် ကွယ်လွန်သွားကြသည့် တပ်မတော်သားများနှင့် မိသားစုဝင်များအား ထောက်ပံ့ရန်လှူဒါန်း

**တာချီလိတ် ဇွန် ၈**

ဇွန် ၇ ရက်က ဖြစ်ပွားခဲ့သည့် တပ်မတော်လေယာဉ် Y-8 မတော်တဆဖြစ်စဉ်တွင် ကွယ်လွန်သွားကြသည့် တပ်မတော်သားများနှင့် မိသားစုဝင်များအား တာချီလိတ်မြို့သူ မြို့သားများ၏ ကူညီထောက်ပံ့ရေး အစီအစဉ်ဖြင့် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် အလှူရှင်များဖြစ်သည့် ဦးမြင့်ဦးနှင့် MOA Group သတ္တုလုပ်ငန်းရှင်များက ငွေကျပ်သိန်း ၂၀၊ ဦးတင်နွယ်-နန်းခမ်းအောင် (စိုင်းလောဝ်ဟိန်း သတ္တုလုပ်ငန်း)မှ ငွေကျပ် ၁၀ သိန်း၊ တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ မိသားစုမှ ငွေကျပ်သုံးသိန်း၊ ဦးအောင်ဖြိုးရှိန်(သူရိယသင်္ကန်းတိုက်)၊ ဦးနေဝင်း (BT ဆီပန့်)၊ ဦးခင်မောင်မြင့် (ရွှေမဟာ ကိုယ်ပိုင်အထက်တန်းကျောင်း)၊ ဦးရဲထွန်းသိန်း (ကိုသားကြီး) တို့မှ ငွေကျပ်တစ်သိန်းစီ၊ ဦးစည်သူမောင်-ဒေါ်နန်းကြာဖြူ ၊ ဦးထွန်း(မယ်ဆိုင်)၊ ဦးမောင်လု (ဆင်ဖြူတော်ကဖေး)၊ ဦးစိုင်းလွယ်ခမ်း-နန်းငယ် (ရွှေဉာဏ်) ၊ ဦးအောင်မြင့်ရှိန်(အရှည်ကြီး) တို့မှ ငွေကျပ်ငါးသောင်းစီတို့အား ဇွန် ၈ ရက် နံနက်ပိုင်းက တာချီလိတ်မြို့ အမှတ်(၁) ချစ်ကြည်ရေးတံတားအနီး၌ ဖွင့်လှစ်ထားသည့် CNCMC ကော်မတီရုံးသို့ လာရောက်လှူဒါန်းကြရာ ကော်မတီဥက္ကဋ္ဌ ဦးအောင်ဖြိုးရှိန်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး **(ဝဲပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**မောင်ယဉ်ကျေး**



*စာမျက်နှာ ၈ မှ*

ထူးထရေးဒင်းကုမ္ပဏီ၊ မဒွယ် ရဟတ်ယာဉ် Accident မိသားစု၊ Air Myanmar Aviation Services ရဟတ်ယာဉ်ကုမ္ပဏီများမှ ငွေကျပ်သိန်း ၃၀၀၊ ရောင်နီဦးနှင့် မိတ်ဆွေများ ပရဟိတအဖွဲ့မှ ငွေကျပ်သိန်း ၂၀၀၊ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ ငွေကျပ်သိန်း ၅၀၀ လှူဒါန်းခဲ့ကြရာ ယနေ့ စုစုပေါင်းလှူဒါန်းငွေမှာ ငွေကျပ်သိန်းပေါင်း ၁၃၆၆ သိန်းဖြစ်ပြီး တာဝန်ရှိသူများက အသီးသီးလက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ယခု ထပ်မံလှူဒါန်း သည့် အလှူငွေများအားလည်း သက်ဆိုင်ရာ ကျန်ရစ်သူမိသားစုများ လက်ဝယ်သို့ ဆက်လက်ပို့ဆောင်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**လေယာဉ်ပျက်ကျမှု**
**စစ်ဆေးဖော်ထုတ်မည်**

ပျက်ကျခဲ့သည့် Y-8 လေယာဉ်နှင့်ပတ်သက်၍ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို စတင်ပြုလုပ်လျက်ရှိကြောင်းနှင့် သက်ဆိုင်ရာလေယာဉ်ထုတ်လုပ်သည့်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်လည်း ပူးပေါင်း၍ လေယာဉ်ပျက်ကျမှုအား စစ်ဆေးဖော်ထုတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပျက်ကျခဲ့သည့် တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကူညီပေးသည့် ဒေသခံငါးဖမ်းစက်လှေ**

# တောင်ကိုရီးယားတက်ဒ်ဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ကြက်မှု နှောင့်နှေးနေချိန်တွင် မြောက်ကိုရီးယားက သင်္ဘောပစ်ဒုံးကျည်အမြောက်အမြား စမ်းသပ်ပစ်လွှတ်

**ပြုံယမ်း ဇွန် ၈**
မြောက်ကိုရီးယား၏ ဒုံးကျည်ဖြင့် တိုက်ခိုက်မှုရန်ကို ကာကွယ်နိုင်မည့် အငြင်းပွားဖွယ် ယူအက်စ်ဒုံးကျည် ကာကွယ်ရေးစနစ် ဖြန့်ကြက်မှုကို တောင်ကိုရီးယားက ရွှေ့ဆိုင်းလိုက်ပြီး တစ်ရက်အကြာတွင် မြောက်ကိုရီးယား သည် မြေပြင်မှသင်္ဘောရှိရာအထိပစ်ခတ် နိုင်သည့် ဒုံးကျည်အမြောက်အမြားကို ကြာသပတေးနေ့က မြောက်ကိုရီးယား အရှေ့ဘက် ကမ်းခြေတွင် ပစ်ခတ်ခဲ့ ကြောင်း တောင်ကိုရီးယား သတင်း မီဒီယာက ဖော်ပြခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြောက်ကိုရီးယားနိုင်ငံအပေါ် အရေးယူ ပိတ်ဆို့မှုအသစ်များ ပြုလုပ်ခဲ့ပြီး တစ်ပတ်ခန့်အကြာတွင် ယင်းဒုံးကျည် ပစ်လွှတ်မှု ပေါ်ထွက်လာခဲ့ခြင်းဖြစ် သည်။

တောင်ကိုရီးယား နိုင်ငံသည် မြောက်ကိုရီးယား၏ မဟာမိတ်နိုင်ငံ ဖြစ်သည့် တရုတ်နိုင်ငံကို ဒေါသထွက် စေခဲ့သည့် အမေရိကန်ဒုံးကျည် ကာကွယ်ရေးစနစ် (THAAD) ၏ ကြွင်းကျန်သော အစိတ်အပိုင်းများ တပ်ဆင်ခြင်းကို ထိန်းချုပ်ထားမည်ဖြစ် ကြောင်း ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့ သည်။

မြောက်ကိုရီးယားသည် မြေပြင်မှ သင်္ဘောများအထိ ရောက်အောင် ပစ်လွှတ်နိုင်သည့် ဒုံးကျည်များကို ကြာသပတေးနေ့နံနက်ပိုင်းတွင် မြောက် ကိုရီးယားကမ်းခြေမြို့တော်ဖြစ်သည့် ဝန်ဆန်မှပစ်လွှတ်ခဲ့ရာ ကီလိုမီတာ ၂၀၀(၁၂၄မိုင်)အကွာခန့်အထိရောက် ရှိခဲ့ကြောင်း တောင်ကိုရီးယားပူးတွဲစစ် ဦးစီးချုပ်ရုံးကဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက မကြာ သေးမီကာလများအတွင်း စမ်းသပ်ခဲ့ သည့် ဒုံးကျည်အမျိုးမျိုးနှင့် နှိုင်းယှဉ် ကြည့်လိုက်လျှင် ကြာသပတေးနေ့တွင် ပစ်လွှတ်ခဲ့သည့်ဒုံးကျည်များသည် ပိုမို ခုခံကာကွယ်နိုင်စွမ်းရှိသည့် အနေအထား မျိုးရှိပြီး ရန်သူစစ်သင်္ဘောများ၏ ခြိမ်းခြောက်မှု အန္တရာယ်ကို ကာကွယ်နိုင် ရန်ပုံစံထုတ်ထားခြင်းဖြစ်သည်ဟု ယူဆရ ကြောင်း သတင်းရင်းမြစ်များက ဖော်ပြ ထားသည်။ **(ရိုက်တာ)**




# အိန္ဒိယနိုင်ငံတွင် မီးရှူးမီးပန်းစက်ရုံတစ်ရုံပေါက်ကွဲမှု ဖြစ်ပွား၊ လူ ၁၄ ဦးထက်မနည်းသေဆုံး

**နယူးဒေလီ ဇွန် ၈**
အိန္ဒိယနိုင်ငံ အလယ်ပိုင်းဘလာဂတ်တွင် မီးရှူးမီးပန်းစက်ရုံတစ်ရုံ ယမန်နေ့က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၄ ဦးထက် မနည်းသေဆုံးခဲ့ကြောင်း သတင်းမီဒီယာ များတွင် ဖော်ပြခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားသည့် စက်ရုံသည် ဘလာဂတ်မြို့လယ်နှင့် ငါးကီလိုမီတာ အကွာအဝေးတွင်ရှိကြောင်း၊ ပေါက်ကွဲမှု ဖြစ်ပွားချိန်တွင် စက်ရုံအတွင်း လူ ၄၀ ခန့် အလုပ်လုပ်နေကြောင်း ရဲတပ်ဖွဲ့ဝင် တစ်ဦးကပြောခဲ့သည်။

ဝန်ထမ်းတစ်ဦးက ဆေးလိပ်မီးအား စက်ရုံအတွင်းရှိ အမှုန့်ပုံးအတွင်းလွှင့် ပစ်ခဲ့သောကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ ခြင်းဖြစ်ကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားရာနေရာတွင် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက် နေကြောင်းသိရသည်။ သေဆုံးသူ အလောင်းများကို စက်ရုံအတွင်းမှ ထုတ်ယူခဲ့ကြပြီး ဒဏ်ရာရရှိသူများကို နီးစပ်ရာ ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။



လွန်ခဲ့သော ၂၀၁၅ ခုနှစ်ကလည်း ယင်းမြို့တွင် အလားတူ ပေါက်ကွဲမှုမျိုး ဖြစ်ခဲ့သေးကြောင်း သိရသည်။ ယင်း ပေါက်ကွဲမှုတွင် အဆောက်အအုံအနည်း ဆုံး ၁၂ လုံးပြိုကျခဲ့ကာ လူသုံးဦးသေဆုံးခဲ့ ကြောင်း၊ လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့ ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ထောင်ဝန်ထမ်းနှင့် သူနာပြုတို့အား ဓားစာခံလုပ်၍ ထွက်ပြေးရန်ကြိုးပမ်းသူအား ပြန်လည်ဖမ်းဆီးနိုင်

**ချီကာဂို ဇွန် ၈**
ချီကာဂို ရဲတပ်ဖွဲ့က လူသတ်မှုတစ်ခုတွင် အပြစ်ပေးခံရသည့် ရာဇဝတ်သားလွတ် မြောက်ရန်ကြိုးစားမှုကို ဟန့်တား ဖမ်းဆီးနိုင်ခဲ့သလို ၎င်းအားဆေးကုသ မှုပေးနေသည့် ဆေးရုံမှ ဓားစာခံနှစ်ဦး ကိုလည်း ကယ်ဆယ်နိုင်ခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။

လူသတ်မှုကြောင့် ထောင်ဒဏ် နှစ် ၁၀၀ ချမှတ်ခံရသည့် ဂျိုရှူဝါမက်သရူးကို ဆေးကုသမှုခံယူရန် ဇွန် ၆ ရက်က ပရဲစင့် စိန့်ဂျိုးဆက်ဖ်ဆေးကုသမှုစင်တာသို့ ပို့ဆောင်ခဲ့ကြောင်း၊ ဇွန် ၇ ရက်က တရားခံသည် လက်လုပ်လက်နက် တစ်မျိုးဖြင့် ၎င်းအားစောင့်ကြည့်နေသော ထောင်ဝန်ထမ်းတစ်ဦးနှင့် လက်ထောက် သူနာပြုတစ်ဦးအား ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ပြီး ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားခဲ့ကြောင်း ရဲတပ်ဖွဲ့ကဖော်ပြခဲ့ သည်။



ဒေသခံရဲတပ်ဖွဲ့၏ ကြိုးပမ်းမှုဖြင့် အခင်းဖြစ်ပွားပြီး တစ်နာရီမကြာမီ ပြစ်မှု ကျူးလွန်သူအား ထိန်းသိမ်းဖမ်းဆီးနိုင် ခဲ့ပြီး အခြေအနေအရပ်ရပ်ကိုလည်း ကောင်းမွန်စွာ ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ထိခိုက်ဒဏ်ရာရသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း သိရ သည်။

လွန်ခဲ့သော မေ ၁၃ ရက်ကလည်း အကျဉ်းသားတစ်ဦးသည် ၎င်းအား စောင့်ကြပ်နေသော ထောင်ဝန်ထမ်း တစ်ဦး၏သေနတ်ဖြင့် အမျိုးသမီးဆေးရုံ ဝန်ထမ်းတစ်ဦးအား ပြန်ပေးဆွဲခဲ့ပြီး အထူးအဖွဲ့နှင့် ညှိနှိုင်းခဲ့ရာ အောင်မြင် မှုမရှိဘဲ ပစ်သတ်ခံခဲ့ရကြောင်း သိရ သည်။

မက်သရူးသည် အသက် ၁၇ နှစ်အရွယ် ဆိတ်ဂလေ့ဗာကို သူ၏ အိမ်အပြင်ဘက်တွင် ပစ်သတ်ခဲ့သည့် အတွက် လူသတ်မှုဖြင့် နှစ် ၁၀၀ ထောင် ဒဏ်ချမှတ်ခံရသူဖြစ်သည်။

ဒူပေ့စီရင်စုထောင်၌ ရှိနေစဉ် ၎င်းသည် ပြစ်မှုများစွာကျူးလွန်မှုဖြင့် တရားစွဲဆိုခံထားရကြောင်း သိရသည်။ ကျူးလွန်ခဲ့သော ပြစ်မှုများတွင် ဆေး ခြောက်ပိုင်ဆိုင်မှု၊ အရာရှိတစ်ဦးအား ကိုယ်ထိလက်ရောက်စော်ကားမှု၊ တူ များ၊ စောက်များ၊ ဖန်ဖြတ်စက်များ၊ တုတ်များစသည့်ပစ္စည်းများအပါအဝင် ရာဇဝတ်မှုကျူးလွန်ရာတွင် အသုံးပြု သည့် ပစ္စည်းအမြောက်အမြားပိုင်ဆိုင် မှုနှင့် မီးလောင်မှုဖြစ်ပွားပါက သတ်မှတ် အပူချိန်ကျော်လွန်သည့်အခါ အလို အလျောက် ရေဖျန်းပေးသည့်စနစ် တို့အား ဖျက်ဆီးမှုတို့ဖြစ်သည်။ လူ သတ်မှုဖြင့် ထောင်ဒဏ်နှစ် ၁၀၀ ချမှတ် လိုက်သည့်အခါ အဆိုပါပြစ်မှုများကို လျှော့ပေါ့ပေးလိုက်ကြောင်း သိရ သည်။ **(ဆင်ဟွာ)**

# အိန္ဒိယသမ္မတရွေးကောက်ပွဲကို ဇူလိုင် ၁၇ ရက်တွင် ကျင်းပမည်

**နယူးဒေလီ ဇွန် ၈**
အိန္ဒိယသမ္မတရွေးကောက်ပွဲကို ဇူလိုင် ၁၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း အိန္ဒိယရွေးကောက်ပွဲကော်မရှင်က ယနေ့ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

လက်ရှိတာဝန်ထမ်းဆောင်နေသော အိန္ဒိယသမ္မတမူခါဂျီ၏ ငါးနှစ်တာ သက်တမ်းသည် ဇူလိုင် ၂၄ ရက်တွင် ကုန်ဆုံးတော့မည်ဖြစ်သော်လည်း ၎င်းသည် ဒုတိယသမ္မတ သက်တမ်းအတွက် ဝင်ရောက်ယှဉ်ပြိုင်လိုခြင်းရှိ မရှိ ယခုချိန်အထိ မသိရသေးချေ။

အိန္ဒိယသမ္မတရွေးကောက်ပွဲ ဆန္ဒမဲပေးမှုကို ဇူလိုင် ၁၇ ရက်တွင် စတင်ဆောင် ရွက်ပြီး ဇူလိုင် ၂၀တွင် မဲများကိုရေတွက်သွားမည်ဖြစ်ကြောင်း ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ နာဆင်မ်ဇိုင်ဒီက ပြောခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် လွှတ်တော်တွင်သာ ဆန္ဒမဲပေးရန် တောင်းဆိုထားပြီး သက်ဆိုင်ရာ ပြည်နယ်များ၏ ဥပဒေပြုအမတ်များအနေဖြင့် ၎င်းတို့၏ ပြည်နယ်မြို့တော်များ၌သာ မဲပေးရမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် အာဏာရ ဘီဂျေပီ ပါတီ သမ္မတလောင်းအားယှဉ်ပြိုင်ရန် အဓိက ပြိုင်ဘက်ပါတီများက စုစည်းပြီး ၎င်းတို့၏ သမ္မတလောင်းအား တင်သွင်း မည်ဖြစ်ရာ ယခုနှစ် သမ္မတရွေးကောက်ပွဲသည် အကြိတ်အနယ် ပြိုင်ဆိုင်ကြမည့် ရွေးကောက်ပွဲတစ်ခုဖြစ်ကြောင်း သိရသည်။
**(ဆင်ဟွာ)**

# ဆိုမာလီယာနိုင်ငံ စစ်အခြေစိုက်စခန်းတစ်ခုကို အယ်လ်ရှာဘတ်စစ်သွေးကြွများတိုက်ခိုက်ကာ လူ ၆၀ ကျော်ကို သတ်ဖြတ်

**မိုဂါဒစ်ရှူး ဇွန် ၈**
အယ်လ်ရှာဘတ်စစ်သွေးကြွများသည် ဆိုမာလီယာနိုင်ငံရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပန့်တလန်းဒေသအတွင်းရှိ မြို့တစ်မြို့ကိုကြာသပတေးနေ့တွင် တိုက်ခိုက်ရယူခဲ့ ကြောင်း စစ်သွေးကြွအဖွဲ့မှ ထိပ်တန်းခေါင်းဆောင်တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

အယ်လ်ရှာဘတ်စစ်သွေးကြွအဖွဲ့သည် တိုက်ခိုက်မှုအတွင်းတပ်ဖွဲ့ဝင် ၆၁ ဦး ကိုသတ်ဖြတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

အယ်လ်ရှာဘတ်စစ်သွေးကြွအဖွဲ့သည် ကြာသပတေးနေ့နံနက်ခင်းတွင် အက်ဖ်အာရာမြို့ကို တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။အဆိုပါနေရာတွင် စစ်သား အနည်းငယ်သာရှိရာ စစ်သွေးကြွအဖွဲ့သည် မြို့ကိုစီးနင်းရယူခဲ့ကြောင်း သိရသည်။ လတ်တလောတွင်တယ်လီဖုန်းဆက်သွယ်မှုများကို ဖြတ်တောက်ထားရာ သေကျေ ပျက်စီးဆုံးရှုံးမှုနှင့်ပတ်သက်၍ မသိရှိနိုင်သေးကြောင်း ဘာရီဒေသ အုပ်ချုပ်ရေးမှူး ရုဆတ်မိုဟန်ကရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အယ်လ်ခိုင်ဒါနှင့်ဆက်နွှယ်နေသည့် စစ်သွေးကြွအဖွဲ့က ၎င်းတို့သည်မြို့အတွင်း ရှိ စစ်အခြေစိုက်စခန်းတစ်ခုကိုစီးနင်းဝင်ရောက်ကာ တပ်ဖွဲ့ဝင် ၆၁ ဦးကို သတ်ဖြတ် ခဲ့ကြောင်း ပြောကြားခဲ့သည်ဟု ဆိုသည်။

စစ်ဆင်ရေးကို ဆက်လက်ပြုလုပ်နေဆဲဖြစ်ရာ သေဆုံးသူအရေအတွက်မှာ ထပ်မံမြင့်တက်လာနိုင်ဖွယ်ရာရှိနေသည်ဟု အယ်လ်ရှာဘတ်စစ်သွေးကြွအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အဘူမူဆတ်ကပြောကြားခဲ့သည်။

၎င်းတို့အဖွဲ့မှ တိုက်ခိုက်ရေး အင်အားစုများသည် စစ်အခြေစိုက်စခန်းမှ ယာဉ်များနှင့် လက်နက်များကိုလည်း သိမ်းပိုက်ခဲ့ကြောင်း မူဆတ်ကပြောကြားခဲ့ သည်ဟု ဆိုသည်။ **(ရိုက်တာ)**

# ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော်၊ ဇွန် ၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. Roland Kobia၊ မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Jaroslav Dolecek၊ EUROCHAMBRES ၏ CEO Mr. Arnaldo Abruzzini နှင့် EuroCham Myanmar ၏ Chairman ဖြစ်သူ Mr. David Levrat တို့အား နေပြည်တော်ရှိ KEMPINSKI HOTEL ၌ ယနေ့နံနက် ၁၁ နာရီခွဲတွင် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်ရေးဆိုင်ရာ ဆက်သွယ်ဆက်ဆံမှုများ ဆက်လက် ရှင်သန်ခိုင်မာအောင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ပို့ကုန်ပစ္စည်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ တိုးမြှင့်ထုတ်လုပ်၍ ဥရောပဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် နည်းပညာ အကူအညီပေးရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်ကဏ္ဍများ ဖန်တီးဖော်ဆောင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၇ မှ*

တိုးတက်လာမည့် ကုန်ထုတ်လုပ်မှုကြောင့် အခွန်အကောက်များ ပိုမိုရရှိလာနိုင်ခြင်း၊ ပြည်ပသို့ တရားဝင်၊ တရားမဝင်ထွက်နေသည့် ထွက်ငွေများကိုလည်း ဟန့်တားနိုင်ခြင်း၊ ပြည်တွင်းထုတ်လုပ်မှုဝင်ငွေများ တိုးတက်လာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာခြင်းစသည့် ရေရှည်အကျိုးစီးပွားများရရှိလာနိုင်ပါကြောင်း ဆွေးနွေးသည်။

ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ ဦးနေထက်ဝင်းက မြန်မာနိုင်ငံ တွင် ဓာတ်မြေဩဇာ စက်ရုံငါးရုံရှိပြီး ယခုအခါ စက်ရုံသုံးရုံကသာ ဓာတ်မြေဩဇာများကို ထုတ်လုပ်လျက်ရှိသဖြင့် ပြည်သူများအတွက် ဖူလုံမှုမရှိပါကြောင်း၊ အခြားတိုင်းပြည်များက နှစ်စဉ် မှာယူတင်သွင်းနေရပါကြောင်း၊ ဖြန့်ဖြူးမှုအပိုင်းတွင် စက်ရုံ၌ ကိုယ်စားလှယ် ယူသူလက်ထဲ၌ ကြန့်ကြာခြင်းမျိုးမရှိဘဲ တောင်သူများလက်ဝယ်သို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိအောင် ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်းက ပြည်တွင်းဓာတ်မြေဩဇာ စက်ရုံများကို ခေတ်မီစက်ရုံများ ဖြစ်လာစေရန် ပြည်ပကုမ္ပဏီများနှင့် ဖက်စပ်ဆောင်ရွက်သင့်ပါကြောင်း၊ ပြည်တွင်းဓာတ်မြေဩဇာစက်ရုံများ၏ အရည်အသွေးနှင့် ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်းက ပြည်တွင်းဓာတ်မြေဩဇာ စက်ရုံများပုံမှန်လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ ထုပ်ပိုးမှုစနစ် အဆင့်မြှင့် တင်ရန် လိုအပ်ပါကြောင်း၊ ဖြန့်ဖြူးရေးအပိုင်းကို အစိုးရက ဆောင်ရွက်မည့်အစား လယ်ယာသမဝါယမအသင်းက ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင်၊ မဘိမ်းမဲဆန္ဒနယ်မှ ဦးအောင်မြင့်ရှိန်၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနှင့် နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်းတို့ကလည်း အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ကုန်းတွင်းသဘာဝဓာတ်ငွေ့တွင်းများသည် ယခုအခါ သဘာဝဓာတ်ငွေ့ ကုန်ခန်းသွားပါကြောင်း၊ သဘာဝဓာတ်ငွေ့ကိုကုန်ကြမ်းအဖြစ် အသုံးပြု၍ ဓာတ်မြေဩဇာ ထုတ်လုပ်နေသည့် စက်ရုံနှစ်ရုံကို ရပ်ဆိုင်းခဲ့ရပါကြောင်း၊ ယခုအခါ ဓာတ်မြေဩဇာစက်ရုံသုံးရုံ လည်ပတ်နေပြီး အရည်အသွေးကောင်းမွန်သည့် ဓာတ်မြေဩဇာများကို ထုတ်လုပ်နေပါကြောင်း၊ ယင်းစက်ရုံများသည်လည်း ညောင်တုန်း ကုန်းတွင်းသဘာဝဓာတ်ငွေ့ရရှိမှုအပေါ် မူတည်၍ ထုတ်လုပ်နေရခြင်းဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးလိုအပ်ချက်၏ ၇ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်ပေးနိုင်သည့် အခြေအနေတွင် ရှိပါကြောင်း၊ ကျန်ရှိသည့် ၉၃ ရာခိုင်နှုန်းကို ပုဂ္ဂလိကကဏ္ဍက ပြည်ပမှ တင်သွင်းရောင်းချပေးနေပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဓာတ်မြေဩဇာ ထုပ်ပိုးမှုပုံစံကောင်းမွန်အောင် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာတွင် လွှတ်တော်က ယင်းအဆိုကို မှတ်တမ်းတင်စောင့်ကြည့်ရန် ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာအတည်ပြုခြင်းနှင့် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း လက်ခံရရှိကြောင်း အသိပေးတင်ပြခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်(သတင်းစဉ်)**

# IKBZ Insurance မှ International Quality Summit Award ဆုရရှိ

**ရန်ကုန် ဇွန် ၈**

စပိန်နိုင်ငံအခြေစိုက် Business Initiative Directions (BID) အဖွဲ့မှ ကမ္ဘာတစ်ဝန်းရှိ စီးပွားရေးလုပ်ငန်းကြီးများ၏ အရည်အသွေးများကို စောင့်ကြည့်၍ နှစ်စဉ်ဆုများ ရွေးချယ်ပေးလျက်ရှိရာ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း (IKBZ Insurance) သည် ၂၀၁၇ ခုနှစ်အတွက် ရွေးချယ်ချီးမြှင့်သည့် International Quality Summit Award ဆုကို ရရှိခဲ့ကြောင်း သိရသည်။




ဆုချီးမြှင့်ပွဲ အခမ်းအနားကို အမေရိကန်နိုင်ငံ နယူးယောက်မြို့ Marriott Marquis ဟိုတယ်၌ မေ ၂၉ ရက်က ကျင်းပရာ အဆိုပါဆုကို IKBZ Insurance မှ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်နှင့် စာရင်းကိုင်အရာရှိချုပ် ဦးနေမျိုးအောင်တို့က လက်ခံရယူသည်။

ယင်းအခမ်းအနားတွင် ဦးညိုမြင့်က IKBZ အာမခံကုမ္ပဏီသည် မြန်မာနိုင်ငံ၏ ပထမဆုံးသော ပုဂ္ဂလိကအာမခံကုမ္ပဏီဖြစ်ပြီး နိုင်ငံအနှံ့အပြား၌ အာမခံရုံးခွဲအရေအတွက် အများဆုံးဖြင့် ပြည်သူလူထုကို အနီးကပ်အာမခံဝန်ဆောင်မှု ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ယခုအချိန်ကဲ့သို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ရပ်လုံးက တညီတညွတ်တည်း ပါဝင်ဆောင်ရွက်နေချိန်တွင် နိုင်ငံတော်မှ ဦးဆောင်လမ်းညွှန်သည့်အတိုင်း အာမခံလုပ်ငန်းကဏ္ဍပြောင်းလဲတိုးတက်ရေးအတွက် အရေအတွက်သာမက အရည်အသွေးအကောင်းဆုံးဖြစ်စေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

IKBZ Insurance သည် နိုင်ငံတော်မှ ပုဂ္ဂလိကအဖွဲ့အစည်းများအား အာမခံလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပေးသည့်ကာလ နောက်ပိုင်းဈေးကွက်ဝေစုအများဆုံးဖြင့် ပြည်သူများ၏ အာမခံလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို အကောင်းဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်း၊ ဈေးကွက်ဝေစုပမာဏသာမက အာမခံလျော်ကြေးငွေများကို လျင်မြန်စွာ ထုတ်ပေးနိုင်ခြင်းအပါအဝင် အရည်အသွေးကောင်းမွန်သည့် ဝန်ဆောင်မှုများစွာပေးအပ်နိုင်ခဲ့ကြောင်း၊ ယင်းကဲ့သို့ စံထားလောက်သော အရည်အသွေးများ၊ ဝန်ဆောင်မှုများနှင့် နည်းပညာအသုံးချဆောင်ရွက်မှု ကောင်းမွန်ခြင်းများကြောင့် ယခုကဲ့သို့ ဆုချီးမြှင့်ရခြင်းဖြစ်ကြောင်း BID မှထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

IKBZ အာမခံကုမ္ပဏီသည် ၂၀၁၅ ခုနှစ် နှင့် ၂၀၁၆ ခုနှစ်များအတွက် World Finance အဖွဲ့အစည်းမှ ချီးမြှင့်သော အကောင်းဆုံး အသက်အာမခံလုပ်ငန်းဆုနှင့် အကောင်းဆုံး အထွေထွေအာမခံလုပ်ငန်းဆုများကို နှစ်နှစ်ဆက်ရရှိထားပြီး ဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး - မြန်မာစာ**

## ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေသခံများနှင့်တွေ့ဆုံ

**ဟိုင်းကြီးကျွန်း ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးရုံး၌ ဇွန် ၈ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်က ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတင်စော၊ ငပုတောမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဒုတိယဥက္ကဋ္ဌ ဦးတင့်လွင်တို့အဖွဲ့သည် အမှတ်(၃)ရပ်ကွက်သို့ ရောက်ရှိပြီး အမှတ်(၁)၊ (၂)၊ (၃)ရပ်ကွက်နှင့် ကျောက်ချောင်းကျေးရွာ၊ ကံချိုင်ကျေးရွာတို့ရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဒုတိယဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်ပြောကြားခဲ့ပြီး ဒေသခံများသိလိုသည်များကို ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ပြန်လည်ဖြေကြားပေးခဲ့သည်။ အခမ်းအနားသို့ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူ ၉၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## အကျိုးတူပူးပေါင်းမည့် တောင်သူများအား မျိုးစေ့များပေးအပ်

**နေပြည်တော် ဇွန် ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ၂၀၁၇-၂၀၁၈ မိုးရာသီတွင် မိုးစပါး ၁၁၇၂၀ ဧက စိုက်ပျိုးရာ လျာထားသတ်မှတ်ဆောင်ရွက်လျက်ရှိရာ တောင်သူအစုအဖွဲ့များနှင့် မျိုးသန့်၊ မျိုးပွား၊ မျိုးစေ့ထုတ်လုပ်သည့်အပြင် ကုမ္ပဏီများဖြင့် Contract Farming မျိုးသန့်၊ မျိုးပွား၊ မျိုးစေ့များ ထုတ်လုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပုဗ္ဗသီရိမြို့နယ် ကိုးရွာသပြေကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၈ ရက်က စိုက်ပျိုးရေးဦးစီးဌာန ဥတ္တရခရိုင် ဦးစီးမှူး ဦးကျော်ကျော်ဦး၊ မြို့နယ်ဦးစီးမှူး ဦးသန်းကို၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့် New Ayar ကုမ္ပဏီမှ ဦးမြကြိုင်တို့က အကျိုးတူပူးပေါင်းလုပ်ကိုင်မည့် တောင်သူများအား ရေမင်းမျိုးစပါး၊ မျိုးစေ့များနှင့် ပံ့ပိုးပစ္စည်းများ ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

ပုဗ္ဗသီရိမြို့နယ် ယခုနှစ် မိုးစပါးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်၍ New Ayar ကုမ္ပဏီနှင့် တောင်သူအကျိုးတူ ပူးပေါင်း၍ ရေမင်း မျိုးသန့်မျိုးစေ့ ထုတ်လုပ်ခြင်းအား ဧက ၅၀ ပူးပေါင်းထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



## မောင်တောမြို့နယ်၌ ပုစွန်ကန်အစောင့်တစ်ဦးအား လူ ၂၅ ဦး ခန့်က ဖမ်းဆီးခေါ်ဆောင်သွား

**နေပြည်တော် ဇွန် ၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် သလူးချောင်းကျေးရွာ ပုစွန်ကန်အစောင့်တစ်ဦးအား ဇွန် ၅ ရက် ညပိုင်းက မျက်နှာဖုံးစွပ် လူ ၂၅ ဦးခန့်က ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

မောင်တောမြို့နယ် (၂)ရပ်ကွက်မှ အီဘရာဟင်းအပါအဝင် လေးဦးသည် သလူးချောင်းကျေးရွာတောင်ဘက်ရှိ ပုစွန်ကန်အား ညစောင့်အိပ်စဉ် ဇွန် ၅ ရက် ည ၉ နာရီခန့်က မင်္ဂလာကြီးချောင်းအတိုင်း လောင်းလှေနှစ်စင်းဖြင့် မျက်နှာဖုံးစွပ် လူ ၂၅ ဦးခန့် ရောက်ရှိလာပြီး အီဘရာဟင်းအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။ အဆိုပါအဖွဲ့သည် တဲ၌ရှိနေသည့် ဂေါင်ညာကျေးရွာနေ နူကာမာအပါအဝင် သုံးဦးအား လက်ပြန်ကြိုးတုပ်ပြီး ရိုက်နှက်ခဲ့သောကြောင့် ၎င်းတို့မှာ သတိလစ်နေခဲ့ရာမှ ဇွန် ၇ ရက် မွန်းလွဲပိုင်းတွင် နူကာမာက ရွက်ညိုတောင် ရဲကင်းစခန်းသို့ ဖြစ်စဉ်အား လာရောက်အကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဇွန် ၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် မွန်-တနင်္သာရီကမ်းရိုးတန်းတို့တွင် ခြောက်ပေမှ ၁၀ ပေခန့်၊ ရခိုင်ကမ်းရိုးတန်းတွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ **(မိုး/ဇလ)**

# ကြွက်ဝမ်းဖြူများဝင်ရောက်မှုနှင့်ပတ်သက်၍ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေး



**ဟိုင်းကြီးကျွန်း ဇွန် ၈**

ရေဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ကျေးရွာများတွင် လတ်တလောဖြစ်ပေါ်လျက်ရှိသော ကြွက်ဝမ်းဖြူများဝင်ရောက်မှုနှင့်ပတ်သက်၍ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေးပွဲများကို ဇွန် ၇ ရက်က အဆိုပါကျေးရွာများ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့ ကံချိုင်ကျေးရွာအုပ်စု ကံချိုင်ကျေးရွာတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ချို၊ တိုင်းလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုး၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာရဲလင်းအောင်၊ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာသန်းနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာစိုးမြင့်အောင်၊ မြို့နယ်လမ်းဦးစီးဌာန မြို့နယ်အင်ဂျင်နီယာ ဦးအေးချိုနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ခင်မောင်ကြည်တို့သည် တိုင်းဒေသကြီး စိုက်ပျိုးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆောင်သည့် အဖွဲ့နှင့်အတူ ဒေသခံများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ကံချိုင်ကျေးရွာ သုခိတာရာမ ဘုန်းကြီးကျောင်း၌ နံနက် ၁၁ နာရီ မိနစ် ၄၀ က ပြုလုပ်ခဲ့ကြောင်း သိရသည်။ (ယာပုံ)

အဆိုပါအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ကျော်က ကြွက်မျိုးပွားနှုန်းအကြောင်း ရှင်းလင်းဆွေးနွေးကာ အခြားဌာနဆိုင်ရာများမှလည်း ကြွက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ အခမ်းအနားကို ဒေသခံ ပြည်သူ ၁၀၀ ခန့် တက်ရောက်ခဲ့ပြီး ဒေသခံများ၏ မေးမြန်းမှုများကို ဌာနဆိုင်ရာများက ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းသီးနှံကာကွယ်ရေး တာဝန်ခံ ဦးဝင်းစိုး ဦးဆောင်သည့် အဖွဲ့သည် ဇွန် ၇ ရက်က သံကြိုးလမ်းကျေးရွာ ဓမ္မဝိဇရာမကျောင်းတိုက်တွင် ဒေသခံပြည်သူများနှင့် ဆွေးနွေးပွဲကို မွန်းလွဲ ၂ နာရီကျော်က ပြုလုပ်ခဲ့ရာ ဒေသခံ ပြည်သူ ၁၈၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဌာနဆိုင်ရာများမှ လတ်တလော ဖြစ်ပေါ်လျက်ရှိသည့် ကြွက်ဝမ်းဖြူများ ဝင်ရောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲကို ညနေ ၄ နာရီတွင် ရပ်နားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦးဆောင်သော အဖွဲ့သည် ဇွန် ၇ ရက်က ဇီးချိုင်ကျေးရွာအုပ်စု ဇီးချိုင်ကျေးရွာ ကျောင်းသစ်ဘုန်းကြီးကျောင်းတွင် ဒေသခံ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို မွန်းလွဲ ၂ နာရီကျော်က ပြုလုပ်ခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး အခြားဌာနဆိုင်ရာများမှလည်း ကြွက်များအကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒေသခံပြည်သူ ၇၅ ဦး တက်ရောက်ခဲ့ပြီး ဒေသခံများ သိရှိလိုသည်များအပေါ် ပြန်လည်ရှင်းလင်းမှုများ ပြုလုပ်ပေးခဲ့ကြောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အခြားဌာနဆိုင်ရာများမှ ကြွက်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ရန် နေလုံးနီပရဟိတအသင်းသို့ အလှူငွေကျပ် ၁၁၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာန၏ဆွေးနွေးချက်များအရ လွန်ခဲ့သောငါးလခန့်က သစ်တောများအတွင်း ဝါးသီးများသီးခဲ့ပြီး အဆိုပါဝါးသီးများကို စားသောက်ခဲ့သော ကြွက်များသည် ဟော်မုန်းဓာတ်မြင့်မားစွာပါဝင်သည့် ဝါးသီးများကို စားသောက်မိရာက မျိုးပွားနှုန်းမြင့်မားလာပြီး ကြွက်ကောင်ရေတိုးပွားလာခြင်းဖြစ်ကြောင်း၊ အစားအသောက်ရှားပါးမှုများကြောင့် ကြွက်များမှာနေရပ်စွန့်ခွာ၍ အစုလိုက်အပြုံလိုက် ပြောင်းရွှေ့လာခြင်းဖြစ်ကြောင်း၊ ကြွက်များကို ဖိုက်ခွဲစမ်းသပ်ကြည့်ရာတွင် ဖာလာပင်၊ တညင်းသီးတို့ကို စားသောက်ထားရှိမှုကို တွေ့ရှိရကြောင်း၊ ဒေသခံများစိုးရိမ်နေကြသော ရောဂါပိုးနှင့် ပတ်သက်၍ ကြွက်၏(သန်း)ကို ဓာတ်ပုံရိုက်ယူပြီး ပညာရှင်နှင့်ပြသ ကြည့်ရာတွင် ပုလိပ်ရောဂါပိုးသယ်ဆောင်သည့်(သန်း) မဟုတ်ကြောင်းနှင့် စိုက်ပျိုးရာသီမတိုင်မီ လူထုလှုပ်ရှားမှုတစ်ရပ်အနေဖြင့် ကြွက်များကို နှိမ်နင်းသင့်ကြောင်း သိရသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကြွက်နှင့်ပတ်သက်၍ရောဂါရှိ၊ မရှိ သိနိုင်ရန် စမ်းသပ်နေဆဲဖြစ်ကြောင်း၊ ကြွက်များပုံမှန်သွားလာနေစဉ် ပြုတ်ကျသေဆုံးခြင်းများမကြာခဏဖြစ်ပေါ်လာမည်ဆိုပါက ရောဂါပိုးရှိနိုင်သည့် အခြေအနေတစ်ခုဖြစ်နိုင်ကြောင်း၊ ထိုကဲ့သို့ဖြစ်စဉ်များရှိလာပါက နီးစပ်ရာကျန်းမာရေး ဌာနကိုအမြန်အကြောင်းကြားရန် လိုကြောင်းနှင့် ကြွက်တွေ့ရှိသောကျေးရွာများမှ ပြည်သူများ၏ ကျန်းမာရေး အခြေအနေများကို စောင့်ကြည့်စစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ကြွက်နှင့်ပတ်သက်ပြီး ရောဂါပိုးပါရှိမှု အခြေအနေကို စမ်းသပ်ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရှိရသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနအနေဖြင့် သဘာဝဘေးလက္ခဏာမျိုး ဖြစ်ပါက ကုန်းနေ၊ ရေနေသတ္တဝါအားလုံးက လက္ခဏာပြမည့်သဘာဝရှိကြောင်း၊ သဘာဝဘေးနှင့်ပတ်သက်၍ စိုးရိမ်စရာမရှိကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင် နေရာအနှံ့ ရှိနေပြီဖြစ်သောကြောင့် သဘာဝဘေးအခြေအနေကို လူတိုင်း လက်လှမ်းမီစွာသိရှိနိုင်ပြီဖြစ်၍ သတိရှိနေရန် လိုအပ်ကြောင်း ဒေသခံပြည်သူများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## မိုးကောင်း- ဖားကန့်လမ်းယာဉ်ပြေးဆွဲမှု(KIA/KIO)က အချိန်ကန့်သတ်

**မြစ်ကြီးနား ဇွန် ၈**

ကချင်ပြည်နယ် မိုးကောင်း-ဖားကန့်လမ်းပိုင်းအား (KIA/KIO)မှ ယာဉ်ပြေးဆွဲမှု အချိန်သတ်မှတ်လိုက်ကြောင်း (KIA/KIO) အမှတ်(၆)တပ်ရင်း၏ ဇွန် ၇ ရက် ရက်စွဲပါ ထုတ်ပြန်ချက်အရ သိရသည်။

ထုတ်ပြန်ချက်တွင် မိုးကောင်း-ကာမိုင်းလမ်း ၊ လဝါး-ကာမိုင်းလမ်း၊ ကာမိုင်း - ဖားကန့်လမ်းပိုင်း ၊ ဝေ့ခါး - ဖားကန့်လမ်းပိုင်းတို့ကို နံနက် ၆ နာရီမှ ညနေ ၇ နာရီအတွင်းသာ သွားလာရန် အချိန်ကန့်သတ်ထားရှိကြောင်း ပါဝင်သည်။

သတ်မှတ်အချိန်အတွင်း ခရီးသွားလာခြင်းကြောင့် ယာဉ်မောင်းသူများအနေဖြင့် ဖြစ်ပေါ်လာသည့်ကိစ္စရပ်များကိုမဆို မိမိတို့တပ်ရင်း(၆)မှ တာဝန်ခံမည်မဟုတ်ကြောင်း ယာဉ်ပြေးဆွဲမှုအချိန်များကို ဇွန် ၁၀ ရက်ကစပြီး ခရီးသွားလာခြင်းကို ကန့်သတ်လိုက်ကြောင်း ထုတ်ပြန်ချက်တွင်းပါရှိသည်။

"ကျွန်တော်တို့အမြင်ကတော့ တပ်မတော်ကနေနယ်မြေရှင်းလင်းရေးဆောင်ရွက်မှာကို သိရတော့ KIO/KIA အနေနဲ့ သူတို့လည်း ဒီလိုလုပ်ဆောင်နိုင်တာကို ပြချင်တယ်လို့ မြင်တယ်။ ဒီ အချိန်ကန့်သတ်လိုက်တာကလည်း သိပ်တော့ မထူးဆန်းဘူး။ ယခင်ကလည်း ပြေးဆွဲတဲ့ယာဉ်တွေဟာ ကန့်သတ်ထားတဲ့အချိန်နောက်ပိုင်း ပြေးဆွဲနေတာမရှိဘူး" ဟု ရှမ်းမျိုးနွယ်စုရေးရာအဖွဲ့(မြန်ပြည်မြောက်ပိုင်း)အတွင်းရေးမှူး ဦးစိုင်းထွန်းရင်က ပြောသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

**ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ။**

## စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ရွှေကဇောင်းကျေးရွာ လူနေအိမ်များစွာရွှေ့ပြောင်းရ

**ရေတာရှည် ဇွန် ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့အရှေ့ဘက် ငါးမိုင်ခန့်အကွာရှိ ရွှေကဇောင်းကျေးရွာသည် နှစ်စဉ်စစ်တောင်းမြစ်ရေတိုက်စားခဲ့ပြီး ကမ်းပါးများ ဆက်တိုက်ပြိုကျနေမှုကြောင့် မြစ်ရေတားသည့်တမံမြောက်ဘက်ခြမ်းမှ လူနေအိမ်ပေါင်း ၆၀ ကျော်ရွှေ့ပြောင်းခဲ့ကြရကြောင်း သိရသည်။ လက်ရှိကျန်ရှိနေသေးသည့် နေအိမ်အချို့မှာ မြေနေရာအခက်အခဲကြောင့် ကျန်ရှိနေခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

"အခုဒီနှစ်ပိုင်းမှာ လူနေအိမ်ငါးလုံးထပ်ရွှေ့ရတယ်။ မရွှေ့လို့လည်းမရတော့ဘူး။ မြစ်တားတမံနားရောက်လာပြီး မြစ်ကြောင်း ထိန်းသိမ်းရေးအဖွဲ့တွေတော့ လာပြီးတိုင်းတာသွားတာ ရှိပေမယ့် အခုချိန်အထိ ဘာမှဆောင်ရွက်တာမရှိသေးဘူး"ဟု ရွှေကဇောင်းကျေးရွာရပ်မိရပ်ဖတစ်ဦးက ပြောသည်။

ရွှေ့ပြောင်းခဲ့ကြသော လူနေအိမ်များမှာ ကျေးရွာအရှေ့ဘက် သုသာန်တောင်ဘက်ကွက်သစ်ရှိ လယ်မြေများအား ဈေးအလိုက် ဒေသပေါက်ဈေးဖြင့် ဝယ်ယူကာရွှေ့ပြောင်းနေထိုင်ကြရခြင်းဖြစ်ပြီး မည်သည့်အဖွဲ့အစည်းများမှ အကူအညီမရရှိခဲ့ကြောင်း ၎င်းကပင် ဆက်လက်ပြောကြားသည်။ မိုးရာသီကာလရောက်တိုင်း မြစ်ရေမြင့်တက်ချိန်တွင် ကမ်းပါးများ ပြိုကျလေ့မရှိသော်လည်း မြစ်ရေပြန်လည်ကျဆင်းသွားပါက ကမ်းပါးပြိုကျမှုမှာ အလွန်ဆိုးရွားကြောင်း မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ အလျင်အမြန်ဆောင်ရွက်နိုင်ခြင်းမရှိပါက ယခုနှစ်မိုးရာသီကာလ၌ပင် မြစ်တားတမံအနီးသို့ ရောက်ရှိနိုင်ကြောင်း ဒေသခံများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ရေပူနှင့် မရမ်းချောင်စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဇွန် ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၇ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅၄ စီး၊ သွင်းကုန် ၅၈၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇ စီး၊ သွင်းကုန် ၁၈၇ စီး၊ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၇ ရက်က အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၃ ဒသမ ၅၅ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၁ မှု ခန့်မှန်းတန်းဖိုးငွေကျပ် ၃၅ ဒသမ ၉၇၀၅ သန်းခန့် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၃၉ ဒသမ ၅၂၀၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၇ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၁၉၇ မိုင်၊ ၆ ဖာလုံအနီးနှင့် မိုင်တိုင်အမှတ် ၂၀၄ မိုင် ၊ ၂ ဖာလုံအနီးတို့၌ Toyota Alphard နှင့် Toyota Mark X ယာဉ်တို့အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ သတင်းရရှိ၍ စစ်ဆေးရန်တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံတားဆီးပြီး ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းသို့ ခေါ်ဆောင်စစ်ဆေးခဲ့ရာ ယာဉ်၏ထိုင်ခုံအောက်တွင် အံဝှက်များပြုလုပ်၍ လည်းကောင်း၊ ယာဉ်ရှေ့နောက်ထိုင်ခုံနှင့် ယာဉ်နောက်ဖုံးအတွင်း၌ လည်းကောင်း သိဝှက်သယ်ဆောင်လာသော



သိဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံးအရွယ်အစားမျိုးစုံ

ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံးအရွယ်အစား မျိုးစုံ စုစုပေါင်း ၃၉၅ တုံး (၁၈၇၁)ဂရမ် သယ်ဆောင်သည့်ယာဉ် နှစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၃ ဒသမ ၅၅ သန်းခန့်အား တွေ့ရှိ၍ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့လက်ရွေးစင် ကရာတေးဒို အားကစားသမားများ လက်ရည်စစ်ပြိုင်ပွဲ မန္တလေးမြို့၌ ကျင်းပမည်

**မန္တလေး ဇွန် ၈**

မလေးရှားနိုင်ငံတွင် ဩဂုတ်လ၌ ကျင်းပမည့် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်အောင်ပွဲခံယူမည့် မြန်မာ့လက်ရွေးစင် ကရာတေးဒိုအားကစားသမားများသည် Outlet Camp အဖြစ် မန္တလေးမြို့သို့ရောက်ရှိ၍ ၅၈ လမ်း၊ ၂၅ လမ်း × ၂၆လမ်းကြားရှိ JKA Mandalay T.T Karatae Club ၌ ယနေ့ညနေပိုင်းက ပူးတွဲလေ့ကျင့်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ကရာတေးဒို လက်ရွေးစင် အားကစားသမားများသည် ဇွန် ၁၀ ရက် စနေနေ့ နံနက် ၉ နာရီတွင် ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်းရှိ လက်ဝှေ့အားကစားခန်းမရုံသစ်၌ Tri Match ပွဲကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ကရာတေးဒို အားကစားဝါသနာရှင်များအနေဖြင့် လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း တိုင်းဒေသကြီး ကရာတေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ထံမှ သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**



# မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူကလပ်အသင်း ယနေ့ ခြေစမ်းမည်

**ရန်ကုန် ဇွန် ၈**

အာရှဖလားခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် စင်ကာပူနိုင်ငံ၌ လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန် ၉ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် Jurong East ကွင်း၌ စင်ကာပူကလပ် နီဂါတာအသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မကာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် အာရှဖလားခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်သည့်အနေဖြင့် စင်ကာပူနိုင်ငံ၌ ဇွန် ၄ ရက်မှစ၍ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး ဇွန် ၆ ရက်၌ စင်ကာပူလက်ရွေးစင်အသင်းနှင့် ကွင်းပိတ်ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုးစီ သရေကျခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းပွဲ၏ ပွဲထွက်လူစာရင်း၌ ဝါရင့်ကစားသမားများကို ဦးစားပေးပွဲထုတ်ခဲ့ပြီး ယခုပွဲတွင် လူငယ်ကစားသမားများကို ပြောင်းလဲအသုံးပြုသွားဖွယ်ရှိနေသည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည့် စင်ကာပူကလပ် အယ်လ်ဘီရပ်နီဂါတာအသင်းသည် ဂျပန်ကစားသမားများဖြင့် ဖွဲ့စည်းထားသည့်အသင်းဖြစ်ပြီး လက်ရှိ ၂၀၁၇ ရာသီ စင်ကာပူလိဂ်ပြိုင်ပွဲတွင် ရှုံးပွဲမရှိသေးဘဲ ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ နီဂါတာအသင်းသည် စင်ကာပူဖလားပြိုင်ပွဲနှင့် စင်ကာပူလိဂ်ဖလားပြိုင်ပွဲတို့၌ နှစ်နှစ်ဆက်တိုက် ပြိုင်ပွဲနှစ်ခုစလုံး ဗိုလ်စွဲထားသည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် နီဂါတာအသင်းတို့၏ ခြေစမ်းပွဲကို ဝင်ကြေးအခမဲ့ သတ်မှတ်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မကာအိုအသင်းနှင့် ခြေစစ်ပွဲ ယှဉ်ပြိုင်ရန် ဇွန် ၁၁ ရက်၌ မကာအိုသို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ရဲရင့်ရှိုင်း**

❍ *ကျောဖုံးမှ*

အင်ဒိုနီးရှားကလပ် ပါမာတာအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စု(ခ)၌ ဩစတြေးလျကလပ် East Coast Heat အသင်း၊ ဗီယက်နမ်ကလပ် ဆာနာခန်ဟွာအသင်း၊ မလေးရှားကလပ် မီလာခါအသင်း၊ လာအိုကလပ် ဗီယန်ကျင်းမြို့တော်အသင်းတို့ ပါဝင်နေသည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင် အမျိုးသမီးပြိုင်ပွဲ ထည့်သွင်းကျင်းပမည် မဟုတ်ဘဲ အမျိုးသားပြိုင်ပွဲ တစ်ခုတည်းသာ ကျင်းပမည်ဖြစ်သည်။ မြန်မာကလပ်အသင်းများသည် ယင်းပြိုင်ပွဲစတင်သည့် ၂၀၁၅ ခုနှစ်ကတည်းက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နှစ်ကြိမ်စလုံး ယှဉ်ပြိုင်ခွင့်ရခဲ့သည့် MIC အသင်းသည် ယခုနှစ် ဖူဆယ်လိဂ်ပြိုင်ပွဲ၌ ဒုတိယနေရာသာရသောကြောင့် သုံးနှစ်ဆက် ယှဉ်ပြိုင်ခွင့်ရမည့်အခွင့်အရေး လွဲချော်ခဲ့ခြင်းဖြစ်သည်။ အာဆီယံဖူဆယ် ကလပ်ပြိုင်ပွဲ၏ အမျိုးသားပြိုင်ပွဲ၌ ထိုင်းဆိပ်ကမ်းအသင်းက နှစ်ကြိမ်ဆက်တိုက် ဗိုလ်စွဲထားပြီး ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရမည့် PU အသင်းမှာ လက်ရှိချန်ပီယံအသင်းနှင့် တစ်အုပ်စုတည်း ကျရောက်နေသောကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် ရုန်းကန်ရဖွယ်ရှိနေသည်။ မြန်မာကလပ် PU အသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၃ ရက်၌ Shah United (ဘရူနိုင်း)၊ ဇူလိုင် ၄ ရက်၌ ထိုင်းဆိပ်ကမ်း(ထိုင်း)၊ ဇူလိုင် ၅ ရက်၌ ပါမာတာ (အင်ဒိုနီးရှား)အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

PU အသင်းသည် ၂၀၁၇ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲ၌ တစ်ရာသီလုံး ရှုံးပွဲမရှိဘဲ နှစ်ကြိမ်ဆက်ချန်ပီယံ MIC အသင်းကို ကျော်ဖြတ်ကာ ရမှတ် ၅၀ ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ PU အသင်းသည် ချန်ပီယံဆုဖလားအပြင် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုကို ပြည့်ဖြိုးမောင်က ဆွတ်ခူးရရှိခဲ့သည်။

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ




- မန်ချက်စတာစီးတီးအသင်းသည် ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းမှ ဘရာဇီး ဂိုးသမား အီဒါဆင်ကို ယူရိုသန်း ၄၀ ဖြင့် ငါးနှစ်ခေါ်ယူစာချုပ်နိုင်ခဲ့ကြောင်း သတင်းများ၌ ဖော်ပြထားသည်။ ပေါ်တူဂီချန်ပီယံ ဘင်ဖီကာအသင်းသည် အသက် ၂၃ နှစ်အရွယ် အဆိုပါ ဂိုးသမားကို မန်စီးတီးသို့ ရောင်းချရန် သဘောတူညီပြီးနောက် တစ်ပတ်အကြာ ဇွန် ၈ ရက် (ကြာသပတေးနေ့)၌ မန်စီးတီးအသင်းက ပြောင်းရွှေ့မှုပြီးမြောက်ကြောင်း အတည်ပြုချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။
- လာဇီယိုအသင်းသည် နည်းပြ ဆီမွန်နီအင်ဇာဂီကို သက်တမ်းတိုးစာချုပ်လိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ကြောင့် အသက် ၄၁ နှစ်အရွယ် အဆိုပါ နည်းပြသည် လာဇီယိုအသင်းနှင့်အတူ နောက်ထပ် သုံးရာသီဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။
- မိုနာကိုအသင်းသည် နည်းပြ ဂျာဒင်ကို သုံးနှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ အသက် ၄၂ နှစ်အရွယ် ဂျာဒင်သည် မိုနာကိုအသင်းကို ပြင်သစ်လီဂူးဝမ်းချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ချန်ပီယံလိဂ်တွင်လည်း ဆီမီးဖိုင်နယ်သို့ရောက်ရှိအောင် စွမ်းဆောင်ပေးထားနိုင်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- ဗီလာရီးရဲအသင်းသည် ပေါ်တူဂီကလပ် စပို့တင်းစီပီအသင်းမှ ဗဟိုနောက်ခံကစားသမား ဆီမီဒိုကို ပြောင်းရွှေ့ကြေး ယူရို ၁၄ သန်းဖြင့် ငါးနှစ်စာချုပ်လိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။
- ကိုလံဘီယာတိုက်စစ်မှူး ဖယ်လ်ကာအိုသည် ဇွန် ၇ ရက်၌ ချစ်ကြည်ရေးပွဲစဉ်အဖြစ် စပိန်အသင်းနှင့် နှစ်ဂိုးစီ သရေကျခဲ့သောပွဲတွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ၆၅ ပွဲတွင် ၂၆ ဂိုးဖြင့် ကိုလံဘီယာအသင်း၏ ဂိုးသွင်းအများဆုံး ဖြစ်လာကြောင်း သိရသည်။

**ဇော်ဇော်**

### တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန
### ဧရာဝတီတိုင်းဒေသကြီး-ပုသိမ်မြို့
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း) အသုံးစရိတ်ရန်ပုံငွေဖြင့် တိုင်းဒေသကြီးအတွင်းရှိမြို့နယ်များတွင် အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ ကျုံပျော်မြို့နယ်(က)အဆင့် အားကစားရုံအသစ်တည်ဆောက်ခြင်း (၁၂၀×၉၀)ပေ။

၂။ ရေကြည်မြို့နယ် အားကစားကွင်းအဆင့်မြှင့်တင်တည်ဆောက်ခြင်းနှင့် ပွဲကြည့်စင်တည်ဆောက်ခြင်း။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၂-၆-၂၀၁၇ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၃-၆-၂၀၁၇ရက် ညနေ ၄း၃၀နာရီ

တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဧရာဝတီတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန**
**ကိုးသိန်းအားကစားကွင်း၊ ပုသိမ်မြို့။**
**ဖုန်း-၀၄၂-၂၄၃၀၂**

### ကုမ္ပဏီနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းပျောက်ဆုံးကြောင်းလျှောက်ထားခြင်း

Myanmar Culture Valley (ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်) အမှတ် ဘီ ၁၈၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသည့် Legacy Myanmar Services Company Limited (Managing Director is Mr.Wan Chotikavan)၏ ကုမ္ပဏီနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများပျောက်ဆုံးသွားပါသဖြင့် Directorate of Investment and Company Administration (DICA) ရုံးတွင် မိတ္တူပြန်လည်ထုတ်ယူခွင့်အတွက် အသိပေးကြေညာအပ်ပါသည်။

**Legacy Myanmar Services Company Limited**
**ရန်ကုန်မြို့**

### ရေယာဉ်လိုင်စင်နှင့် လုပ်ငန်းလိုင်စင်ပျောက်ဆုံးကြောင်း ကြော်ငြာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ကွယ်လွယ်၊ မြစန္ဒာရပ်ကွက်နေ ဦးသောင်းဝင်း ပိုင်ဆိုင်သော မြသန်းဝင်းရေယာဉ်လိုင်စင် ရညန/ရော ၅၉၄ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ ဆက်သွယ်အကြောင်းကြားပါရန်။

**ဦးသောင်းဝင်း**
**ဖုန်း-၀၉-၂၅၀၂၃၂၆၆၉**
**ကွယ်လွယ်၊ မြစန္ဒာရပ်ကွက်၊ မြောင်းမြမြို့**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မကွေးမြို့နှင့် ပခုက္ကူမြို့တွင် အသုံးပြုရန်အတွက် အောက်ပါမော်တော်ယာဉ်၊ အရည်အသွေးတိုင်းတာရေးကိရိယာများ၊ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Hilux Double Cub 2012 (၁)စီး
(ခ) ဓာတ်ရောင်ခြည်၊ အပူ၊ အခိုးအငွေ့၊ ဆူညံမှု၊ လေထုနှင့်ရေထုအရည်အသွေး တိုင်းတာရေးကိရိယာများနှင့် ဆက်စပ်ပစ္စည်းများ။
(ဂ) စက်ကိရိယာများ- Digital Camera, Projector, Tripod, Aircom, Ceiling Fan, Generator, Back Lawn Mower
(ဃ) ရုံးသုံးစက်ကိရိယာများ- Laptop Computer, Desktop Computer, Copier, TV 32", Colour Printer, Printer(B/W),Fax, Scanner, Binding Machine, Heavy Duty Stapler
(င) ရုံးသုံးပရိဘောဂများ- Officer Table, Armchair, Plastic Armchair, Iron closet, Computer Table, Computer Chair, File Stand, Settee Table and Chair, Small table, Savebox, Speker Stand
(စ) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၀-၇-၂၀၁၇ရက်
(ဆ) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁၄-၇-၂၀၁၇ရက်
(ဇ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စီမံဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး
(ဈ) **တင်ဒါပုံစံပိတ်ရက်** - ၁၈-၇-၂၀၁၇ရက်
(ည) **တင်ဒါဖွင့်လှစ်မည့်ရက်** - ၂၀-၇-၂၀၁၇ရက်

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင်ငွေ(၁၀၀၀၀ိ/-) (ကျပ်တစ်သောင်းတိတိ/ -)ဖြင့် ရုံးချိန်အတွင်း တင်ဒါရောင်းချမည့်နေရာတွင် လာရောက်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မကွေး တိုင်းဒေသကြီးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၃-၂၈၇၀၀၊ ၀၆၃-၂၈၆၇၆တို့သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ရှားတောရွာ၊ အမှတ်(၁၄၄)၊ မြင်းခြံ-ညောင်ဦး လမ်းရှိ $OK^2$ သောက်ရေသန့်လုပ်ငန်းအတွက် မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့၊ ဗဟိုအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးကော်မတီမှ ထုတ်ပေးထားသော အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်အမှတ် စ ၁/၁၄၇၁၂/ထလ လက်မှတ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးအပ်စေလိုပါသည်။ ကျေးဇူးဆပ်ပါမည်။

**ဒေါ်သန္တာဦး**

### အမြန်ပြန်လာပါ

သမီးမအိအိဟန် [၁၂/ဥကတ (နိုင်)၁၆၁၈၀၇] ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။ မိဘများ စိတ်ပူနေသည်။ လက်ခံသွေးဆောင်ဖျားယောင်းထားသူများအား ဥပဒေအရအရေးယူမည်။

**ဦးဟန်ရွှေ-ဒေါ်သန်းရှိန်**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၂) မုံရွာ မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် တမူး-အောင်ဇေယျ-ကက်သာ-ဟုမ္မလင်းလမ်းပေါ်၌ တာဝန်ယူ တည်ဆောက်မည့် ချင်းတွင်းတံတား(ဟုမ္မလင်း)တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းခွင်အရောက်ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | မှတ်ချက် |
|---|---|---|---|
| (က) | ဘိလပ်မြေ | တန် | |
| (ခ) | သံချောင်းရှယ်စုံ | တန် | |
| (ဂ) | တောသစ် | တန် | |
| (ဃ) | မြစ်ကျောက်စရစ် | ကျင်း | |
| (င) | မြစ်သဲ | ကျင်း | |
| (စ) | 5ply wood(8'x4')x6mm | sht | |
| (ဆ) | Admixture(404) | lit | |

၂။ ဝယ်ယူလိုသည့် ပစ္စည်းများ၏ အရည်အသွေးအသေးစိတ်သတ်မှတ်ချက် စာရင်း Specification အရေအတွက်နှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၂)၊ မုံရွာမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၇-၆-၂၀၁၇ရက် မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၁-၆-၂၀၁၇ရက် ညနေ၄ နာရီတိတိ
(ခ) **တင်ဒါဖွင့်မည့်ရက်** - ၂၂-၆-၂၀၁၇ရက် မွန်းလွဲ ၁ နာရီတိတိ
(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ချင်းတွင်းတံတား(ဟုမ္မလင်း) စီမံကိန်းရှင်း လင်းဆောင်၊ ဟုမ္မလင်းမြို့
(ဃ) **တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၂)၊ မုံရွာမြို့ ဖုန်း-၀၉-၅၄၀၇၃၇၁၊ ၀၉-၄၀၀၅၀၄၇၀၀

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၂)၊ မုံရွာမြို့**

### စစ်ကိုင်းတိုင်းဒေသကြီး
### နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့
### လဟယ်မြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဆောင်ရွက်မည့် ကျောက်လမ်း(၁)လမ်း (၀/၃)မိုင်၊ မြေသားလမ်း(၅)ခု၊ ၂၄.၂ မိုင်နှင့် စိမ့်စမ်းရေသွယ်ယူခြင်း (၃)ခုလုပ်ငန်းတို့အား ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကိုနာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးတွင်ရယူ၍ အောက်ပါအစီအစဉ်အတိုင်း တင်ဒါလျှောက်လွှာများကို ရယူတင်သွင်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာများရယူမည့်ရက်** - ၆-၆-၂၀၁၇ မှ ၆-၇-၂၀၁၇
(ခ) **တင်ဒါတင်သွင်းရမည့်ရက်** - ၇-၇-၂၀၁၇
(ဂ) **တင်ဒါတင်သွင်းရမည့်အချိန်** - ညနေ ၁၆း၀၀ နာရီ

၂။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံး၊ ဖုန်း-၀၉-၄၇၀၈၈၀၀၄၊၀၉-၂၅၈၉၄၀၂၂၇ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

### ဖခင်အမည်မှန်

သန်လျင်မြို့ အထက(၁)နဝမတန်း(C)မှ မဖူးပွင့်ပွင့်စံ ကျောင်းဝင်အမှတ် ၃၈/၁၅၏ ဖခင်အမည်မှန်မှာ ဦးသိန်း ဖြစ်ပါကြောင်း။

**ဦးသိန်း**

### အမည်မှန်

ဦးအောင်ဝင်းမြင့်၏သား မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ကိုးတောင်ကျေးရွာ (အထက)တက္ကသိုလ်ဝင်တန်းမှ မောင်သူရိန်လင်း၏ အမည်မှန်မှာ မောင်သိန်းစိုးလင်း ဖြစ်ပါကြောင်း။

**မောင်သိန်းစိုးလင်း**

### အမည်ပြောင်း

ဦးတင်တိုး၏သား မြောင်းမြမြို့၊ အထက(၁)သတ္တမတန်း(စံပယ်ခန်း)မှ မောင်စွမ်းထက်စံအား မောင်စွမ်းထက်နောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်စွမ်းထက်နောင်**

### အမည်ပြောင်း

ဦးဇော်မျိုးထွန်း၏သမီး မြောင်းမြမြို့၊ အထက(၁)နဝမတန်း (ပိတောက်)ခန်းမှ မအေးမြတ်မွန်အား မအိမ့်ဖြိုးပြည့်ဟု ပြောင်းလဲခေါ်ပါရန်။

**မအိမ့်ဖြိုးပြည့်**

### ဖခင်အမည်မှန်

နွားထိုးကြီးမြို့နယ်၊ ရွာကြီးအခြေခံပညာအထက်တန်းကျောင်း၊ အဋ္ဌမတန်းတွင် ပညာသင်ကြားနေသော ကျောင်းဝင်အမှတ်(၅၁၈၇)မောင်ငြိမ်းချမ်းအောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းစိုး ဖြစ်ပါကြောင်း။

**ဦးကျော်မင်းစိုး**
**၉/နထက(နိုင်)၁၂၃၇၂၃**

### ပြင်ဆင်ဖတ်ရှုပါရန်

၇-၆-၂၀၁၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၄)ပါ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဌာနအစား ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### အမည်မှန်နှင့် ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ မြင်သာ(အထက) နဝမတန်းမှ မောင်ကျော်သက်လွင်၏ အမည်မှန်မှာ မောင်ကျော်ကျော်လွင်နှင့် သူ၏ဖခင်အမည်မှန်မှာ ဦးအောင်ပိုင် ၅/ဘတလ(နိုင်)၀၇၀၅၉၇ ဖြစ်ပါကြောင်း။

**ဦးအောင်ပိုင်**

### ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ဟင်နော်(စွပ်လယ်)ကျေးရွာ အလက(ခွဲ) အဋ္ဌမတန်းမှ မဥမ္မာကြူ၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြင့်ဦး ၅/ဟမလ(နိုင်)၀၅၆၈၅၇ ဖြစ်ပါကြောင်း။

**ဦးဝင်းမြင့်ဦး**

ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၇၂)

# တက္ကသိုလ်ဥပဒေဂျာနယ်လွမ်းမောဖွယ်



ဦးဟန်ညွန့် (ဥပဒေ)

**တက္ကသိုလ်ကိုလွမ်း**

ကျွန်တော်အသက် ၆၀ ကျော်ပြီ။ ဘယ်လိုဖြစ်မှန်းမသိ။ တက္ကသိုလ်ကိုလွမ်းသည်။ လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်ကိုလွမ်းသည်။ အသက်ကြီးမှ ငယ်ဘဝကို ပြန်လည်သတိရသည်။ အပြစ်ကင်းစင်သော ကျောင်းသားဘဝ။ တက်ကြွသောလူငယ်ဘဝ။ ရွှင်လန်းသော တက္ကသိုလ်ကျောင်းသားဘဝ။ အတွေးကြွယ်သော ဥပဒေကျောင်းသားဘဝ။ ဆင်းဆင်းရဲရဲ ရုန်းကန်လှုပ်ရှားခဲ့ရသော ကျောင်းသားဘဝ။ သတင်းဆောင်းပါးဖြင့် ဥပဒေပညာဘာသာရပ်ကို ဖြန့်ဖြူးဝေငှခဲ့သော ထိုကာလ။ တက္ကသိုလ်ဥပဒေပညာဌာန၏ တက္ကသိုလ်ဥပဒေဂျာနယ်စတင်ထုတ်ဝေခဲ့သော၊ အားမာန်ပြည့်ဝခဲ့သောထိုဘဝ။ မျိုးဆက်သစ်တို့ တိုးတက်ဖြစ်ရဲ့လား။

**၁၉၈၀**

၁၉၈၀ ဆိုတော့ အနှစ် ၃၀ ကျော်ပြီ။ တိတိကျကျရေးရသော် ၃၇ နှစ်ရှိပြီ။ အနှစ် ၄၀ ပြည့်ဖို့ သုံးနှစ်မျှသာလိုတော့သည်။ ကျွန်တော့်ရှေ့နေရုံးခန်း ဥပဒေစာအုပ်စင်မှာ အစီအရီ။ အတွဲလိုက်ဥပဒေဂျာနယ်တွေ နေ့စဉ်တွေ့မြင်ရသည်။ စီရင်ထုံးစာ အုပ်တွေ။ သားရေဖုံးနှင့်။ ရွှေစာလုံးနှင့်။ အထူကြီးတွေ။ ပါးပါးကလေးတွေ။ အလယ် အလတ်စာအုပ်တွေ။ အမျိုးစုံသည်။ ကြိုက်ရာရွေးဖတ်။ ရွေးမှတ်။ အမြဲမပြတ်ဖတ်၊ မှတ်၊ လေ့လာ။

**တက္ကသိုလ်ဥပဒေဂျာနယ်**

တွေ့ပါပြီ။ တက္ကသိုလ်ဥပဒေဂျာနယ် ၁၉၈၀ ဖြစ်ပါသည်။ ထုတ်ဝေသည့်ခုနှစ်၊ လမှာ ၁၉၈၀ အောက်တိုဘာလ။ စောင်ရေ ၇၀၀၀။ ထုတ်ဝေသူ ဦးခင်မောင်စိန် (ဥပဒေသင်တန်းတစ်နှစ်တည်းအတူ ကျောင်းတက်ခဲ့ရပြီး ဥပဒေပညာဌာနမှာ နည်းပြ ပြန်လုပ်ခဲ့သော ကျွန်တော့်သူငယ်ချင်းပါ) (နောင်ဥပဒေပါမောက္ခ)။

**ဥယျောဇဉ်**

"ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ဥပဒေအသင်းသည် ဥပဒေမဂ္ဂဇင်းကို ကျောင်းသူ ကျောင်းသားများနှင့် လုပ်သားပြည်သူများ ဖတ်ရှုနိုင်ရန် နှစ်ကြိမ်တိုင် ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ၁၉၆၄-၁၉၆၅ ခု ပညာသင်နှစ်မှစ၍ ဥပဒေပညာဌာနကို အချိန်ပြည့်ဌာနအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပြီး ၁၉၆၆ ခုနှစ်ခန့်မှစ၍ ဥပဒေဂျာနယ်ဖြစ်မြောက်ရန် လုံးပန်းခဲ့ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဥပဒေပညာကို လုပ်သားပြည်သူများ နားလည်သဘောပေါက်စေရန်အတွက် ဖြန့်ဖြူးပေးရေးကို ဆောင်ရွက်ရန်ဖြစ်သည်။ ဤလုပ်ငန်းတာဝန်ကို ဥပဒေပညာဌာနမှလည်း တစ်စိတ်တစ်ပိုင်းတာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်သည့်အလျောက် ယခုကဲ့သို့ ဥပဒေဂျာနယ်ကို မဖြစ်မနေကြိုးစားပြီး ထုတ်ဝေရခြင်းဖြစ်သည်။"

"ထို့ပြင် နိုင်ငံခြားတက္ကသိုလ်အများအပြားတွင် ဥပဒေဂျာနယ်ကို ထုတ်ဝေထားကြောင်း တွေ့ရှိရပေသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ ဥပဒေပညာဌာနမှအလားတူ ခံ့ညားသည့် ဥပဒေဂျာနယ်တစ်စောင် ထုတ်ဝေနိုင်အောင် လုံးပန်းခဲ့ရာ ဥပဒေအသင်းကြီး၏ ကြိုးပမ်းမှုကြောင့် ယခုနှစ် ၁၉၈၀ တွင်မှစတင်၍ ထုတ်ဝေနိုင်ခြင်းဖြစ်သည်" ဟု ဥပဒေ ပါမောက္ခဆရာကြီး ဦးတင်အုံးက ဥယျောဇဉ်အမှာ ရေးသားခဲ့သည်။ ဆရာကြီးလည်း ကွယ်လွန်ရှာပြီ။

**ဥက္ကဋ္ဌ၏ ကျေးဇူးတင်လွှာ**

"တက္ကသိုလ်ဥပဒေအသင်းသည် တက္ကသိုလ်ဥပဒေဂျာနယ်ကော်မတီကို ဖွဲ့စည်းကာ ဥပဒေပညာပြန့်ပွားရေးနှင့် ဥပဒေပညာကို ပြည်သူလူထုရင်းနှီးစေရေး၊ ဥပဒေပညာသင်ကျောင်းသူ ကျောင်းသားများ ၊ ဥပဒေပညာဗဟုသုတရှာမှီးလေ့လာနေကြသူများအတွက်လည်း အထောက်အကူပြုနိုင်ရန်၊ ပညာရပ်ဆိုင်ရာ လေ့လာမှုဆည်းပူးခံယူလေ့လာနိုင်ရေးတို့အတွက် ရည်သန်၍ ရည်မှန်း ဆောင်ရွက်ထားပါသည်။ စာမူပေးပို့သူများအား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်" ဟု တက္ကသိုလ်ဥပဒေ ဂျာနယ်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်အောင်အေးက ရေးသားခဲ့ပေသည်။ ဥပဒေဂျာနယ်ထုတ်ဝေရေးစီမံချက်ကို ၁၉၈၀ ဖေဖော်ဝါရီ ၂၈ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပသော တက္ကသိုလ်ဥပဒေအသင်းကြီး၏ သင်းလုံးကျွတ်အစည်းအဝေးကြီးမှ သဘောတူအတည်ပြုဆုံးဖြတ်ခဲ့ကြသည်။

**မာတိကာ**

တက္ကသိုလ်ဥပဒေဂျာနယ်တွင် ပြည်တွင်းဥပဒေရေးရာ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ၊ ဥပဒေသိမှတ်ဖွယ်ရာအဖြာဖြာ၊ Articles in Elglish တို့ပါဝင်သည်။

**ဆောင်းပါးများ**

နိုင်ငံတော်ကောင်စီဝင် ဒေါက်တာမောင်မောင်၏ အမှန်တရားနှင့်ဥပဒေပညာရှင်၊ ဒေါက်တာတင်အောင်အေး၏ ဥရောပဆိုရှယ်လစ်နိုင်ငံများ၏ အလုပ်ချိန်၊ ပိတ်ရက်၊ နားရက်နှင့် အပန်းဖြေရက်များကို လေ့လာခြင်း၊ ဒေါ်ကြင်သန်း၏ ဥပဒေရေးရာ အခွင့်အရေးများ၊ ဒေါ်သန်းနွဲ့၏ RENVOI သဘောတရား၊ ဒေါ်ကြင်ဦး(ဥပဒေ)၏ လူငယ်ဆိုးသွမ်းမှုနှင့် ဥပဒေအမြင်၊ ဦးမြသိန်း၏ ပြစ်မှုအတွက် တာဝန်ရှိခြင်း၊ ရဲဘော်ဟန်ညွန့်(ဥပဒေ)၏ တရားခွင်နှင့် သက်သေ၊ စိုးဘုန်းမြင့်၏ ဗဟိုဝါဏိဇ္ဇ ပဋိပက္ခကော်မတီ၏ စီရင်ပိုင်ခွင့်အာဏာ၊ မောင်သန်းလွင်၏ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဥပဒေအမြင်၊ ပါမောက္ခဦးတင်အုံး၏ အပြည်ပြည်ဆိုင်ရာ ပင်လယ်ဥပဒေအခြေခံ၊ ဒေါ်ခင်ခင်သီ၏ စီရင်ပိုင်ခွင့်အာဏာနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ တရားရုံး၏ စီရင်ပိုင်ခွင့်၊ ဒေါ်ခင်မာကြူ၏ ကမ်းလွန်ရေတိမ်ပိုင်းသဘောတရားနှင့် မြန်မာနိုင်ငံ၊ ဦးခင်မောင်စိန်၏ အဏ္ဏဝါပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုကို စိန်ခေါ်လာသော သိပ္ပံအတတ်ပညာတိုးတက်ဖွံ့ဖြိုးမှုနှင့် မျက်မှောက်ခေတ်ပင်လယ်ဥပဒေ၊ ဒေါ်မြတ်မြတ်စိုး၏ သီးသန့်စီးပွားရေးဇုန်အကြောင်း သိကောင်းစရာ၊ ဦးမောင်မောင်ခင်၏ သင်္ဘောများသွားလာရေး ဥပဒေအရထိန်းသိမ်းထားပိုင်ခွင့်များ၊ ယဉ်ယဉ်အေး၏ ကမ်းရိုးတန်းနိုင်ငံ၏ ပင်လယ်နှင့်ပတ်သက်သည့် အခွင့်အရေး၊ ဒေါက်တာတင်အောင်အေး၊ ဒေါ်ခင်ခင်သီ၊ ဒေါ်ရင်ရင်မြင့်၊ ဒေါ်ခင်မာကြူ၊ ဦးခင်မောင်စိန်တို့၏ ဥပဒေသုတ ဆောင်းပါးများနှင့် U Chan Tun Anug ရေးသားသော The Rule of Law and Droit Administratif၊ U Mya Thein, Barrister-at-Law ရေးသားသော Hindu influence on Burmese customary Law-1 U Khin Mg Sein ရေးသားသော The Universal Declearation of Human Rights; Is it Binding? စသည့် ဆောင်းပါးများ ဖော်ပြပါရှိသည်။ ဆောင်းပါးရှင် အချို့ကွယ်လွန်ရှာပြီ။ ကျန်သူတွေလည်း အသက်ကြီးလှပါပြီ။

**ယနေ့တိုင်**

လွန်ခဲ့သော ၁၉၈၀ ပြည့်နှစ်က ဆောင်းပါးများမှာ ယနေ့တိုင်ခေတ်မီဆဲ။ အသုံးဝင်ဆဲ။ တောက်ပဆဲ။ မှိုင်းမြိမ်းပြုံရဆဲ။ ယနေ့ခေတ်သစ်နှင့် ပေါင်းစပ်သုံးသပ်ရဆဲ။ တိုးတက်မှုများနှင့်အတူ တက္ကသိုလ်ဥပဒေပညာဌာနမှ ပါမောက္ခနှင့် ဆရာကြီး ဆရာမကြီးများ၏ ဥပဒေဗဟုသုတဖြန့်ဝေသည့် အစီအစဉ်ကို လေးစားအားထားရဆဲဖြစ်သည်။ ယနေ့တက္ကသိုလ်ဥပဒေပညာဌာနသည်လည်း သမိုင်းအမွေဆက်ခံသည်။ ယနေ့ လူငယ်တွေကို ပြည်သူတွေက အားကိုးသည်။ မျှော်လင့်သည်။ ယုံကြည်သည်။ တရားဥပဒေစိုးမိုးရေးကဏ္ဍအတွက် လူငယ်ဥပဒေပညာရှင်တွေ ဘယ်နေရာက ပါကြမည်လဲ။ ဘာတာဝန်တွေ ယူကြမည်လဲ။ **"ကမ္ဘာမှာ မြန်မာ"** ဟု ဥပဒေအသိဖြင့် တင်ပြကြစို့။ အပြည်ပြည်ဆိုင်ရာ တရားဥပဒေတွေနှင့် မြန်မာလူငယ်တို့ ပေါင်းစပ်ကြစို့။ သုတေသနပြုကြစို့။ အားနည်းချက်တွေ ဖော်ထုတ်၊ အားသာချက်တွေ တိုးမြှင့်ကြစို့။

> **တိုးတက်မှုများနှင့်အတူ တက္ကသိုလ်ဥပဒေပညာဌာနမှ ပါမောက္ခနှင့် ဆရာကြီး ဆရာမကြီးများ၏ ဥပဒေဗဟုသုတဖြန့်ဝေသည့် အစီအစဉ်ကို လေးစားအားထားရဆဲဖြစ်သည်။ ယနေ့တက္ကသိုလ်ဥပဒေ ပညာဌာနသည်လည်း သမိုင်းအမွေဆက်ခံသည်။ ယနေ့လူငယ်တွေကို ပြည်သူတွေက အားကိုးသည်။ မျှော်လင့်သည်။ ယုံကြည်သည်။ တရားဥပဒေစိုးမိုးရေးကဏ္ဍအတွက် လူငယ်ဥပဒေပညာရှင်တွေ ဘယ်နေရာကပါကြမည်လဲ။ ဘာတာဝန်တွေ ယူကြမည်လဲ။ "ကမ္ဘာမှာ မြန်မာ" ဟု ဥပဒေအသိဖြင့် တင်ပြကြစို့။**

ပြည်သူ့သားသမီးများ ပီသကြစို့။ ပြည်သူနှင့်အတူ ချီတက်ကြစို့။ ငါတို့ ခေတ်နှင့် အပြိုင်လေ...။

**ကျောင်းသားစိတ်နှင့် ဝန်ထမ်းစိတ်**

၁၉၈၀ပြည့်နှစ်မှာ ကျွန်တော် ဥပဒေဝန်ထမ်းအဆင့်(၃)ဖြစ်နေပြီ။ ပဲခူးတိုင်းဥပဒေရုံးတွင် ဦးစီးအရာရှိတာဝန်ထမ်းနေပြီ။ ကျောင်းသားဘဝမှ ဥပဒေဝန်ထမ်းဘဝကူးပြောင်းစအရွယ်။ **"ငါ့လောက် တိုင်းပြည်ချစ်တဲ့သူ မရှိဘူး"**ဟု မာန်မာန တက်ကြွနေသော အချိန်။ မြင်မြင်သမျှ သူတွေကို "တရားခံ" ဟု လွဲမှားစွာ မြင်တတ်သည့် မလိမ္မာသော ဝန်ထမ်းပေါက်စ။ ဥပဒေစာအုပ်ထူထူကြီးတွေထဲက ဥပဒေပုဒ်မအတိုင်း တိတိကျကျ အလွတ်ကျက်ပြီး လေ့နံ့ခွားထစ်၊ တစ်ယူသန်။ ငါပြောတာမှ အမှန်ဟု ဘဝင်မြောက်၊ ကျောင်းဆင်းခါစ ခပ်ကြွကြွ အရာရှိပေါက်စအဖြစ် ဘဝစခဲ့ပုံတွေ။ ဤဖြစ်ထွေများကို (ပြန်စဉ်းစားကြည့်တော့) ကျောင်းသားစိတ်နှင့် ဝန်ထမ်းစိတ် ကွာခြားပုံများ ထင်ရှားလှပေသည်။ သင်ခန်းစာယူစရာပါ။ နောင်တ ရ စရာပါ။

**နေ့စဉ်အလုပ်**

"တရားရုံးသို့ နေ့စဉ်အလုပ်ဆင်းရသော ဥပဒေဝန်ထမ်းတစ်ဦးဖြစ်သူ စာရေးသူအဖို့ တရားခွင်တွင် သက်သေအမျိုးမျိုးနှင့် ကြုံရ၊ ဆုံရသည်။ သက်သေအမျိုးမျိုးကို မေးခွန်းအမျိုးမျိုး မေးရသည်။ ဆင်ဝှေ့ရန်ရှောင်လုပ်နေသော သက်သေများအား ချွေးပြန်အောင် မေးရမြန်းရသကဲ့သို့ လိမ္မာပါးနပ်လွန်းသော သက်သေများကလည်း ဥပဒေဝန်ထမ်းနှင့် ရှေ့နေရှေ့ရပ်များ၏ မေးခွန်းများကို အရှောင်အတိမ်း၊ အကွေ့အကောက်များဖြင့် ဖြေတတ်ကြလေသည်" ဟု တရားခွင်နှင့် သက်သေခေါင်းစဉ်ဖြင့် [ထိုစဉ်က ကလောင်အမည် ရဲဘော်ဟန်ညွန့်(ဥပဒေ)ဖြင့်] ရေးခဲ့ခြင်းပါ။ ၁၉၈၀ (အနှစ် ၃၀ ကျော်က)အရေးအသား၊ အတွေးအား ဖြစ်ပါသည်။ အတွေးမမှား၊ အရေးအားတိုးဖို့ ကျန်သေးသည်။ ဆက်၍ ဆက်၍ ကြိုးစားရဦးမည်။

**စေတနာ**

(၁) စက္ကူဝါကျင့်ကျင့်(အနှစ် ၃၀ ကျော်က) ဖြစ်နေပြီ။

(၂) တက္ကသိုလ်ဥပဒေဂျာနယ်ကို လွမ်းသည်။ အစီအရီ။

(၃) ယနေ့တက္ကသိုလ်ဥပဒေပညာဌာနက (ဥပဒေပညာဂျာနယ် ဆက်လက်ထုတ်ဝေလျှင်)ဆောင်းပါးများရေးဖြစ်အောင် ရေးဦးမည်ဟု တွေးမိ၊ လွမ်းမိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ...။ ။




**ယာယီစစ်ဘေးရှောင်ပြည်သူများအား ဆန်အိတ်များထောက်ပံ့**

**မြစ်ကြီးနား ဇွန် ၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဂျုံမိုင်ကောင်း ယာယီစစ်ဘေးရှောင် စခန်းနေပြည်သူများကို ဇွန် ၅ ရက်က ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးအမှူးပြုပြီး ပြည်နယ်အစိုးရအဖွဲ့က ယာယီစစ်ဘေးရှောင်စခန်းနေပြည်သူများကို ဆန်အိတ်များထောက်ပံ့ပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က အမှာစကားပြောကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာ ခက်အောင်၏ဇနီး ဒေါက်တာဂျေကော့ဘူနှင့် လူမှု ရေးဝန်ကြီးဒေါက်တာသင်းလွင်တို့က မြစ်ကြီးနားမြို့ပေါ်ရှိ IDPs စစ်ဘေးရှောင်စခန်းနေ လူတစ်ဦးလျှင်ဆန်ရှစ်ပြည်နှုန်းဖြင့် ယာယီစစ်ဘေးရှောင်စခန်း ၁၀ ခုမှ အိမ်ထောင်စု ၇၄၉ စုတို့အတွက် ဆန်အိတ် ၂၇၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# မန္တလေးမြို့တွင်း မော်တော်ယာဉ်များ အရှိန်လွန်မောင်းနှင်မှုတိုင်းကိရိယာဖြင့် တိုင်းတာစစ်ဆေးအရေးယူတော့မည်

**မန္တလေး ဇွန် ၈**
မန္တလေးခရိုင်အတွင်း၌ ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေးအတွက် သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်မှုများကို အရှိန်လွန်မောင်းနှင်မှုတိုင်း (Speed -ometer )ကိရိယာဖြင့် စစ်ဆေးအရေးယူတော့မည်ဖြစ်ခြင်းကြောင့် ယခုဇွန်လတွင် ပညာပေးကာလအဖြစ် အများပြည်သူအား အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“မြို့တွင်းမှာ Over speed မောင်းရင်ဖမ်းဆီးတာလုပ်မယ်။ ယာဉ်ကိုစက်နဲ့ ချိန်ရွယ်ထားတဲ့အခါ ပုံရိပ်ကို ဖမ်းပြီး အမြန်နှုန်းဘယ်လောက်ရှိတယ်ဆိုတာ ဖော်ပြတဲ့စက်ပါ။ သတ်မှတ်နှုန်းထက် ပိုမောင်းရင် မော်တော်ယာဉ် ဥပဒေ ပုဒ်မ ၄၉ (ဃ)အရ ဒဏ်ငွေငါးသောင်း(သို့) ထောင်ဒဏ်တစ်လ အရေး ယူလို့ရတယ်” ဟု မန္တလေးယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်သုတမောင်က ပြောသည်။

အဆိုပါကိရိယာဖြင့် အရေးယူခြင်းကို အမြန်လမ်းမကြီးများ၌ အသုံးပြုလျက်ရှိရာ ယခုအခါ မြို့တွင်းလမ်းများတွင်ပါ စစ်ဆေးအရေးယူမှုကို မကြာမီစတင်မည်ဖြစ်ကြောင်း၊ မန္တလေး တိုင်းအတွက် Speedometer ၁၄ ခုရရှိပြီးယာဉ်ထိန်းရဲတပ်ဖွဲ့စုအလိုက် စစ်ဆေးအရေးယူမှုများ လုပ်ဆောင်ရာတွင် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။



မြို့တွင်း၌ တစ်နာရီ မိုင် ၃၀ နှုန်း (၄၈ ကီလိုမီတာ) မောင်းနှင်ရမည်ဖြစ်ပြီး စာသင်ကျောင်းများတွင် ၁၀ မိုင်နှုန်း၊ ဆေးရုံနှင့် အရေးကြီးနေရာများတွင် ၅ မိုင်နှုန်း စသည်ဖြင့် ဒေသအနေအထားအရလည်း ကန့်သတ်မှုများရှိပြီး လမ်းညွှန်အမှတ်အသားဆိုင်းဘုတ်များဖြင့် အသိပေးထားသည်။

ယင်းကိရိယာဖြင့် စစ်ဆေးအရေးယူခြင်းကို ယာဉ်တိုက်မှုဖြစ်ပွားရာနေရာများ၊ အရှိန်လွန် မောင်းနှင်တတ်သည့်နေရာများတွင် ပိုမိုအလေးထားဆောင်ရွက်သွားမည်ဖြစ်ကာ ဇန်နဝါရီလမှ မေလအထိ မန္တလေးခရိုင်အတွင်း ယာဉ်မတော်တဆမှုပေါင်း ၁၄၄ မှုရှိရာ သေဆုံး သူ ၈၃ ဦးနှင့် ဒဏ်ရာရသူ ၁၄၈ ဦးရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

**လွယ်ဂျယ် ဇွန် ၈**
ကချင်ပြည်နယ် မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့ အစိုးရအထက်တန်းကျောင်းခန်းမဆောင်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေလနောက်ဆုံးပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် နယ်မြေခံရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူး တင်အောင်က အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးဝင်းတင့်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်မော်တို့က အထကကျောင်း၏ လိုအပ်ချက်များနှင့် စည်းကမ်းပြည့်ဝသော ထူးချွန်ထက်မြက်သည့် ကျောင်းသားကျောင်းသူများပေါ်ထွက်လာရေးတို့ကို အကောင်အထည်ဖော်ရာတွင် ကျောင်းသား၊ ဆရာ၊ မိဘများနှင့် ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

# လေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆားများထောက်ပံ့

**မင်းလှ ဇွန် ၈**
သာယာဝတီခရိုင် မင်းလှမြို့နယ် ထန်းပင်ကုန်းကျေးရွာအတွင်းရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို ဇွန် ၅ ရက်က ထန်းပင်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ရာတွင် ကြုံတွေ့ရသော အခြေအနေများကို အကောင်းဆုံးဆောင်ရွက်နိုင်ရန်နှင့် အခက်အခဲရှိပါက ကူညီပေးရန် အားပေးစကားများ ပြောကြားပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဆန်ငါးအိတ်၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဆန်ငါးအိတ်၊ မြို့နယ်မီးသတ်တပ်ဖွဲ့က ဆီငါးပိဿာနှင့် အိုင်အိုဒင်းဆား ၁၀ ပိဿာတို့ကို ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စု ၁၁၈ စု လူဦးရေ ၄၆၄ ဦးတို့အတွက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**



# တန်ဖိုးမြှင့်ထုတ်ကုန်ဟင်းသီးဟင်းရွက်နှင့် အာလူးမျိုးကောင်းမျိုးသန့်ထုတ်လုပ်နိုင်ရေးဆောင်ရွက်

**ကလော ဇွန် ၈**
ရှမ်းပြည်နယ် တောင်ကြီးခရိုင် ကလောမြို့နယ် ဟဲဟိုးမျိုးပွားဥယျာဉ်ခြံနှင့် မျိုးစေ့ဌာနခွဲမျိုးသန့်ခြံတို့တွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်နှင့်တာဝန်ရှိသူများသည် မေလနောက်ဆုံးပတ်က ခြံဝန်ထမ်းများနှင့် တွေ့ဆုံကာတန်ဖိုးမြှင့်ထုတ်ကုန်ဟင်းသီးဟင်းရွက်နှင့် အာလူးမျိုးကောင်းမျိုးသန့်ထုတ်လုပ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အဆိုပါခြံများရှိ အာလူး၊ စပ်မျိုးနေကြာ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ အစေ့ထုတ်ပြောင်းနှင့် စပါးမျိုးများ ပွားများထုတ်လုပ်ဖြန့်ဖြူးနေမှု လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ ဒေသနှင့် ကိုက်ညီသော ဟင်းသီးဟင်းရွက်များကို မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန်၊ အစားအစာဘေးကင်းရေးနှင့် အရည်အသွေးကောင်းမွန်သော သီးနှံများကိုပြည်တွင်း၊ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်ရန် စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်ကောင်းများ(GAP) လိုက်နာကျင့်သုံးဆောင်ရွက်ရန်နှင့် ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချရေး၊ စက်ကိရိယာပိုမိုတိုးတက်သုံးစွဲနိုင်ရေး ဆိုင်ရာများကိုလည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ရှမ်းပြည်နယ်တွင် အဓိကထွက်ကုန်ဖြစ်သော အာလူးမျိုးကောင်းမျိုးသန့်ပွားများရေး၊ ဟင်းသီးဟင်းရွက်မျိုးစေ့ထုတ်လုပ်ငန်းများသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ အဓိကစိုက်ပျိုးနေသော အာလူး (up to date)စစ်ဗိုလ်မျိုး၏ အရည်အသွေးကျဆင်းမှု၊ ရောဂါပိုးခံနိုင်ရည်မရှိမှုတို့ကြောင့် မျိုးသစ်တင်သွင်းထားရှိသော (Atlantic၊KufriJyoti၊ Carolus၊ Markies) မျိုးများအားနှစ်စဉ် ပွားများထုတ်လုပ်ရေး၊ အပင်တစ်သျှူးမျိုးပွားနည်းဖြင့် မျိုးပွားများရေးလုပ်ငန်းများ၊ ဒေသပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့်ပူးပေါင်းကာ မျိုးသန့်ပွားများခြင်း၊ အအေးခန်းသိုလှောင်ရုံများ ထူထောင်ရေးလုပ်ကိုင်နိုင်ရေး စသည်တို့ကို ကြိုးပမ်းသွားရန် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# အလင်းရောင်ပညာရေးအကျိုးဆောင်ကော်မတီမှ ကျောင်းသုံးပစ္စည်းများထောက်ပံ့

**ဖျာပုံ ဇွန် ၈**
ဖျာပုံမြို့အလင်းရောင်ပညာရေးအကျိုးဆောင်ကော်မတီမှ မူလတန်းမှ တက္ကသိုလ်ဝင်တန်းကျောင်းသားကျောင်းသူ ၂၁၅ ဦးတို့အား ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် ကွန်ပါဘူးများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၅ ရက်က ဖျာပုံမြို့ ရွှေနတ်ကူဘုရားလမ်း ငြိမ်းချမ်းမင်္ဂလာခန်းမ၌ ပြုလုပ်ခဲ့ရာ ကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းက မျက်မှောက်ပညာရေး၏ အခန်းကဏ္ဍအရေးကြီးပုံနှင့် ထောက်ပံ့ပေးအပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မူလတန်းအဆင့် ၈၉ ဦး၊ အလယ်တန်းအဆင့် ၉၄ ဦးတို့အား ကျောင်းဝတ်စုံတစ်စုံစီနှင့် ဗလာစာအုပ်တစ်ဒါဇင်စီ(ပဉ္စမတန်း ကွန်ပါဘူးတစ်ဘူးစီ)၊ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း ၃၂ ဦးတို့အား ကျောင်းဝတ်စုံတစ်စုံစီနှင့် ဗလာစာအုပ် နှစ်ဒါဇင်နှုန်းဖြင့် ကျောင်းသားကျောင်းသူများနှင့် မိဘအုပ်ထိန်းသူတို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

ဇွန် ၅ ရက်တွင် ကျရောက်သည့် World Invertment Day 2017 အထိမ်းအမှတ်အဖြစ် သဘာဝစိမ်း(မန္တလေး)နှင့် သဘာဝစိမ်း (တံတားဦး)တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မန္တလေးမြို့ မန္တလေးတောင်ခြေ ရွှေကျင်တိုက်မကြီးအတွင်း ၁၀ ပေကျော် အမြင့်ရှိ လုမ္ဗနီအင်ကြင်းပင်တစ်ပင်နှင့် ကျွန်းပင် ၁၀၀ အား သဘာဝစိမ်းအဖွဲ့ဝင်များ စုပေါင်းစိုက်ပျိုးခဲ့ကြစဉ်
မောင်ယဉ်ကျေး



# မြို့နယ်အဆင့်သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေးခြင်းလုပ်ငန်းအလုပ်ရုံဆွေးနွေး

**မန္တလေး ဇွန် ၈**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မြို့နယ်အဆင့် သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေးခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို အောင်မြေသာစံမြို့နယ် ကမ်းနားမြို့ပတ်လမ်းရှိ ရောဝတီရှုခင်းသာ ဟိုတယ်ခန်းမ၌ ဇွန် ၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင်ချယ်၊ တိုင်းဒုတိယဦးစီး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးလှဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလုပ်ရုံ ဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီသော အဖွဲ့အစည်းဝင်များ၊ လူမှုကူညီရေးအဖွဲ့အစည်းများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သန်းခေါင်စာရင်း နောက်ခံသမိုင်းအကြောင်းအရာများ၊ သန်းခေါင်စာရင်း အဓိပ္ပာယ်ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ ထုတ်ပြန်ခဲ့သော အစီရင်ခံစာများအပေါ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်

**လက်ပံတန်း ဇွန် ၈**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုရေး၊ စီးပွားရေး၊ လူမှုဘဝမြှင့်တင်ရေးအတွက်၊ လမ်း- တံတား၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်း လေး မိုင် ငါးဖာလုံ၊ တံတား ရှစ်စင်း စုစုပေါင်း ၂၈၅ ပေနှင့် ရေနစ်ကွင်းသုံးကွင်းကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလုပ်ငန်းများအား လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ ဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပူးပေါင်း၍ အဓိကကျသော ကျေးရွာများတွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဆင့်**

# ထူးမြတ်ပြည့်စုံ လနယုန်

ဒေါက်တာအောင်သန်းဝင်း(အရှေ့တိုင်းပညာ)

နယုန်လသည် မြန်မာ့ပြက္ခဒိန်တွင် တတိယမြောက်လဖြစ်သည်။ နွေရာသီကုန်ဆုံးရန် ဆယ့်ငါးရက်မျှသာ ကျန်တော့၍ စာဆိုများက 'နွေနှောင်းလ၊ နွေစွန်လ'ဟူ၍ ဖွဲ့နွဲ့ကြသည်။ နွေနှောင်းလဖြစ်သလို 'မိုးဦးလ'လည်း ဖြစ်ပေသည်။ ထို့ကြောင့် နေပူရှိန်လျော့နည်းကာ မိုးသားများ မဲမှောင်အုံ့ဆိုင်းပြီး မိုးသေး၊ မိုးဖွဲများ ရွာသွန်းလေ့ရှိသည်။ နွေရာသီက ရွက်ခြောက်များကြွေကာ အရိုးပြိုင်းပြိုင်းဖြစ်နေသော သစ်ပင်များလည်း ရွက်နုများကိုယ်စီနှင့် စိမ်းစိုလာကြပြီဖြစ်သည်။ ထို့ကြောင့် ရှေးတောင်သူဦးကြီးများက 'နယုန်မိုးသေး မြက်သားမွေး'ဟု စပ်ဆိုခဲ့ကြဟန်ရှိသည်။

နယုန်လသည် မေထုန်ရာသီဖြစ်သည်။ လမင်းသည် ဇေဋ္ဌနက္ခတ်နှင့်လည်းကောင်း၊ နေမင်းသည် မိဂသီနက္ခတ်နှင့်လည်းကောင်း ယှဉ်ပြိုင်မွန်းတည့်သည်။ ရာသီပန်းများမှာ မုလေး(မြတ်လေး)ပန်းနှင့် စံပယ်ပန်းတို့ ဖြစ်သည်။ မြင်းတာရာ ထွန်းပသည်။ ရာသီပွဲတော်မှာ စာတော်ပြန်ပွဲတော်ဖြစ်သည်။ ထို့ပြင် ရှေးမြန်မာမင်းများကိုယ်တိုင် လယ်ထွန်မင်္ဂလာပွဲတော်များကို ဤလတွင်ပြုလုပ်ပြီး စိုက်ပျိုးရေးကို အားပေးခဲ့ကြသည်။

ပုဂံခေတ်၊ အင်းဝခေတ်ထိုး ကျောက်စာတို့၌ နံယုန်၊ နယုန်၊ နံမျုန်ဟု အမျိုးမျိုး ရေးထိုးခဲ့ကြသည်။ ဒုတိယ ရှင်ပုညကာမိစီရင်သော ဘုန်းမီးထက်လျှံချိုမှန်စီ သတ်ပုံတွင် 'တန်ခူးကဆုန်၊ လနမျုန်၊ ဖုန်ဖုန်လွင့်မြူးလိမ်း'ဟု လည်းကောင်း၊ သက္ကရာဇ် ၁၀၈၈ ခုနှစ်ပြီးသည့် သီရိမင်္ဂလာသတ်ပုံတွင် 'ကဆုန်နမျုန်၊ ကြိုးသုန်သုန်၊ နယုန်နသတ်မြန်း'ဟုလည်းကောင်း လာရှိသည်ကိုထောက်လျှင် ဒုတိယအင်းဝခေတ်၌ 'နမျုန်' ဟုလည်း အရေးအသားရှိကြောင်း သိရ၏။

နယုန်၏ ရင်းမြစ်မှာ 'နရယုဂ'ဟူသော ပါဠိပုဒ်ဖြစ်၏။ နရယုဂ သဒ္ဒါမှ နယုန်ဖြစ်လာသည်ဟု ယူရန်ရှိ၏။ မေထုန်ရာသီ၏ အမည်များကို ရာဇမတ္တဏ်ကျမ်း ရာသီဘိဓာနအပိုင်း၌ ဇီတုမ၊ မိထုန၊ နရယုဂဟု သုံးမျိုးပြဆိုထားသည်။ ထိုသုံးမျိုးတွင် 'နရယုဂ' မှာ မေထုန်ရာသီ၏ အမည်တစ်မျိုးဖြစ်၏။ အဓိပ္ပါယ်မှာ မိန်းမယောကျ်ားအစုံ(နရ= လူ+ယုဂ=အစုံ)ဟု ဝေါဟာရလိနတ္ထဒီပနီကျမ်း၌ ပြဆိုထား၏။ ထိုကျမ်းဆရာ၏အလိုမှာ မေထုန်ရာသီဟော နရယုဂသဒ္ဒါမှ နရယုဂ်ဖြစ်လာပြီး နရယုဂ်မှ နယုန်ဖြစ်လာသည် ဆို၏။ ထို့ပြင် နံယုန်တွင် နံပုဒ်သည် အချိန်၊ အခါ၊ ကာလဟု အဓိပ္ပာယ်ရ၍ ယုန်ပုဒ်ကား ယိုကျ၊ စီးကျ၊ ရွာကျဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် နယုန်လသည် 'မိုးရွာချိန်လ'ဟုလည်း ခေါ်ဆိုကြောင်း အခြားပညာရှင်များက မိန့်ဆိုကြသည်။

နယုန်လသည် ဘုရားရှင်လက်ထက်တော်အခါကပင် လယ်ယာလုပ်ငန်းခွင်တွင် စတင်၍ ထွန်ယက်ခြင်းအမှုပြုခဲ့ပုံကို ဇိနတ္ထပကာသနီကျမ်း၌ 'သိဒ္ဓတ္ထမင်းသားကိုဖွား၍ တစ်လမြောက်သောအခါ ခမည်းတော်မင်းတရားသည် များစွာသော မှူးမတ်ဗိုလ်ပါ အခြံအရံတို့နှင့် ထွက်ချီစံပယ်၍ လယ်ထွန်မင်္ဂလာပြုတော်မူသည်'ဟု ဖော်ပြထား၏။ ပုဂံခေတ် အနော်ရထာမင်းကြီးကိုယ်တိုင် လယ်ထွန်မင်္ဂလာပွဲ ကျင်းပခဲ့သည်ဟုလည်း ရှေးစာပေများတွင် လေ့လာမှတ်သားရပါသည်။ မင်းတုန်းမင်း လယ်ထွန်မင်္ဂလာပွဲ ကျင်းပပုံကို သံတော်ဆင့် ဆောမြို့စား ဦးစီက 'ဆဒ္ဒန်ရှင် ရွှေထွန်နှင်တယ်၊ ကျွန်းခွင်ကအေးလေ့' အစချီသော ပုံကြီးသံကို ဖွဲ့ဆိုခဲ့၏။ ဤလတွင် ဘုရင်များကိုယ်တိုင် လယ်ထွန်မင်္ဂလာပွဲသဘင်ကိုပြုလုပ်ကာ စိုက်ပျိုးရေးကို အားပေးခဲ့ကြ၏။

နယုန်လ၏ ရာသီပွဲတော်ဖြစ်သည့် စာတော်ပြန်ပွဲတော်ကို သမိုင်းစာမျက်နှာတွင် အစောဆုံးတွေ့ရသည်မှာ ဒုတိယအင်းဝခေတ် သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၀၀၀ ပြည့်နှစ် ဖြစ်၏။ မှန်နန်းရာဇဝင်တော်ကြီး တတိယတွဲ ၂၃၉ ၌ 'သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်တွင် ကျမ်းဂန်သင်ကြားသော သာမဏေတို့ကို သင်ကျမ်းကို ဆရာတို့ မေးရသည်။ အနက်အဓိပ္ပာယ်ကို ဆိုနိုင်သော သာမဏေတို့ကို ပဉ္စင်း ၁၀၈ ပါး၊ သာမဏေ ၇ ပါး၊ ထိုနှစ် ကဆုန်လဆန်း ၁၄ ရက် တနင်္ဂနွေနေ့ မွန်းတည့်ကျော် ၂ နာရီ ၃ ပါဒ်တွင် ပဉ္စင်းခံတော်မူသည်'ဟူ၍ လာရှိ၏။

ထို့အတွက်ကြောင့် ပညာရှင်များက သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်တွင် ပထမ စာတော်ပြန်ပွဲကို စတင်ကျင်းပခဲ့ကြောင်း လက်ခံအတည်ပြုထားကြသည်။ အင်ရုံစာတမ်းခေါ် လောကဗျူဟာကျမ်း၌ အင်းဝမင်းများ နယုန်လတွင် ပထမစာတော်ပြန်ပွဲသဘင် ဆင်ယင်ကျင်းပပုံကို အင်ရုံဝန်ကြီးက စုံလင်စွာဖော်ပြထား၏။

သမိုင်းမှတ်တမ်းများတွင် စတင်တွေ့ရှိရသော သာလွန်မင်းတရားကြီးလက်ထက်မှ သီပေါမင်း လက်ထက်အထိ မင်းဆက်တစ်ချို့ စာတော်ပြန်ပွဲကျင်းပသည့်အကြောင်းကို မှန်နန်းရာဇဝင်၊ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးနှင့် သမိုင်းဝင်မှတ်တမ်းများ၌ ဖော်ပြထားခြင်းမရှိပါ။ အချို့မင်းများလက်ထက် ကျင်းပသော ပထမစာတော်ပြန်ပွဲများသည် မှတ်တမ်းမတင်ခဲ့ခြင်းကြောင့် သမိုင်းတွင် မပါရှိခြင်းဖြစ်သည်။ မင်းစဉ်မင်းဆက်အားလုံး အဆက်မပြတ် ပထမ စာတော်ပြန်ပွဲသဘင်ကို ဆင်ယင်ကျင်းပခဲ့ကြသည်ဟု ကောက်ချက်ချနိုင်ပေသည်။

ပထမစာပြန်ပွဲသဘင်ကို နယုန်လဆန်းမှစ၍ နယုန်လကုန်အထိ တစ်လတိတိ ကျင်းပ၏။ ကုန်းဘောင်ခေတ်တွင် နယုန်လဆန်း ၈ ရက်မှ ဝါဆိုလဆန်း ၈ ရက်အထိ တစ်လ ကျင်းပသည်ဆို၏။ မြန်မာဘုရင်တို့ နယုန်လတွင် စာတော်ပြန်ပွဲသဘင် ကျင်းပခြင်းမှာ နယုန်လသည် သာသနာ့ဝန်ထမ်းရှင်ရဟန်းများအဖို့ စာသင်နှစ်၏နောက်ဆုံးလ ဖြစ်သောကြောင့်ဖြစ်၏။ စာသင်နှစ် ပထမလမှာ ဝါဆိုလဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးရှိ ဆရာတော်၊ သံဃာတော်များသည် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ဝါဆိုတော်မူ၏။ ထို့နောက် စာဝါသစ်များကို စတင်ပို့ချ သင်ယူကြသည်။ ဝါတွင်းကာလမှာ အရပ်တစ်ပါးသို့ ညဉ့်အိပ်ခရီးမသွားရ၍ အချိန်ရှိသမျှ စာပေပို့ချ လေ့လာဆည်းပူးနိုင်သောအချိန်ဖြစ်သည်။ ဆောင်းရာသီ၊ နွေရာသီများတွင် လွတ်လပ်စွာ ခရီးသွားနိုင်ကြ၏။ မိုးရာသီကဲ့သို့ စာချစာတက် မှန်လေ့မရှိ။ ထို့ကြောင့် စာသင်နှစ်၏ နောက်ဆုံးလဖြစ်သော နယုန်လရာသီတွင် စာတော်ပြန်ပွဲ ကျင်းပခြင်းဖြစ်၏။

စာတော်ပြန်ပွဲကျင်းပသောနေရာမှာ ဘုရင့်ကောင်းမှုတော်များဖြစ်သည့် သုဓမ္မာဇရပ်ကြီးများဖြစ်၏။ စာတော်ပြန်ပွဲ၌ ပြန်ဆိုကြရသော ကျမ်းစာများမှာ တစ်ခေတ်နှင့်တစ်ခေတ် အနည်းငယ် ခြားနား၏။ အင်းဝမင်းများလက်ထက်တွင် ပဉ္စင်းလောင်းများသည် သဒ္ဒါ ရှစ်ကျမ်း၊ သုတ် သုံးကျမ်း၊ အဘိဓမ္မာ သင်္ဂြိုလ်ကျမ်းများကို ပြန်ဆိုကြရ၏။ ရှင်လောင်းများက သဒ္ဒါ ရှစ်ကျမ်းကို ပြန်ဆိုရ၏။ ပထမစာတော်ပြန်ပွဲနှင့်ပတ်သက်ပြီး မောင်းထောင်သာသနာပိုင်ဆရာတော်ဘုရားက တင်သွင်းသည့် မေတ္တာစာတွင် 'သဒ္ဒါ သင်္ဂြိုလ်၊ ညဝါ နေ့ဝါ၊ တစိုးတစိ ပါဌ်ပါဠိများကို မြန်မာအနက် အဓိပ္ပာယ်လောင်းစွက်၍ အင်းဝမင်းတို့လက်ထက် ရှင်လောင်း၊ ပဉ္စင်းလောင်းများကို ပြန်ဆိုစေသည်'ဟူ၍ အမေးတော်ဖြေကျမ်းတွင် တွေ့ရ၏။ အင်းဝမင်းတို့လက်လက် ပထမစာတော်ပြန်ပွဲတွင် ပြန်ဆိုရသည့် ကျမ်းစာများမှာ ဝိနည်းကျမ်းများမှတစ်ပါး သဒ္ဒါကျမ်း၊ အဘိဓမ္မာကျမ်း၊ သုတ္တန်ကျမ်းများဖြစ်မည်ဟု ယူဆရ၏။

ဘိုးတော်ဘုရားလက်ထက်တွင် ပြန်ဆိုရသော ကျမ်းစာများမှာ တစ်မျိုးတစ်ဖုံပြောင်းလဲလာ၏။ ၁၁၅၃ ခုနှစ် နယုန်လ စာတော်ပြန်ပွဲကို အမိန့်တော်ထုတ်ပြန်၍ ပြန်ဆိုရမည့် ကျမ်းစာများကို ပြောင်းလဲပြဋ္ဌာန်းလိုက်၏။

"ပထမ ရှင်လောင်းတို့မှာ ရှင့်ကျင့်ဝတ်၊ လိင်၊ ဒဏ်၊ သေခိယ၊ ခန္ဓကဝတ်၊ ပဉ္စင်းလောင်းတို့မှာ ပါတိမောက်နှစ်စောင်၊ ပါဠိအနက် နိဿယမုစ္စကအင်္ဂါကို ရှေးဦး ပြန်စေပြီးမှ အမိန့်တော်စာတမ်းတွင် ပြန်ဆိုရိုးအတိုင်းဖြစ်စေ။ သက္ကရာဇ် ၁၁၅၃ ခုနှစ် စာပြန်ကို ရပ်စေ။ ဥဘတော ဝိဘင်းကျမ်းနိဿယမုစ္စကအင်္ဂါကျမ်းများကိုသာ ပြန်စေ။ ၁၁၅၃ ခု နယုန်လဆန်း ၂ ရက်နေ့ နားခံတော် ကျော်စွာနော်ရထာပြန် အမိန့်တော်" ဟု ဖြစ်သည်။ ယင်းမင်းလက်ထက်မှ ပုဂံမင်းလက်ထက်အထိ ထိုအစဉ်အလာအတိုင်း ဥဘတော၊ ဝိဘင်း၊ ဝိနည်းကျမ်းများကိုသာ ပဉ္စင်းလောင်း၊ ရှင်လောင်းနှင့် မထေရ်မြောက် ရဟန်းကြီးတို့ ပြန်ဆိုရ၏။

မင်းတုန်းမင်းလက်ထက် ၁၂၃၅ ခုနှစ်တွင် မန္တလေး ရတနာပုံနေပြည်တော် လေးပြင်ရှိ တံဆိပ်တော်ရ ဆရာတော်ကြီးတို့အား ဆွမ်းလှူဒါန်းတော်မူပြီး ပိဋကတ်သုံးပုံကို ပြန်ဆိုနိုင်သော ပထမရှင်လောင်းတော်၊ ပဉ္စင်းလောင်းတော်များကိုရအောင် အားထုတ်တော်မူကြပါဟု မင်းတုန်းမင်းတရားကြီးက လျှောက်ထား၏။ ဆရာတော်ကြီးများကလည်း သဘောတူညီတော်မူ၏။

၁၂၃၅ ခုနှစ်မှအစပြု၍ ပထမစာတော်ပြန်ပွဲတွင် ဝိနည်းတော်သာမဟုတ်၊ ပိဋကတ်သုံးပုံအလုံးစုံကို နှုတ်ငုံနှုတ်တက် ကျက်မှတ်ပြန်ဆိုနိုင်လျှင် ပြန်ဆိုခွင့်ရ၏။ မင်းတုန်းမင်းတရားကြီးလက်ထက်က သီပေါမင်းသည် ၁၂၃၇ ခုနှစ်မှစ၍ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို တစ်နှစ်တစ်တန်း သုံးကြိမ်ပြန်ဆို အောင်မြင်တော်မူကြောင်း ကုန်းဘောင်ခေတ် မဟာရာဇဝင်ကြီး(တတိယတွဲ)၌ ပြည့်စုံစွာ မှတ်တမ်းတင်ထား၏။

သီပေါမင်းလက်ထက်တွင် စာတော်ပြန်ပွဲမှာ တစ်ခေတ်ဆန်းလာခဲ့၏။ 'ပထမစာတော်ပြန်ဥပဒေ'သည် စာအုပ်အဖြစ်နှင့် စနစ်တကျပေါ်လာခဲ့၏။ ထိုဥပဒေကျမ်းအရ စာတော်ပြန်ကျမ်းစာများမှာ တစ်မူထူးခြားလာခဲ့သည်။ အတန်းများမှာ ပထမကျော်၊ ပထမကြီးနှင့် ပထမငယ်တန်းဟူ၍ သုံးတန်းသာရှိ၏။ မင်းတုန်းမင်းတရားကြီးလက်ထက်ကကဲ့သို့ အတန်းလိုက် မသတ်မှတ်။ ရှင်လောင်း၊ ပဉ္စင်းမျှကိုသာ ခွဲခြားပြီး အတန်းစုံအတွက် ကျမ်းစာတစ်မျိုးတစ်စားတည်း ပြဋ္ဌာန်းထားကြောင်း မှတ်တမ်း၌ တွေ့ရ၏။

ရှေးမင်းများလက်ထက်က အာဂုံပြန်နှင့် နှုတ်မေးနှုတ်ဖြေ နှစ်မျိုးသာရှိ၏။ သီပေါမင်းလက်ထက်တွင် ပထမပြန်ဥပဒေအရ အာဂုံပြန်နှင့် နှုတ်မေးနှုတ်ဖြေအပြင် သဘောအဓိပ္ပာယ်ရေးဖြေလည်း ပါလာ၏။ ပုံနှိပ်မေးခွန်းများကို အဖြေလွှာစာရွက်များဖြင့် ခွင့်ပြုချိန်အတိုင်း ဖြေဆိုကြရ၏။ မေးခွန်းများကို သဒ္ဒါ၊ သင်္ဂြိုလ်စသည့် ပြဋ္ဌာန်းကျမ်းများ၏ အဋ္ဌကထာ၊ ဋီကာ၊ နိဿယကျမ်းများမှ ထုတ်နုတ်၍ မေးမြန်း၏။

**သီပေါမင်းလက်ထက်တွင် စာတော်ပြန်ပွဲမှာ တစ်ခေတ်ဆန်းလာခဲ့၏။ 'ပထမစာတော်ပြန်ဥပဒေ'သည် စာအုပ်အဖြစ်နှင့် စနစ်တကျပေါ်လာခဲ့၏။ ထိုဥပဒေကျမ်းအရ စာတော်ပြန်ကျမ်းစာများမှာ တစ်မူထူးခြားလာခဲ့သည်။ အတန်းများမှာ ပထမကျော်၊ ပထမကြီးနှင့် ပထမငယ်တန်းဟူ၍ သုံးတန်းသာရှိ၏။ မင်းတုန်းမင်းတရားကြီးလက်ထက်ကကဲ့သို့ အတန်းလိုက် မသတ်မှတ်။ ရှင်လောင်း၊ ပဉ္စင်းမျှကိုသာ ခွဲခြားပြီး အတန်းစုံအတွက် ကျမ်းစာတစ်မျိုးတစ်စားတည်း ပြဋ္ဌာန်းထားကြောင်း မှတ်တမ်း၌ တွေ့ရ၏။ ရှေးမင်းများလက်ထက်က အာဂုံပြန်နှင့် နှုတ်မေးနှုတ်ဖြေ နှစ်မျိုးသာရှိ၏။ သီပေါမင်းလက်ထက်တွင် ပထမပြန်ဥပဒေအရ အာဂုံပြန်နှင့် နှုတ်မေးနှုတ်ဖြေအပြင် သဘောအဓိပ္ပာယ်ရေးဖြေလည်း ပါလာ၏။ ပုံနှိပ်မေးခွန်းများကို အဖြေလွှာစာရွက်များဖြင့် ခွင့်ပြုချိန်အတိုင်း ဖြေဆိုကြရ၏။ မေးခွန်းများကို သဒ္ဒါ၊ သင်္ဂြိုလ် စသည့် ပြဋ္ဌာန်းကျမ်းများ၏ အဋ္ဌကထာ၊ ဋီကာ၊ နိဿယကျမ်းများမှ ထုတ်နုတ်၍ မေးမြန်း၏။**

ပထမစာတော်ပြန်ပွဲသဘင်နှင့်ပတ်သတ်ပြီး ရှေးမင်းများလက်ထက်က ကြိုတင်၍ အစမ်းစာမေးပွဲကျင်းပသည်ကို မတွေ့ရ။ မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက်တွင် စာတော်ပြန်ပွဲမကျင်းပမီ တန်ခူးလဆန်းမှ ကဆုန်လကုန်အထိ အစမ်းစာမေးပွဲများ ကျင်းပပြုလုပ်သေးသည်ဟု မှတ်တမ်းများအရ သိရ၏။ အစမ်းစာမေးပွဲကို အောင်မြင်မှ ပထမစာတော်ပြန်ပွဲကို ဝင်ခွင့်ရ၏။

စာတော်ပြန်ပွဲပြီး၍ တစ်လခန့်အကြာတွင် ဘုရင်မင်းမြတ်ကိုယ်တော်တိုင် စာအောင်ပုဂ္ဂိုလ်များအား ပူဇော်ခြင်းအမှုပြု၏။ နန်းတော်တွင် ကြီးကျယ်ခမ်းနားသော ပူဇော်ပွဲကို ကျင်းပ၏။ နန်းတော်လွှတ်ရုံးရှေ့တွင် မဏ္ဍပ် ကနားကြီးများ ဆောက်၍ ပြင်ဆင်မွမ်းမံထား၏။ စိန်ဆိုင်း၊ မြဆိုင်းများက ငြိမ့်ညောင်းသာယာစွာ တီးမှုတ်နေကြရ၏။ ကြိုတ်ကြိုတ်တိုးကာ စည်ကားလှ၏။ မင်းမှူးမတ်အိမ်များမှ စာအောင်သူများ စုပေါင်းလျက် ပူဇော်ပွဲအခမ်းအနားသို့ လှည့်လည်လာကြ၏။

စာတော်ပြန်ပွဲကို ရှေးဘုရင်များက သာသနာ့ အာဇာနည်များ ပေါ်ထွက်ရန် ရည်သန်ကျင်းပကြသည်။ ယခုအခါမှာလည်း နိုင်ငံတော်အစိုးရက အစဉ်အလာမပျက် ဆောင်ရွက်ပေးလျက်ရှိ၏။ နှစ်စဉ် ပထမငယ်၊ ပထမလတ်၊ ပထမကြီးနှင့် ဓမ္မစရိယ စာချတန်းများအပြင် ပိဋကတ်သုံးပုံ ရေးဖြေ၊ အာဂုံ စာမေးပွဲများကို ကျင်းပပေးလျက်ရှိ၏။

နယုန်လပြည့်နေ့ကို 'မဟာသမယ အခါတော်နေ့'ဟုလည်း ခေါ်သည်။ မဟာသမယသုတ် ဖြစ်ပေါ်လာပုံမှာ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါက ကပိလဝတ်နှင့် ကောလိယ နှစ်ပြည်ကြားရှိ ရောဟိဏီမြစ်သည် အစဉ်၌ မြစ်တစ်ခုတည်းဖြစ်၍ အဆုံး၌မူ နှစ်ခွဖြာထွက်လျက် ငါးကြင်းမြီးကဲ့သို့ ဖြစ်နေ၏။ မြစ်တစ်ဖက်ကိုပိတ်လိုက်လျှင် တစ်ဖက်သို့ ရေများစွာလာ၍ လယ်ကွင်းသို့ ရေဝင်၏။

ကပိလဝတ်နှင့် ကောလိယ နှစ်ပြည်ထောင်သား လယ်သမားတို့သည် ရောဟိဏီမြစ်ရေ ခွဲဝေသုံးစွဲရေးနှင့်ပတ်သက်ပြီး ခိုက်ရန်ဖြစ်ပွားကြ၏။ လယ်သမားများမှတစ်ဆင့် အုပ်ချုပ်သူမင်းများထံသို့ ထိုပြဿနာ ရောက်ရှိသွား၏။ နှစ်ပြည်ထောင်မင်းတို့သည်လည်း စစ်အင်္ဂါလေးပါးပြင်၍ တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်ရန် ချီတက်ခဲ့ကြ၏။

နှစ်ပြည်ထောင်သားတို့ စစ်ပြေငြိမ်းစေရန်နှင့် ငြိမ်းချမ်းရေး ရရှိရန်အကျိုးငှာ ဘုရားရှင်သည် နှစ်ဖက်သော စစ်တပ်အလယ်သို့ ကြွသွားကာ ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ၍ ခြောက်သွယ်သောရောင်ခြည်တော်တို့ဖြင့် ထိုင်နေတော်မူ၏။ ထိုအခါ နှစ်ပြည်ထောင်သားတို့သည် လက်နက်များချကာ ဘုရားရှင်အား ညွတ်တွား၍ ခစားနေကြကုန်၏။ ထို့နောက် ဘုရားရှင်သည် နှစ်ပြည်ထောင်သားတို့အား တေရသကနိပါတ် ဖန္ဒနဇာတ်၊ စတုက္ကနိပါတ် ပထဝီဥန္ဒြိယဇာတ်၊ ပဉ္စကနိပါတ် လဋုကိကဇာတ်တို့ကိုဟောကြားတော်မူသည်။ ဒေါသအမျက်ဖြေသိမ်းပြီး စိတ်ထိန်းရန်နှင့် ငြိမ်းချမ်းရေး ဖြစ်စေခြင်းငှာ၊ ညီညွတ်ခြင်းအကျိုးကို ပြခြင်းငှာ ဧကနိပါတ် ရုက္ခဓမ္မဇာတ်နှင့် ဝဋ္ဋကဇာတ်ကို ဟောတော်မူသည်။ ထိုသို့ ဇာတ်ပေါင်းငါးခု ဟောတော်မူပြီးနောက် မိမိတို့ကိုယ်ကို ဆုံးမနိုင်စေခြင်းငှာ အတ္တဒဏ္ဍသုတ်ကို ဟောတော်မူ၏။

ထိုအခါ နှစ်ပြည်ထောင်မင်းတို့သည် နှစ်ဦးနှစ်ဖက်သေကျေပျက်စီးမည့်ဘေးမှ ကယ်တင်ဟောကြားပေးတော်မူသော ဘုရားရှင်၏ ငြိမ်းချမ်းရေးတရားတော်ကြောင့် စစ်ပြေငြိမ်းကြသည်။ ထို့နောက် နှစ်ဖက်သော မင်းမျိုးတို့မှ ၂၅၀ စီသော မင်းသားငယ်တို့သည် ဘုရားရှင်ထံ ရဟန်းပြုတော်မူကြ၏။ ဘုရားရှင်က ရဟန်းငါးရာတို့အား 'အသီတိနိပါတ် ကုဏာလဇာတ်'ကို ဟောကြားတော်မူရာ ရဟန်းအားလုံးတို့သည် သောတာပတ္တိမဂ်၌ တည်ကြကုန်၏။ ထို့နောက် ဘုရားရှင်ပေးသနားတော်မူသော ကမ္မဋ္ဌာန်းတရားကို ဆက်လက်အားထုတ်ကြရာ ရဟန်းငါးရာတို့သည် မဟာဝုန်တော၌ပင် ရဟန္တာများ ဖြစ်သွားကြသည်။

ထိုအခါ သက္ကတိုင်း ကပိလဝတ်ပြည်၏အနီးဖြစ်သော မဟာဝုန်တောအုပ်ကြီးဝယ် သစ္စာဉာဏ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြကုန်သည့် ငါးရာသော ရဟန္တာအရှင်မြတ်တို့နှင့် များစွာသော နတ်ဗြဟ္မာအပေါင်းတို့၏ 'မဟာသမယ' (မဟာ- မရေမတွက်နိုင်အောင် များပြားကြီးကျယ်သော၊ သမယ- နတ်၊ ဗြဟ္မာအပေါင်းတို့ ညီညွတ်စည်းဝေးရာအခါ) အစည်းအဝေးပွဲကြီး ထင်ရှားစွာ ဖြစ်ပေါ်ခဲ့သည်။ ထိုနေ့ ထိုအချိန်သည် နယုန်လပြည့် ညချမ်းအချိန်အခါဖြစ်ပေသည်။

နယုန်လပြည့် ညချမ်းအခါ၌ စကြာဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် ဘုရားရှင်ရှေ့မှောက်သို့ တရားတော် နာယူရန် ရောက်လာကြသည်။ ဘုရားရှင်သည် ကောင်းကင်တစ်ခုလုံးပြည့်နေသော နတ်၊ ဗြဟ္မာအပေါင်းနှင့် ရဟန္တာငါးရာတို့အား မဟာသမယသုတ်တော်ကို ဟောကြားတော်မူသည်။

နယုန်လပြည့်နေ့၌ ထိုကဲ့သို့ နတ်ဗြဟ္မာများ စုရုံးစည်းဝေးခြင်းကို 'မဟာသမယ'ဟု ခေါ်သည်။ များစွာသော နတ်ဗြဟ္မာအပေါင်းတို့၏ အစည်းအဝေးကြီးဟု ဆိုလိုခြင်းဖြစ်သည်။

ထိုနတ်သဘင်အစည်းအဝေး၌ ဘုရားရှင်က နတ်ဗြဟ္မာတို့၏ အမည်နာမအမျိုးမျိုးကို ထုတ်ဖော်မြွက်ကြား နှုတ်ဆက်သော စကားတော်များကို 'မဟာသမယသုတ်'ဟု ခေါ်သည်။

မဟာသမယသုတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းအားဖြင့် ဘေးဒဏ်အန္တရာယ်၊ ရန်စွယ်ခပ်သိမ်း ကင်းငြိမ်းချမ်းသာ နတ်ဗြဟ္မာအပေါင်း နှစ်ထောင်းအားရ အလွန် ချစ်မြတ်နိုးခြင်း၊ မဟာသမယသုတ္တန် ဓမ္မခန်ဖြင့် ကိုယ်တွင်းကိုယ်ပြင် ဖြူစင်သန့်ရှင်း ကြီးပွားချမ်းသာခြင်း၊ မဟာသမယသုတ်တော်အဟုန် နေအာရုဏ်နှင့် ပေါင်းဆုံခွင့်ရခြင်းကြောင့် သစ္စာဉာဏ် အဆင့်ဆင့်ဖြင့် ပွင့်လင်းခြင်းသို့ ရောက်နိုင်ခြင်းစသော အကျိုးတရားများကို ရရှိနိုင်ပါသည်။ ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးကာ အေးချမ်းသာယာစေရန် နယုန်လပြည့်နေ့၌ ထူးမြတ်ပြည့်စုံသော မဟာသမယသုတ်တော်ကို ရွတ်ဖတ်ပူဇော်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# အသင်းကြီးအများစုအနိုင်ရမယ့် ခြေစစ်ပွဲများ

ဝေမိုးဆက်




၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေရဲ့ဥရောပဇုန်ခြေစစ်ပွဲတွေကို လာမယ့်ဇွန်လ ၁၀ရက်၊ ၁၁ရက်၊ ၁၂ ရက်နေ့တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါ ဥရောပဇုန်ခြေစစ်ပွဲတွေဟာ လက်ရှိအချိန်မှာ ပြိုင်ဆိုင်မှုပြင်းထန်တဲ့အခြေအနေတွေကိုရောက်ရှိနေကြသလို တချို့အသင်းကြီးတွေအနေနဲ့လည်း ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်နိုင်ဖို့ ရုန်းကန်နေရဆဲဖြစ်တာကြောင့် အမှားမခံတဲ့အခြေအနေမှာရှိနေပါတယ်။ ဒါကြောင့် အဆိုပါပွဲတွေအနက်က ပွဲကောင်းတချို့ကို သုံးသပ်ဖော်ပြပေးလိုက်ပါတယ်။

## စကော့တလန် VS အင်္ဂလန်

| | | | | |
|---|---|---|---|---|
| ပကျော့ | အင်္ဂလန် | ၃ | ၀ | စကော့တလန် |

အင်္ဂလန်ဟာ လက်ရှိအချိန်မှာ အုပ်စုထိပ်ဆုံးမှာ ရပ်တည်နေပေမယ့် ဒုတိယနေရာက ဆလိုဗက်ကီးယားနဲ့ လေးမှတ်သာကွာတာကြောင့် ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ဖို့ သေချာမှုမရှိသေးပါဘူး။ ဒါကြောင့်လည်း အင်္ဂလန်အနေနဲ့ ဒီပွဲမှာ အနိုင်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း စကော့တလန်ကလည်း ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်နိုင်သေးတာကြောင့် အိမ်ကွင်းမှာ အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဒါကြောင့် အင်္ဂလန်ကပ်ပြီးသာနိုင်မယ်။

## ဆားဘီးယား VS ဝေးလ်

| | | | | |
|---|---|---|---|---|
| ပကျော့ | ဝေးလ် | ၁ | ၁ | ဆားဘီးယား |

ဒီခြေစစ်ပွဲတွေအတွင်းမှာ ဝေးလ်ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိသလို ခြေစစ်ပွဲအောင်မြင်နိုင်ဖို့တောင် ရုန်းကန်နေရပါတယ်။ ဒါကြောင့်လည်း ဝေးလ်တို့နိုင်ပွဲရယူနိုင်ရေးအားစိုက်လာမှာဖြစ်ပေမယ့်လည်း အဝေးကွင်းဖြစ်သလို ဘေးလ်ပါဝင်နိုင်ဖို့လည်း မသေချာပါဘူး။ ဆားဘီးယားကတော့ အိမ်ကွင်းဖြစ်တာကြောင့် ခြေစစ်ပွဲ တိုက်ရိုက်အောင်မြင်နိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဝေးလ်အမြင့်ဆုံးသရေလောက်ပဲရမယ်။

## ဟော်လန် VS လတ်ဆင်းဘတ်

| | | | | |
|---|---|---|---|---|
| ပကျော့ | လတ်ဆင်းဘတ် | ၁ | ၃ | ဟော်လန် |

ဟော်လန်ဟာ လက်ရှိအချိန်မှာ ခြေစစ်ပွဲအောင်မြင်နိုင်ဖို့ ရုန်းကန်နေရပေမယ့် ခြေစစ်ပွဲအောင်မြင်ခွင့် မျှော်လင့်ချက်ရှိနေသေးတာကြောင့် အိမ်ကွင်းမှာ အားစိုက်ကစားလာဖို့ရှိနေပါတယ်။ အထူးသဖြင့် လတ်ဆင်းဘတ်ဟာ အုပ်စုတွင်းမှာ ခြေစွမ်းပိုင်း အားနည်းဆုံးအသင်းဖြစ်ပြီး ကစားသမားအင်အားပိုင်းမှာလည်း ဟော်လန်ကို ယှဉ်နိုင်ခြင်းမရှိပါဘူး။ နိုင်ပွဲလိုအပ်နေတဲ့ ဟော်လန်တို့အိမ်ကွင်းမှာ ဂိုးပြတ်အနိုင်ကစားသွားနိုင်မှာပါ။

## လတ်ဗီးယား VS ပေါ်တူဂီ

| | | | | |
|---|---|---|---|---|
| ပကျော့ | ပေါ်တူဂီ | ၄ | ၁ | လတ်ဗီးယား |

ပေါ်တူဂီဟာ ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်နိုင်ဖို့အတွက် ဆွစ်ဇာလန်ကို ဖိအားပေးနိုင်ဖို့ဒီပွဲကို အနိုင်ရယူနိုင်ရေးအားစိုက်ကစားလာမှာ သေချာနေပါတယ်။ ပေါ်တူဂီဟာ အသင်းလိုက် ခြေစွမ်းပိုင်းလည်း ကောင်းမွန်မှုရှိသလို ဒီပွဲအတွက် ရော်နယ်ဒို၊ နာနီတို့လို ကစားသမားတွေကိုလည်း ခေါ်ယူထားပါတယ်။ ဒ့ါအပြင် လတ်ဗီးယားကလည်း ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေတာကြောင့် ဒီပွဲမှာပေါ်တူဂီကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

## အီတလီ VS လီချင်စတိန်း

| | | | | |
|---|---|---|---|---|
| ပကျော့ | လီချင်စတိန်း | ၀ | ၄ | အီတလီ |

ပထမအကျော့အဖြစ် အိမ်ကွင်းမှာကစားခဲ့ရတုန်းကတောင် လီချင်စတိန်းဟာအီတလီကို မထိန်းချုပ်နိုင်ခဲ့ဘဲ ဂိုးပြတ်အရေးနိမ့်ခဲ့ရပါတယ်။ လက်ရှိအချိန်မှာလည်း အီတလီဟာအိမ်ကွင်းဖြစ်တဲ့အပြင် ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်နိုင်ဖို့ စပိန်နဲ့အားပြိုင်နေရတဲ့အတွက် ပိုမိုအားစိုက်ကစားလာမှာ သေချာနေပါတယ်။ အီတလီရဲ့ခြေစွမ်းပိုင်းကလည်း ကောင်းမွန်မှုရှိနေတာကြောင့် လီချင်စတိန်းကို ဖိအားပေးနိုင်ဦးမှာပါ။ အီတလီပဲအနိုင်ရမယ်။

## ပိုလန် VS ရိုမေးနီးယား

| | | | | |
|---|---|---|---|---|
| ပကျော့ | ရိုမေးနီးယား | ၀ | ၃ | ပိုလန် |

ပိုလန်ဟာ ဒီပွဲအနိုင်ရခဲ့မယ်ဆိုရင် ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်နိုင်ဖို့ ပိုမိုသေချာသွားမှာ ဖြစ်တဲ့အတွက် အိမ်ကွင်းမှာ အားစိုက်ကစားလာမှာဖြစ်သလို လီဝမ်ဒေါ့စကီးအပါအဝင်လူစုံအသုံးပြုလာနိုင်ပါတယ်။ ရိုမေးနီးယားကလည်း ခြေစစ်ပွဲအောင်မြင်နိုင်ခွင့် မျှော်လင့်ချက် ရှိနေသေးတာကြောင့် အားစိုက်ကစားလာမှာဖြစ်ပေမယ့် ကစားသမားတွေရဲ့ တစ်ဦးချင်းခြေစွမ်းမှာ ပိုလန်ကိုမမီပါဘူး။ ပိုလန်ကသာ အိမ်ကွင်းမှာ နိုင်ပွဲရသွားမှာပါ။

## အက်စ်တိုးနီးယား VS ဘယ်လ်ဂျီယံ

| | | | | |
|---|---|---|---|---|
| ပကျော့ | ဘယ်လ်ဂျီယံ | ၈ | ၁ | အက်စ်တိုးနီးယား |

ပထမအကျော့တုန်းက ဘယ်လ်ဂျီယံတို့ စံချိန်တင် သွင်းဂိုးတွေနဲ့ အနိုင်ရယူနိုင်ခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာလည်း အက်စ်တိုးနီးယားရဲ့ခြေစွမ်းပိုင်းက တိုးတက်မှုရှိမလာသေးပါဘူး။ ဘယ်လ်ဂျီယံကတော့ ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ဖို့အတွက် အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ဘယ်လ်ဂျီယံဟာ ဒီပွဲကိုအဝေးကွင်းမှာ ကစားရမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းအသာရနေသလို ကစားသမားအင်အားလည်း ပိုမိုပြီး တောင့်တင်းတာကြောင့် နိုင်ပွဲရမှာပါ။

## ဆွီဒင် VS ပြင်သစ်

| | | | | |
|---|---|---|---|---|
| ပကျော့ | ပြင်သစ် | ၂ | ၁ | ဆွီဒင် |

နှစ်သင်းစလုံးခြေစွမ်းပြနေကာ အုပ်စုတွင်းမှာ ပထမနဲ့ဒုတိယနေရာမှာ ရပ်တည်နေကြပေမယ့် တတိယနေရာက ဘူဂေးရီးယားနဲ့ အမှတ်ကွာဟမှုက နည်းလွန်းနေတာကြောင့် နှစ်သင်းစလုံးအတွက် အရေးပါတဲ့ပွဲဖြစ်နေပါတယ်။ လက်ရှိအချိန်မှာ ပြင်သစ်ဟာ ကစားသမားစုဖွဲ့မှုအရ ဆွီဒင်ထက်ပိုမိုတောင့်တင်းပေမယ့် ဆွီဒင်က အသင်းလိုက် ကစားပုံကောင်းသလို အိမ်ကွင်းအားသာချက်လည်း ရှိနေပါတယ်။ သရေကျသွားဖို့များပါတယ်။

## ဂျာမနီ VS ဆန်မာရီနို

| | | | | |
|---|---|---|---|---|
| ပကျော့ | ဆန်မာရီနို | ၀ | ၈ | ဂျာမနီ |

ပထမအကျော့တုန်းက ဆန်မာရီနိုဟာ အိမ်ကွင်းမှာ ကစားခဲ့ရတာတောင် ဂျာမနီကို ထိန်းချုပ်နိုင်ခြင်းမရှိခဲ့ဘဲ ရှစ်ဂိုးပြတ်နဲ့တောင် ရှုံးနိမ့်ခဲ့ရပါတယ်။ ဒီပွဲကလည်း ဂျာမနီရဲ့ကွင်းဖြစ်နေတာကြောင့် ဆန်မာရီနိုတို့ ပိုမိုခက်ခဲနိုင်ပါတယ်။ ဂျာမနီဟာ အုပ်စုပထမနဲ့တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်နိုင်ဖို့အားစိုက်ကစားလာမှာဖြစ်တာကြောင့် ဆန်မာရီနိုတို့ပိုမိုအခက်တွေ့နိုင်ပါတယ်။ အိမ်ကွင်းမှာ ဂျာမနီကသာ ဂိုးပြတ်နိုင်ပွဲရမယ်။

## မက်ဆီဒိုးနီးယား VS စပိန်

| | | | | |
|---|---|---|---|---|
| ပကျော့ | စပိန် | ၄ | ၀ | မက်ဆီဒိုးနီးယား |

ခြေစစ်ပွဲ တိုက်ရိုက်အောင်မြင်နိုင်ဖို့အတွက် အီတလီနဲ့အားပြိုင်နေရတဲ့ စပိန်ဟာဒီလိုပွဲမျိုးမှာ အမှားခံမှာမဟုတ်ပါဘူး။ စပိန်ဟာ ဒီခြေစစ်ပွဲအတွက် ရာမို့စ်၊ ပီကေး၊ ဆေးလ်ဗား၊ မိုရာတာတို့လို ကစားသမားကောင်းတွေကိုလည်းရွေးချယ်ထားပါတယ်။ မက်ဆီဒိုးနီးယားကတော့ ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့်လည်း စပိန်တို့ ဒီပွဲစဉ်မှာအခွင့်ပိုသာနိုင်ပြီး အဝေးကွင်းဖြစ်ပေမယ့် ဂိုးပြတ်အနိုင်ရသွားနိုင်ပါတယ်။

## အိုက်စလန် VS ခရိုအေးရှား

| | | | | |
|---|---|---|---|---|
| ပကျော့ | ခရိုအေးရှား | ၀ | ၄ | အိုက်စလန် |

အုပ်စုထိပ်ဆုံးမှာ ရပ်တည်နေတဲ့နှစ်သင်းဆုံတွေ့ပွဲ ဖြစ်တာကြောင့် စိတ်ဝင်စားဖို့ကောင်းပါတယ်။ ခရိုအေးရှားဟာ မန်ဇူကစ်၊ မိုဒရစ်၊ ရာကီတစ်တို့လိုကစားသမားတွေကို ခေါ်ယူထားသလို အသင်းလိုက်ခြေစွမ်းလည်း ကောင်းမွန်နေပေမယ့် အိုက်စလန်ကလည်း ဒီပွဲနိုင်ရင် ခရိုအေးရှားနဲ့ အမှတ်တူကာ တိုက်ရိုက်ခြေစစ်ပွဲ အောင်ဖို့မျှော်လင့်နိုင်မှာဖြစ်တဲ့အတွက် အားစိုက်လာမှာပါ။ ဒါကြောင့် ခရိုအေးရှားအခက်တွေ့နိုင်ကာ သရေကျဖို့များပါတယ်။

## အုပ်စု (A)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ပြင်သစ် | ၅ | ၄ | ၁ | ၀ | ၁၃ |
| ဆွီဒင် | ၅ | ၃ | ၁ | ၁ | ၁၀ |
| ဘူဂေးရီးယား | ၅ | ၃ | ၀ | ၂ | ၉ |
| ဟော်လန် | ၅ | ၂ | ၁ | ၂ | ၇ |
| ဘီလာရုစ် | ၅ | ၀ | ၂ | ၃ | ၂ |
| လတ်ဆင်းဘတ် | ၅ | ၀ | ၁ | ၄ | ၁ |

## အုပ်စု (B)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ဆွစ်ဇာလန် | ၅ | ၅ | ၀ | ၀ | ၁၅ |
| ပေါ်တူဂီ | ၅ | ၄ | ၀ | ၁ | ၁၂ |
| ဟန်ဂေရီ | ၅ | ၂ | ၁ | ၂ | ၇ |
| ဖာရိုကျွန်းစု | ၅ | ၁ | ၂ | ၂ | ၅ |
| လတ်ဗီးယား | ၅ | ၁ | ၀ | ၄ | ၃ |
| အန်ဒိုရာ | ၅ | ၀ | ၁ | ၄ | ၁ |

## အုပ်စု (C)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ဂျာမနီ | ၅ | ၅ | ၀ | ၀ | ၁၅ |
| မ/အိုင်ယာလန် | ၅ | ၃ | ၁ | ၁ | ၁၀ |
| ချက် | ၅ | ၂ | ၂ | ၁ | ၈ |
| အဇာဘိုင်ဂျန် | ၅ | ၂ | ၁ | ၂ | ၇ |
| နော်ဝေ | ၅ | ၁ | ၀ | ၄ | ၃ |
| ဆန်မာရီနို | ၅ | ၀ | ၀ | ၅ | ၀ |

## အုပ်စု (E)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ပိုလန် | ၅ | ၄ | ၁ | ၀ | ၁၃ |
| မွန်တီနီဂရိုး | ၅ | ၂ | ၁ | ၂ | ၇ |
| ဒိန်းမတ် | ၅ | ၂ | ၁ | ၂ | ၇ |
| ရိုမေးနီးယား | ၅ | ၁ | ၃ | ၁ | ၆ |
| အာမေးနီးယား | ၅ | ၂ | ၀ | ၃ | ၆ |
| ကာဇက်စတန် | ၅ | ၀ | ၂ | ၃ | ၂ |

## အုပ်စု (F)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| အင်္ဂလန် | ၅ | ၄ | ၁ | ၀ | ၁၃ |
| ဆလိုဗက်ကီးယား | ၅ | ၃ | ၀ | ၂ | ၉ |
| စလိုဗေးနီးယား | ၅ | ၂ | ၂ | ၁ | ၈ |
| စကော့တလန် | ၅ | ၂ | ၁ | ၂ | ၇ |
| လစ်သူယေးနီးယား | ၅ | ၁ | ၂ | ၂ | ၅ |
| မော်လ်တာ | ၅ | ၀ | ၀ | ၅ | ၀ |

## အုပ်စု (D)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ဆားဘီးယား | ၅ | ၃ | ၂ | ၀ | ၁၁ |
| အိုင်ယာလန် | ၅ | ၃ | ၂ | ၀ | ၁၁ |
| ဝေးလ် | ၅ | ၁ | ၄ | ၀ | ၇ |
| သြစတြီးယား | ၅ | ၂ | ၁ | ၂ | ၇ |
| ဂျော်ဂျီယာ | ၅ | ၀ | ၂ | ၃ | ၂ |
| မော်ဒိုဗာ | ၅ | ၀ | ၁ | ၄ | ၁ |

## အုပ်စု (I)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ခရိုအေးရှား | ၅ | ၄ | ၁ | ၀ | ၁၃ |
| အိုက်စလန် | ၅ | ၃ | ၁ | ၁ | ၁၀ |
| ယူကရိန်း | ၅ | ၂ | ၁ | ၁ | ၈ |
| တူရကီ | ၅ | ၂ | ၁ | ၁ | ၈ |
| ဖင်လန် | ၅ | ၀ | ၁ | ၄ | ၁ |
| ကိုဆိုဗို | ၅ | ၀ | ၁ | ၄ | ၁ |

## အုပ်စု (G)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| စပိန် | ၅ | ၄ | ၁ | ၀ | ၁၃ |
| အီတလီ | ၅ | ၄ | ၁ | ၀ | ၁၃ |
| အစ္စရေး | ၅ | ၃ | ၀ | ၂ | ၉ |
| အယ်ဘေးနီးယား | ၅ | ၂ | ၀ | ၃ | ၆ |
| မက်ဆီဒိုးနီးယား | ၅ | ၁ | ၀ | ၄ | ၃ |
| လီချင်စတိန်း | ၅ | ၀ | ၀ | ၅ | ၀ |

## အုပ်စု (H)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ဘယ်ဂျီယံ | ၅ | ၄ | ၁ | ၀ | ၁၃ |
| ဂရိ | ၅ | ၃ | ၂ | ၀ | ၁၁ |
| ဘော့စနီးယား | ၅ | ၃ | ၁ | ၁ | ၁၀ |
| ဆိုက်ပရပ်စ် | ၅ | ၁ | ၁ | ၃ | ၄ |
| အက်စ်တိုးနီးယား | ၅ | ၁ | ၁ | ၃ | ၄ |
| ဂျီဘရော်တာ | ၅ | ၀ | ၀ | ၅ | ၀ |




# မျှော်ကြည့်မိတဲ့ မိုနာကိုလူငယ်တိုက်စစ်မှူး အမ်ဘတ်ပီရဲ့လားရာများ

— အောင်က

**အခါအားလျော်စွာ** ဘောလုံးလောကမှာတော့ လူငယ်ကစားသမားကောင်းတွေ ထွက်ပေါ်လေ့ရှိပါတယ်။ လက်ရှိအချိန်မှာလည်း ဥရောပဘောလုံးလောကမှာ လူငယ်ကစားသမားကောင်းတွေ ထွက်ပေါ်နေပါတယ်။ အဲ့ဒီထဲမှာ အတောက်ပဆုံးဖြစ်နေတဲ့ လူငယ်ကစားသမားကောင်းက မိုနာကိုတိုက်စစ်မှူး အမ်ဘတ်ပီလို့ ပြောရမှာဖြစ်ပါတယ်။ တိုက်စစ်မှူး အမ်ဘတ်ပီဟာ အသက် ၁၈ နှစ်သာရှိနေသေးပေမယ့် ပြီးခဲ့တဲ့ရာသီမှာတော့ အသင်းမှာ ပုံမှန်ပွဲထွက်ခွင့် ရရှိခဲ့ပါတယ်။ သူဟာ မိုနာကိုအသင်းနဲ့အတူ ပထမဦးဆုံး ပွဲထွက်ကစားခွင့်ရတဲ့ ရာသီမှာပဲ အသင်းကို ပြင်သစ်လိဂ်ဝမ်းဆုဖလားကို ရယူပေးနိုင်ခဲ့သလို ချန်ပီယံလိဂ်မှာလည်း ဆီမီးဖိုင်နယ်အထိ ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပါတယ်။ ဒါကြောင့်လည်း သူ့ရဲ့ခြေစွမ်းပိုင်းနဲ့ပတ်သက်ပြီး ဥရောပထိပ်တန်း အသင်းတော်တော်များက ခေါ်ယူဖို့ စိတ်ဝင်စားနေကြပြီး အရခေါ်ယူဖို့လည်း ပြင်ဆင်နေပါတယ်။ ဒါကြောင့် အမ်ဘတ်ပီရဲ့ ယခုနှစ်နွေရာသီ ဈေးကွက်အတွင်း ဖြစ်နိုင်ဖွယ်ရှိတဲ့ လားရာတွေကို ဖော်ပြလိုက်ပါတယ်။

**အာဆင်နယ်**

မန်နေဂျာ အာစင်ဝင်းဂါးဟာ အာဆင်နယ်အသင်းနဲ့ နှစ်နှစ်စာချုပ်သစ် ထပ်မံချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။ စာချုပ်သစ် ထပ်မံချုပ်ဆိုခြင်းနဲ့အတူ အာစင်ဝင်းဂါးနဲ့ ကပ်ပါလာတာကတော့ အောင်မြင်မှုဆိုတဲ့ ဖိအားတွေ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အာစင်ဝင်းဂါးဟာ လာမယ့်ရာသီမှာ ပရီမီယာလိဂ်ဆုဖလားကို ရယူနိုင်ဖို့အတွက် အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။ အာစင်ဝင်းဂါးရဲ့ မန်နေဂျာသက်တမ်းကို ကြည့်မယ်ဆိုရင်လည်း အကောင်းဆုံး လူငယ်ကစားသမားတွေကို တိုးတက်လာဖို့အတွက် ကူညီပေးခဲ့တဲ့ မန်နေဂျာတစ်ဦး ဖြစ်ပါတယ်။ အနယ်လ်ကာ၊ အွန်နရီ၊ ဗန်ပါစီတို့ဟာ အကောင်းဆုံးသက်သေလို့ ပြောရမှာပါ။ ဒါကြောင့် အမ်ဘတ်ပီသာ အာဆင်နယ်အသင်းကို ပြောင်းရွှေ့ခဲ့မယ်ဆိုရင်တိုးတက်ဖို့ အလားအလာတွေရှိပါတယ်။

ဒါပေမယ့် သူဟာ အာဆင်နယ်အသင်းရဲ့ကစားပုံနဲ့ရောအံ့ဝင်မှုရှိရဲ့လား။ ပြင်သစ်အသင်းမှာတော့ တိုက်စစ်မှူး ဂျရူးနဲ့ အမ်ဘတ်ပီတို့ရဲ့ တွဲဖက်ကစားပုံဟာ အကောင်းဆုံး ရှိနေခဲ့တာကြောင့် အာဆင်နယ် အသင်းမှာဆိုရင်လည်း အသားကျကစားနိုင်ဖို့ ရှိတယ် လို့ပြောရမှာပါ။ အာဆင်နယ်ရဲ့ ကစားကွက်ကလည်း များသောအားဖြင့် ၃-၄-၂-၁ ဖြစ်တာကြောင့် အမ်ဘတ်ပီအနေနဲ့ ပုံမှန်ကစားခွင့် မပျောက်ဆုံးနိုင်ဘဲ အေးဆေးသက်သာစွာပြောင်းရွှေ့ကစားနိုင်တဲ့အသင်းလို့ ပြောရမှာဖြစ်ပါတယ်။

**ဘိုင်ယန်မြူးနစ်**

ပြီးခဲ့တဲ့ရာသီမှာ အန်ဆယ်လော့တီကိုင်တွယ်တဲ့ ဘိုင်ယန်မြူးနစ်အသင်းရဲ့ အားနည်းချက်ကတော့ တိုက်စစ်မှူး လီဝမ်ဒေါ်စကီးရဲ့နေရာမှာ အစားထိုးနိုင်မယ့် အရန်တိုက်စစ်မှူးမရှိခြင်းဖြစ်ပါတယ်။ အဲ့ဒီအကျိုးရလဒ်တွေကြောင့်ပဲ ရီးရဲမက်ဒရစ်အသင်းနဲ့ ယှဉ်ပြိုင်ခဲ့ရတဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာတော့ အရှုံးနဲ့ရင်ဆိုင်ခဲ့တယ်လို့ ဝေဖန်မှုတွေရှိခဲ့ပါတယ်။ လက်ရှိအချိန်မှာ လီဝမ်ဒေါ်စကီးရဲ့အသက်ကလည်း ၂၈ နှစ်သာ ရှိနေသေးတာကြောင့် ကစားသမားတစ်ဦးအတွက်တော့ အကောင်းဆုံးအချိန်လို့ ပြောရမှာပါ။ ဒါကြောင့် အမ်ဘတ်ပီဟာ လီဝမ်ဒေါ်စကီးရဲ့ နေရာမှာတော့ အစားဝင်ဖို့ဆိုတာ မလွယ်ပါဘူး။ ဒါပေမယ့် တွဲဖက်ကစားနိုင်ဖို့တော့ ဖြစ်နိုင်တယ်လို့ ပြောရမှာပါ။ လက်ရှိအချိန်မှာ ဘိုင်ယန်မြူးနစ်အသင်းဟာ ရီနာဒိုဆန်းချက်ဇ်ကို ရောင်းထုတ်ဖို့ ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် အမ်ဘတ်ပီသာ ဘိုင်ယန်မြူးနစ်အသင်းကို ရောက်ရှိခဲ့မယ်ဆိုရင်လီဝမ်ဒေါ်စကီးနဲ့တွဲဖက်ကစားပြီး ပုံမှန်ပွဲထွက်ခွင့်ရရှိလာနိုင်ပါတယ်။

**မန်ယူ**

မန်ယူအသင်းမန်နေဂျာ မော်ရင်ညိုဟာ လူငယ်တိုက်စစ်မှူး အမ်ဘတ်ပီရဲ့ခြေစွမ်းတွေကိုတော့ အသိအမှတ်ပြု စောင့်ကြည့်နေတာကလည်း အမှန်လို့ဆိုရမှာပါ။ အမ်ဘတ်ပီဟာ အဆုံးသတ်ကောင်းသူတစ်ဦးဖြစ်သလို သွေးအေးအေးနဲ့ ဂိုးတွေကို သွင်းယူနိုင်တဲ့သူ တစ်ဦးလည်းဖြစ်ပါတယ်။ သူဟာ အသက်ငယ်ပေမယ့် နည်းစနစ်ပိုင်း ကောင်းမွန်လွန်းတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ မန်ယူအသင်းဟာ လက်ရှိအချိန်မှာတော့ ဂရစ်ဇ်မန်းကို ခေါ်ယူဖို့မဖြစ်နိုင်တော့သလို တိုက်စစ်မှူး အီဘရာဟီမိုဗစ်ကလည်း ဒဏ်ရာကြောင့်အသင်းမှာ ဆက်လက်ရှိနေဖို့က မသေချာတော့ပါဘူး။ လက်ရှိအချိန်မှာ မန်ယူအသင်းအတွက် အားကိုးရတဲ့သူကတော့ လူငယ်ကစားသမား ရက်ရှ်ဖို့ဒ် ဖြစ်ပါတယ်။ သူဟာ မန်ယူအသင်းအတွက် ဂိုးတွေသွင်းယူပေးနေသူလည်း ဖြစ်ပါတယ်။ အမ်ဘတ်ပီသာ မန်ယူအသင်းကို ပြောင်းရွှေ့လာခဲ့မယ်ဆိုရင်တော့ ရက်ရှ်ဖို့ဒ်နဲ့ တွဲကစားနိုင်ဖို့ရှိနေပါတယ်။ မန်ယူအသင်းအနေနဲ့ လင်ဂတ်ကို တွဲသုံးမယ်ဆိုရင်တောင် အမ်ဘတ်ပီအနေနဲ့ မန်ယူအသင်းမှာတော့ နေရာပျောက်စရာ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုရင် မန်ယူအသင်းဟာ များသောအားဖြင့် ၄-၄-၂ ကစားကွက်ကို အသုံးပြုတာကြောင့်ဖြစ်ပါတယ်။

**ရီးရဲမက်ဒရစ်**

ဒီနှစ်နွေရာသီမှာသာ ရီးရဲမက်ဒရစ်အသင်းကနေ တိုက်စစ်မှူး မိုရာတာ ထွက်ခွာခဲ့မယ်ဆိုရင် အသင်းအတွက် တိုက်စစ်မှူး လိုအပ်မှုကတော့ ရှိလာခဲ့မှာဖြစ်ပါတယ်။ အဲ့ဒီလိုအခြေအနေမျိုးမှာဆိုရင်တော့ လူငယ်တိုက်စစ်မှူး အမ်ဘတ်ပီဟာ ရီးရဲမက်ဒရစ်အသင်းအတွက် အသင့်တော်ဆုံးလို့ ပြောရမှာပါ။ အမ်ဘတ်ပီဟာ လာမယ့်နှစ်တွေအတွင်းမှာ ပြင်သစ်အသင်းရဲ့ အားထားရတဲ့ တိုက်စစ်မှူးတစ်ဦး ဖြစ်လာမှာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် အမ်ဘတ်ပီဟာ အားကျလေးစားရတဲ့ ကစားသမားကလည်း ရော်နယ်ဒိုဖြစ်တာကြောင့် အမ်ဘတ်ပီရဲ့လားရာဟာ ရီးရဲမက်ဒရစ်အသင်းဖြစ်ဖို့ကလည်း ရာခိုင်နှုန်းများတယ်လို့ ပြောရမှာပါ။ ဒါပေမယ့် အမ်ဘတ်ပီလိုကစားသမားတစ်ဦးအနေနဲ့ ရီးရဲမက်ဒရစ်အသင်းကိုသာ ပြောင်းရွှေ့ခဲ့မယ်ဆိုရင် ပုံမှန်ကစားခွင့် ရရှိနိုင်မလားဆိုတာကလည်း စဉ်းစားစရာကောင်းတဲ့ အချက်ဖြစ်ပါတယ်။ ရိုဒရီဂွက်ဇ်ဆိုရင် ၂၀၁၄ က ကမ္ဘာ့ဖလားမှာ တောက်ပခဲ့ပြီးတဲ့နောက် ရီးရဲမက်ဒရစ်အသင်းကို ပြောင်းရွှေ့လာခဲ့တာ ဖြစ်ပေမယ့် အသင်းမှာတော့ ပုံမှန်ပွဲထွက်ခွင့် ပျောက်ဆုံးခဲ့ရပါတယ်။ ဒါကြောင့် မိုနာကိုအသင်းရဲ့ လူငယ်တိုက်စစ်မှူး အမ်ဘတ်ပီရဲ့ နွေရာသီလားရာဟာ ဒီအသင်းတွေထဲက ဘယ်အသင်းကို ဖြစ်မလဲ။ ဒါမှမဟုတ်အသင်းမှာပဲ ဆက်လက်ရှိ နေမလား။ ဘောလုံးလောကဟာ ဘာမဆိုဖြစ်လာနိုင်တာကြောင့် အချိန်ကပြောမယ့်အဖြေကိုသာ စောင့်ကြည့်ရင်း အမ်ဘတ်ပီရဲ့လားရာကို မျှော်ကြည့်မိပါတယ်။

## ဂျူဗင်တပ်အသင်းနှင့် နည်းပြ အယ်လီဂရီတို့ စာချုပ်သစ် ချုပ်ဆို

— ထက်အောင် —



ဂျူဗင်တပ်စ်အသင်းသည် ပြီးခဲ့သည့် ဇွန်လ ၇ ရက်တွင်အသင်း၏ နည်းပြဖြစ်သူ မက်ဆီမီလီယာနို အယ်လီဂရီနှင့် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း၊ အဆိုပါ စာချုပ်သစ်အရ နည်းပြ အယ်လီဂရီသည် ဂျူဗင်တပ်အသင်း နည်းပြအဖြစ် ၂၀၂၀ ပြည့်နှစ်အထိရှိနေမည်ဖြစ်ကြောင်း ဂျူဗင်တပ်စ်အသင်းက အတည်ပြုသတင်းထုတ်ပြန်လိုက်သည်။

နည်းပြ အယ်လီဂရီသည် ပြီးခဲ့သည့် ၂၀၁၆-၁၇ ခုနှစ် ဘောလုံးရာသီတွင် ဂျူဗင်တပ်စ်အသင်းအား စီးရီးအေ ချန်ပီယံဆုဖလား၊ ကိုပါအီတာလီယာ ချန်ပီယံဆုဖလားတို့ကို ဆွတ်ခူးပေးနိုင်ခဲ့ကာ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲ အဆင့်အထိ တက်ရောက်နိုင်စေရန် ဦးဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၆ရက်တွင် ဂျူဗင်တပ်စ်အသင်းနည်းပြအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသူ နည်းပြအယ်လီဂရီသည် ဂျူဗင်တပ်စ်အသင်းအား စီးရီးအေချန်ပီယံဆုဖလား သုံးကြိမ်၊ ကိုပါအီတာလီယာ ဆုဖလားသုံးကြိမ်နှင့် စူပါကိုပါအီတာ လီယာချန်ပီယံဆုဖလားတစ်ကြိမ် ရယူပေးနိုင်ခဲ့ကာ နည်းပြ အယ်လီဂရီ၏ လက်အောက်တွင် ဂျူဗင်တပ်စ်အသင်း ကစားခဲ့သောပွဲများ၌ အနိုင်ရရှိမှုရာခိုင်နှုန်းမှာ ၆၉ ရာခိုင်နှုန်းရှိခဲ့သည်။

အာဆင်နယ်အသင်းနှင့် မန်နေဂျာ အာစင်ဝင်းဂါးတို့ စာချုပ်သစ် မချုပ်ဆိုမီတွင် နည်းပြ အယ်လီဂရီသည် အာဆင်နယ်အသင်းမန်နေဂျာသစ်ဖြစ်လာနိုင်သည်ဟု ထင်ကြေးပေးမှုများ ထွက်ပေါ်ခဲ့သော်လည်း ဂျူဗင်တပ်စ်အသင်းနှင့် ယခုချုပ်ဆိုခဲ့သည့် စာချုပ်သစ်အရ နည်းပြ အယ်လီဂရီသည် ၂၀၁၉-၂၀၂၀ ပြည့်နှစ် ဘောလုံးရာသီ ကုန်ဆုံးချိန်အထိ ဂျူဗင်တပ်စ်အသင်းတွင် ရှိနေမည်ဖြစ်သည်။

ဂျူဗင်တပ်စ်အသင်း၏ သတင်းထုတ်ပြန်ချက်၌ "ဂျူဗင်တပ်စ်အသင်းအနေနဲ့ နည်းပြ အယ်လီဂရီကို ၂၀၂၀ ပြည့်နှစ်အထိ သက်တမ်းရှိတဲ့ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုနိုင်ခဲ့ပြီဖြစ်တဲ့အကြောင်း သတင်းထုတ်ပြန်နိုင်ခဲ့တဲ့အတွက် ကျေနပ်ဂုဏ်ယူမိပါတယ်။ ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ ဂျူဗင်တပ်စ်အသင်း ရှုံးပွဲကြုံတွေ့ခဲ့ရပေမယ့် နည်းပြအယ်လီဂရီဟာ ဂျူဗင်တပ်စ်အသင်းကို ဥရောပရဲ့ထိပ်တန်းကလပ်အသင်းတွေအနက်က တစ်သင်းဖြစ်လာအောင် အသွင်ပြောင်းလဲပေးနိုင်ခဲ့တယ်ဆိုတာကိုတော့ ငြင်းလို့မရပါဘူး။ ပြီးခဲ့တဲ့ သုံးရာသီအတွင်းမှာ ချန်ပီယံလိဂ်ဗိုလ်လုပွဲကို နှစ်ကြိမ်တက်ရောက်နိုင်အောင် လုပ်ဆောင်ပေးနိုင်ခဲ့တာက နည်းပြအယ်လီဂရီရဲ့ စွမ်းရည်ကို သက်သေပြနေတဲ့အချက်ပါ" ဟု ဖော်ပြခဲ့သည်။

စာချုပ်သစ်အရ နည်းပြ အယ်လီဂရီသည် တစ်နှစ်လုပ်ခငွေ ယူရို ၇ သန်းရရှိမည်ဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

### ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲများ

**သောကြာနေ့ (၉-၆-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၁း၁၅ | ဘီလာရုစ် | - | ဘူလ်ဂေးရီးယား |
| နံနက် ၁း၁၅ | ဟော်လန် | - | လက်ဇင်းဘတ် |
| နံနက် ၁း၁၅ | ဆွီဒင် | - | ပြင်သစ် |
| နံနက် ၁း၁၅ | အန်ဒိုရာ | - | ဟန်ဂေရီ |
| နံနက် ၁း၁၅ | ဖာရိုကျွန်းစု | - | ဆွစ်ဇာလန် |
| နံနက် ၁း၁၅ | လတ်ဗီးယား | - | ပေါ်တူဂီ |
| နံနက် ၁း၁၅ | ဘောစနီးယား | - | ဂရိ |
| နံနက် ၁း၁၅ | အက်စ်တိုးနီးယား | - | ဘယ်ဂျီယံ |
| နံနက် ၁း၁၅ | ဂျီဘရော်တာ | - | ဆိုက်ပရပ်စ် |

**စနေနေ့ (၁၀-၆-၁၇)**

| | | | |
|---|---|---|---|
| ည ၁၀း၃၀ | အဇာဘိုင်ဂျန် | - | မ/အိုင်ယာလန် |
| ည ၁၀း၃၀ | ကာဇက်စတန် | - | ဒိန်းမတ် |
| ည ၁၀း၃၀ | စကော့တလန် | - | အင်္ဂလန် |
| ည ၁၀း၃၀ | ဆလိုဗေးနီးယား | - | မော်လ်တာ |
| နံနက် ၁း၁၅ | ဂျာမနီ | - | ဆန်မာရီနို |
| နံနက် ၁း၁၅ | နော်ဝေ | - | ချက် |
| နံနက် ၁း၁၅ | မွန်တီနီဂရိုး | - | အာမေးနီးယား |
| နံနက် ၁း၁၅ | ပိုလန် | - | ရိုမေးနီးယား |
| နံနက် ၁း၁၅ | လစ်သူယေးနီးယား | - | ဆလိုဗက်ကီးယား |

**တနင်္ဂနွေနေ့ (၁၁-၆-၁၇)**

| | | | |
|---|---|---|---|
| ည ၁၀း၃၀ | မော်လ်ဒိုဗာ | - | ဂျော်ဂျီယာ |
| ည ၁၀း၃၀ | အိုင်ယာလန် | - | သြစတြီးယား |
| ည ၁၀း၃၀ | ဖင်လန် | - | ယူကရိန်း |
| နံနက် ၁း၁၅ | ဆားဘီးယား | - | ဝေးလ် |
| နံနက် ၁း၁၅ | မက်ဆီဒိုးနီးယား | - | စပိန် |
| နံနက် ၁း၁၅ | အစ္စရေး | - | အယ်ဘေးနီးယား |
| နံနက် ၁း၁၅ | အီတလီ | - | လီချင်စတိန်း |
| နံနက် ၁း၁၅ | အိုက်စလန် | - | ခရိုအေးရှား |
| နံနက် ၁း၁၅ | ကိုဆိုဗို | - | တူရကီ |

# တနင်္သာရီ ယဉ်ကျေးမှုပြတိုက် စတင်ဆောက်လုပ်ရန် အုတ်မြစ်ချ

**တနင်္သာရီ ဇွန် ၈**
တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့၌ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို တစ်စုတစ်စည်းတည်း ထိန်းသိမ်းစုဆောင်း ထားရှိခြင်းဖြင့် နောင်လာနောက်သားများက သမိုင်းအမွေအနှစ်များကို လေ့လာမှုပြု၍ အစဉ်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက် မာန်လည်လမ်းတွင် ယဉ်ကျေးမှုပြတိုက်ကို စတင်ဆောက်လုပ်ရန် ဇွန် ၆ ရက်က အုတ်မြစ်ချခဲ့ကြောင်း သိရသည်။

အုတ်မြစ်ချ မင်္ဂလာအခမ်းအနားတွင် ပြတိုက်ဦးစီးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်၊ ပြတိုက်ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်လမ်းဦးစီးအရာရှိ(မြို့ပြ) ဦးကျော်သီဟ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဝေနှင့် ကော်မတီဝင်များ၊ မြို့နယ် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းစိုးဝင်းနှင့် ကော်မတီဝင်များက အုတ်မြစ်စီပေးခဲ့သည်။

အဆိုပါ ပြတိုက်အဆောက်အအုံကို အလျား ပေ ၄၀၊ အကျယ် ပေ ၃၀ နှင့် အမြင့် ၁၅ ပေရှိ တစ်ထပ်အဆောက်အအုံအဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး အဆောက်အအုံဖြစ်မြောက်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ငွေကျပ် ၁၀ သိန်းနှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လင်းအောင်မိသားစု၏ မတည်လှူဒါန်းငွေများနှင့်အတူ မြိတ်အများပိုင်ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးလှသန်း၊ မြိတ်မြို့မှလုပ်ငန်းရှင် ဦးကျောက်စိမ်းမိသားစု၊ မြို့နယ်အတွင်းမှ စေတနာရှင်များ၏ စုပေါင်းလှူဒါန်းမှုများ စုစုပေါင်း ငွေကျပ် ၃၅၇ သိန်းဖြင့် စတင်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# မွန်ပြည်နယ်အတွင်းမှ မြို့နယ်သုံးခု၌ ကျေးရွာချင်းဆက်တံတားကိုးစင်း တည်ဆောက်မည်

**မော်လမြိုင် ဇွန် ၈**
မွန်ပြည်နယ်အတွင်းမှ မြို့နယ်သုံးမြို့နယ်ဖြစ်သည့် ရေးမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်များတွင် ကျေးရွာချင်းဆက်တံတား ကိုးစင်းကို မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က တံတားတည်ဆောက်ရေးအတွက် မေလအတွင်းက တင်ဒါများ ခေါ်ယူထားပြီး လုပ်ငန်းများကို အမြန်ဆုံး အကောင်ထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်လျက်ရှိကြောင်း၊ ၎င်းစီမံကိန်းကို တစ်နှစ်အတွင်း အမြန်လုပ်ဆောင်သွားမည်ဖြစ်၍ တံတားများပြီးစီးသွားပါက ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများ သွားလာရေးတွင် အဆင်ပြေသွားမည်ဖြစ်ကြောင်း၊ အဆိုပါ တံတားကိုးစင်းကို မွန်ပြည်နယ်အစိုးရ၏ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၅၆၁၀ အကုန်ကျခံ၍ တည်ဆောက်သွားမည်ဖြစ်ပြီး တံတားအမျိုးအစားများမှာ ကွန်ကရစ်တံတားများ ဖြစ်ကြောင်း ပြောကြားသည်။

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၁၀ ခုတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တံတားအစင်းပေါင်း ၃၀ တည်ဆောက်ခွင့် တင်ပြထားသော်လည်း ကိုးစင်းသာ ခွင့်ပြုချက်ရရှိခဲ့သည့်အတွက် ပြည်နယ်တွင် နောက်ထပ်ဖြည့်စွက်ဘတ်ဂျက်နှင့် ဦးစားပေးဘတ်ဂျက်များ ရရှိပါက ကျန်သောတံတားများကိုလည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူးထံမှ သိရသည်။

**တင်ထွဋ် (မော်လမြိုင်)**

# သီတဂူ ဗုဒ္ဓဝါဒအခြေခံသင်တန်းကျောင်းဆောက်လုပ်ရန် ကျပ်သိန်း ၇၀၀၀ ခန့်တန်ဖိုးရှိ မြေခြောက်ဧကကျော် လှူဒါန်း

**ဒလ ဇွန် ၈**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ သီတဂူ ဗုဒ္ဓဝါဒအခြေခံသင်တန်းကျောင်းကြီး ဖွင့်လှစ်နိုင်ရေးအတွက် ကျပ်သိန်း ၇၀၀၀ ခန့် တန်ဖိုးရှိ မြေခြောက်ဧကကျော်ကို ဖိုးပြုံးချို ပရဟိတဖောင်ဒေးရှင်းမိသားစုတို့က လှူဒါန်းထားခဲ့ပြီးဖြစ်ရာ အဆိုပါမြေပေါ်တွင် သီတဂူဗုဒ္ဓဝါဒအခြေခံ သင်တန်းကျောင်း ဗွီနိုင်းဆိုင်းဘုတ်များကို ဇွန် ၆ ရက်က လိုက်လံစိုက်ထူခဲ့ကြောင်း သိရသည်။

သီတဂူ ဗုဒ္ဓဝါဒအခြေခံသင်တန်းကျောင်းကြီးအတွက် မြေလှူဒါန်းခြင်းနှင့် ပတ်သက်၍ ဖိုးပြုံးချို ပရဟိတဖောင်ဒေးရှင်းမှ အလှူရှင် ဒေါက်တာကျော်လွင်က "ကျွန်တော် ဒီမြေကို ၂၀၁၂ ခုနှစ်ကစပြီး ဝယ်ပါတယ်။ ၂၀၁၆ ခုနှစ်က ဆရာတော်ဘုရားကြီးကို လှူဒါန်းခဲ့တာပါ။ ရည်ရွယ်ချက်အနေနဲ့က ဒီဒေသမှာ ဆင်းရဲချို့တဲ့သူတွေ အရမ်းများပါတယ်။ ကျောင်းမနေနိုင်တဲ့ ကလေးတွေနဲ့ နေစရာအိမ်မရှိတဲ့ ကျူးကျော်သူတွေ များပါတယ်။ နောက်ပြီး နွေရာသီဆို ရေရှားပါးတဲ့ဒေသဖြစ်တယ်။ ဒါကြောင့် ဒီမြေနေရာကို သီတဂူဆရာတော်ကြီးရဲ့ သာသနာပြုလုပ်ငန်းများ ထွန်းကားကျယ်ပြန့်စေချင်တာရယ်၊ ကိုယ်ရဲ့ပရဟိတလုပ်ငန်းလည်း လုပ်ဖြစ်သွားတာရယ်ကြောင့် လှူဒါန်းခြင်းဖြစ်ပါတယ်"ဟု ပြောသည်။




သီတဂူ ဗုဒ္ဓဝါဒအခြေခံသင်တန်းကျောင်းကြီးတွင် ဘုန်းတော်ကြီးပညာသင်ကျောင်း၊ ကိုရင်ကျောင်း၊ သီလရှင်ကျောင်း၊ အခမဲ့ဆေးပေးခန်း၊ ဘိုးဘွားရိပ်သာများ၊ တရားစခန်းများနှင့် အခြားပရဟိတလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လာမည့် ပွင့်လင်းရာသီ သီတင်းကျွတ်ကာလတွင် အဆောက်အအုံများ စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖိုးပြုံးချို ပရဟိတဖောင်ဒေးရှင်းအနေဖြင့် ဖျာပုံ၊ ကျိုက်လတ်၊ မအူပင်၊ ဘိုကလေး၊ ဒေးဒရဲ မြို့နယ်များ၌ လူနာတင်ကားများဖြင့် လူနာများအား အခမဲ့ သယ်ယူပို့ဆောင်ပေးခြင်းကို ဆောင်ရွက်လျက်ရှိပြီး ကျိုက်လတ်မြို့နယ်တွင် သားသမီး ကျောထောက်နောက်ခံမရှိသော ဘိုးဘွားများအား တစ်လလျှင် ကျပ်တစ်သောင်းခွဲနှင့် ဆေးရုံ၌ ဆေးကုသမှုခံယူနေသော ဘိုးဘွားများအား ကျပ်လေးသောင်းခန့်စီဖြင့် စုစုပေါင်း ဘိုးဘွား ၃၈ ဦးအား လစဉ် ထောက်ပံ့ပေးလျက်ရှိကြောင်းသိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ပြည်သူ့ဆေးရုံ၌ နှစ်ထပ်လူနာဆောင်သစ် တိုးချဲ့ဆောက်လုပ်ရေး ညှိနှိုင်းဆွေးနွေး

**အိမ်မဲ ဇွန် ၈**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ခုတင် ၅၀ ဆံ့ တိုးချဲ့နှစ်ထပ်လူနာဆောင် အဆောက်အအုံ ဆောက်လုပ်ရန် ညှိနှိုင်းအစည်းအဝေးကို ဇွန် ၆ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် အိမ်မဲမြို့နယ် ကုသရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးကျော်အောင်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လုပ်ငန်းများ၊ မြို့နယ်ပြည်သူ့ဆေးရုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ကျေးလက်ကျန်းမာရေးဌာနများ တိုးတက်ရေးနှင့် ခုတင် ၅၀ ဆံ့ ဆေးရုံအဆောက်အအုံ တိုးချဲ့ဆောက်လုပ်ရန်ကိစ္စများကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများက ဖြည့်စွက်ဆွေးနွေးကြကာ အဆောက်အအုံဆောက်လုပ်မည့် မြေနေရာကို ညှိနှိုင်းရွေးချယ်ခဲ့ကြကြောင်း သိရသည်။

အိမ်မဲမြို့နယ်တွင် ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံတစ်ရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ နှစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ခုနစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၄ ခု ရှိကြောင်း သိရသည်။ အိမ်မဲမြို့နယ်ပြည်သူ့ဆေးရုံတွင် ၂၀၁၆ ခုနှစ်က အတွင်းလူနာ ၆၁၂၆ ဦး၊ ပြင်ပလူနာ ၃၅၀၀ ဦး၊ မွေးလူနာ ၇၂၅ ဦးကို ဆေးကုသပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် မေလကုန်အထိ အတွင်းလူနာ ၂၄၄၄ ဦး၊ ပြင်ပလူနာ ၁၇၆၀ ဦး၊ မွေးလူနာ ၂၈၈ ဦးအား ဆေးဝါးကုသပေးလျက်ရှိပြီး နေ့စဉ် လူနာဦးရေ ၁၀၀ ကျော် ဆေးရုံတက်ရောက် ကုသလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း မွမ်းမံသင်တန်း ရွှေကူမြို့၌ဖွင့်လှစ်

**ရွှေကူ ဇွန် ၈**
အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရတို့ပူးပေါင်း၍ သဘာဝဘေး လျော့ပါးရေး စေတနာ့ဝန်ထမ်း မွမ်းမံသင်တန်းကို ကချင်ပြည်နယ် ရွှေကူမြို့၌ ဇွန် ၆ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းကို ရွှေကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ဖွင့်လှစ်ပြီး သင်တန်းကာလ ငါးရက်ဖြစ်ကာ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲတွင် ရွှေကူမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးထွန်းချစ်က သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက လူသားတိုင်း ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ရန်နှင့် သက်ဆိုင်ရာများသို့ ချက်ချင်းအကြောင်းကြားကာ ကူညီမှုများပြုလုပ်ရန် လိုအပ်ကြောင်း အမှာစကားပြောကြားပြီး ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဦးမင်းသိန်းက သင်တန်းဖွင့်လှစ်သည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲအပြီးတွင် ရွှေကူမြို့နယ်အတွင်း ဇွန် ၁ ရက်ကဖြစ်ပွားခဲ့သည့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းကြောင့် အမိုးလန်ပျက်စီးခဲ့သည့် တောပုန်းကျေးရွာမှ အိမ်ရှစ်လုံးနှင့် ပြိုကျပျက်စီးသည့် အိမ်တစ်လုံးအတွက် အိမ်ထောင်စုဝင်များအား ထောက်ပံ့ငွေ ၇၃၂၀၀၀ ကျပ်နှင့် လူ ၃၁ ဦးအတွက် ခုနစ်ရက်စာဆန်ဖိုး ၆၅၁၀၀ ကျပ်၊ နေအိမ်ပြိုကျသည့် အိမ်ထောင်စုအတွက် ထောက်ပံ့ပစ္စည်း ကိုးမျိုးနှင့် အိမ်အမိုးလန်ပျက်စီးသည့် အိမ်ထောင်စုရှစ်စုအတွက် ကယ်ဆယ်ရေးပစ္စည်းလေးမျိုးကို လွှဲပြောင်းပေးအပ်ခဲ့သည်။

**ငွေအိုး(ကသာ)**



# ဟန်လင်းပျူမြို့ဟောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သို့ လူနာတင်ယာဉ်တစ်စီး ကူညီပံ့ပိုး

**ဝက်လက် ဇွန် ၈**
မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(MCHT)သို့ ဂျပန်နိုင်ငံမှ လှူဒါန်းထားသည့် လူနာတင်ယာဉ်တစ်စီးကို ပျူမြို့ဟောင်းများ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(ဟန်လင်း)သို့ MCHT မှ ဇွန် ၄ ရက်က ကူညီပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

လူနာတင်ယာဉ်ပေးအပ်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်းတို့က အမှာစကားပြောကြားပြီး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က လူနာတင်ယာဉ် ကူညီပံ့ပိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ လူနာတင်ယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပျူမြို့ဟောင်းများထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(ဟန်လင်း) ဥက္ကဋ္ဌ ဦးခင်အောင်ထံ ပေးအပ်ခဲ့သည်။ ကူညီပံ့ပိုးပေးအပ်သည့် အဆိုပါ လူနာတင်ယာဉ်မှာ ကျပ်သိန်း ၅၀၀ တန်ဖိုးရှိ ၂၀၀၈ မော်ဒယ် Toyota Hiace လူနာတင်ယာဉ် အမျိုးအစားဖြစ်ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

# ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းအတွက် ပြည်နယ်အစိုးရမှထောက်ပံ့ငွေပေး

**သထုံ ဇွန် ၈**
မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားပန်းတိမ်ရွာရှိ ချယ်ရီလမ်းတွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်ကွန်ကရစ်လမ်းခင်းခြင်းအတွက် ပြည်နယ်အစိုးရက ဘိလပ်မြေ အိတ် ၁၀၀၀ နှင့် ညီမျှသည့် ထောက်ပံ့ငွေများကို ဇွန် ၆ ရက်က နောင်ကုလားပန်းတိမ် အုပ်ချုပ်ရေးမှူးရုံး၌ လာရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

"လမ်းကတော့ ပြီးသွားပါပြီ။ ကျေးရွာမှာရှိတဲ့ သံဃာတော်တွေ၊ ရွာသားတွေနဲ့ အလှူရှင်တွေ စုပေါင်းပြီးလုပ်တာပါ။ ပြည်နယ်အစိုးရအဖွဲ့က ဘိလပ်မြေအိတ် ၁၀၀၀ အတွက် ငွေကျပ် ၄၃ သိန်း ထောက်ပံ့ပေးတယ်။ ဒီလမ်းပြီးသွားတော့ ခုလို ကျောင်းဖွင့်ရာသီမှာ ကလေးတွေ သွားရလာရ အဆင်ပြေသွားတာပေါ့"ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးပန်းအောင်က ပြောသည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ပြည်နယ်အစိုးရကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးပန်းအောင်က လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းအောင်ထံသို့ ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။ အဆိုပါ ကွန်ကရစ်လမ်းမှာ အရှည်ပေ ၁၅၀၀ ခန့်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များကို အခြေခံမှု(၈)ချက်အပေါ် အခြေခံ၍ လုပ်ဆောင်သင့်



**မကွေး ဇွန် ၈**
နိုင်ငံ၏ GDP ကို သိသာစွာအထောက်အကူပြုနိုင်သည့် မကွေးတိုင်းဒေသကြီး၏ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဒေသဖွံ့ဖြိုးမှု(Regional Development)ဖြစ်အောင် ဆောင်ရွက်နိုင်ခြင်းထက် တောင်သူများဖွံ့ဖြိုးတိုးတက်လာစေရန်(Community Development)အဖြစ် ဦးတည်ဆောင်ရွက်နိုင်ရေးမှုကို ရှေးရှုချမှတ်သင့်ကြောင်းနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များအား အချက်(၈)ချက်အပေါ် အခြေခံ၍ လုပ်ဆောင်သင့်ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးထံမှ သိရသည်။

"ဒေသတွင်းစားသုံးမှုကို ဦးတည်ရုံသာမကဘဲ ပြည်ပဈေးကွက်ကိုရှေးရှုတဲ့ စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်း ထုတ်လုပ်မှုကို ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရမှာပါ။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ မျိုးစေ့ထုတ်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ဖို့၊ မြေယာလုပ်ပိုင်ခွင့်များ ခိုင်မာစေအောင် ဆောင်ရွက်ဖို့၊ အဆင့်မြင့်စိုက်ပျိုးရေးဇုန် Intensive Farming Sites များ သတ်မှတ်ဆောင်ရွက်ဖို့၊ စိုက်ပျိုးရေးနည်းပညာဖြန့်ဝေရာ ဗဟိုဌာနအဖြစ် ဆောင်ရွက်ဖို့၊ လယ်ယာကဏ္ဍ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ဖို့၊ မွေးမြူရေးနဲ့ သားငါးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍများ ပူးပေါင်းဆွေးနွေးဆောင်ရွက်ဖို့၊ ထုတ်လုပ်မှုပမာဏ ရရှိအောင် ဆောင်ရွက်ဖို့နဲ့ ဈေးကွက်အခွင့်အလမ်း ရရှိအောင် လယ်သမားအစုအဖွဲ့ဈေးကွက်များ တည်ထောင်ဆောင်ရွက်ဖို့ ဆိုတဲ့ အချက်(၈)ချက်အပေါ်မှာ အခြေခံ လုပ်ဆောင်သင့်ပါတယ်"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက ပြောသည်။

အဆိုပါ အခြေခံမှု(၈)ချက်အပေါ် စနစ်တကျ ပူးပေါင်းလုပ်ဆောင်နိုင်မှသာလျှင် မကွေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများသည် သမရိုးကျတောင်သူများအဖြစ်မှ လယ်ယာစိုက်ပျိုးရေး စီးပွားရေးလုပ်ငန်းရှင်များ (Agri Business Entrepreneurs)ဖြစ်လာအောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်းလည်း ဦးစီးမှူးက ဆက်လက်ပြောကြားသည်။

နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းတို့မှာ GDP ၏ ၂၈ ရာခိုင်နှုန်းအထိ ပါဝင်နေသည့်အပြင် အလုပ်အကိုင်များ အားလုံး၏ သုံးပုံနှစ်ပုံကိုလည်း ပေးထားနိုင်ကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း ပဲမျိုးစုံ၊ ဆန်၊ ငါး၊ ပုဇွန်၊ ရော်ဘာစသည့် ထုတ်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလျံ ရရှိစေခဲ့ကြောင်း၊ လက်ရှိအချိန်တွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ အသားတင်စိုက်ဧက သိန်း ၃၀ အပေါ်၌ သီးထပ်၊သီးညှပ်များ စိုက်ပျိုးလျက်ရှိရာ သီးနှံစိုက်ဧကပေါင်း သိန်း ၈၀ ခန့် စိုက်ပျိုးလျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဇေယျတု(မကွေး)**

# ကမ်းနားလမ်းပေါ်တွင် မြို့တွင်းပတ်ယာဉ်လိုင်းနှစ်လိုင်းမှ ခရီးသည်တင်ယာဉ်နှစ်စီးတိုက်

**ရန်ကုန် ဇွန် ၈**
လမ်းမတော်မြို့နယ်အတွင်း (၁၃)လမ်းထိပ် ကမ်းနားလမ်းပေါ်တွင် မြို့တွင်းပတ် YBS ယာဉ်လိုင်းနှစ်လိုင်းမှ ခရီးသည်တင်ယာဉ်နှစ်စီး ပွတ်တိုက်မိမှု ဇွန် ၆ ရက် နေ့လယ်ပိုင်းက ဖြစ်ပွားခဲ့ပြီး ယာဉ်တိုက်မှုကြောင့် လမ်းပိတ်ဆို့မှုဖြစ်ခဲ့သော်လည်း ခရီးသည်များ ထိခိုက်ဒဏ်ရာရခြင်း မရှိခဲ့ကြောင်း သိရသည်။

ကမ်းနားလမ်းအတိုင်း (၁၅)လမ်းမှတ်တိုင်ဘက်မှထွက်လာသော အမှတ်(၅၆)ယာဉ်လိုင်းမှယာဉ်ကို အမှတ်(၅၇)ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်က (၁၃)လမ်းထိပ်အနီး၌ ကျော်တက်စဉ် ပွတ်တိုက်မိခြင်းဖြစ်ပြီး (၅၆)ယာဉ်၏ ဘေးနောက်ကြည့်မှန်ကို ထိခိုက်သွားခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါခရီးသည်များ ထိခိုက်ဒဏ်ရာရခြင်းမရှိဘဲ ကားပြောင်းစီးခဲ့ရကြောင်း သိရသည်။


ယာဉ်တိုက်မှုဖြစ်ပြီး တစ်နာရီခန့်ကြာသည်အထိ ကားလမ်းပေါ်တွင် ယာဉ်ကြီးနှစ်စီးက လမ်းကြော နှစ်ကြောစာ ပိတ်ရပ်နေခဲ့၍ ထိုလမ်းပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုများ ခေတ္တဖြစ်ပွားခဲ့ပြီး သက်ဆိုင်ရာက လာရောက်စစ်ဆေးကာ ယာဉ်နှစ်စီးလုံးကို ဟံသာဝတီယာဉ်မှုစစ်ရုံးသို့ မောင်းနှင်ခေါ်ဆောင်သွားကြောင်း မျက်မြင်တွေ့သူများ၏ ပြောကြားချက်အရ သိရသည်။




ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုကိုလျှော့ချရန် YBS စနစ် ပြောင်းလဲချိန်မှစ၍ မြို့တွင်း လမ်းမကြီးငါးခုပေါ်၌ မြို့တွင်းပတ် ယာဉ်လိုင်းသုံးလိုင်းဖြစ်သော အမှတ် (၅၆)၊ (၅၇)၊ (၅၈) ယာဉ်လိုင်းများကိုသာ ပြေးဆွဲစေခဲ့ကာ ကမ်းနားလမ်းပေါ်၌ လသာမြို့နယ်အတွင်းမှစ၍ ဘုန်းကြီးလမ်းအထိတွင် မြို့တွင်းပတ် ယာဉ်လိုင်းနှစ်လိုင်းမှ ယာဉ်ကြီးများ ပြေးဆွဲနေပြီး ကျန်သောကားလမ်းများ၏ နေရာအများစုတွင် မြို့တွင်းပတ်ယာဉ်လိုင်း တစ်လိုင်းစီမှ ယာဉ်ကြီးများသာ ပြေးဆွဲနေသည်။ သို့သော် မေ ၃၀ ရက်မှစ၍ လှိုင်သာယာမှ လာသော အမှတ်(၂၀)ယာဉ်လိုင်းမှာ သိမ်ဖြူတွင် ကုန်သည်လမ်းပေါ်သို့တက်၍ တရားဝင်ပြေးဆွဲလာသဖြင့် ယခု ယာဉ်တိုက်သည့်နေရာတွင် မြို့တွင်းပတ် ယာဉ်လိုင်းနှစ်လိုင်းသာမက မြို့ပြင်သွားယာဉ်လိုင်းတစ်လိုင်းပါ ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**ခင်ဆိုင်**

# လမ်းနှင့်ကပ်နေသော မီးတိုင်များကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားနိုင်



**သုဝဏ္ဏဝတီ ဇွန် ၈**
မွန်ပြည်နယ် သထုံမြို့နယ်အတွင်း သုဝဏ္ဏဝတီမြို့-သိမ်ဆိပ်-ပိန္နဲတော-လေးကေ မြို့နယ်ချင်းဆက်လမ်းပေါ်ရှိ သိမ်ဆိပ်မှ ဝင်းပကျေးရွာအထိ လမ်းပိုင်းတွင် လမ်းဘေး လျှပ်စစ်မီးတိုင်များနှင့် ဆက်သွယ်ရေးတယ်လီဖုန်းကြိုးတိုင်များသည် လမ်းနှင့်နီးကပ်စွာ တည်ရှိနေသောကြောင့် ယာဉ်အန္တရာယ်များ ဖြစ်ပွားနိုင်သဖြင့် အဆိုပါ လျှပ်စစ်မီးတိုင်များနှင့် ဆက်သွယ်ရေး တယ်လီဖုန်းကြိုးတိုင်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကာ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သလို ဆောင်ရွက်ပေးရန် ဒေသခံပြည်သူများ ဆန္ဒရှိနေကြကြောင်း သိရသည်။

သိမ်ဆိပ်-ပိန္နဲတော-လေးကေလမ်းသည် ၁၈ ပေ အကျယ်ရှိသော ကတ္တရာလမ်းဖြစ်ပြီး သထုံမြို့နယ် ဆောက်လုပ်ရေးဝန်ကြီးဌာန(လမ်းဦးစီးဌာန)က တာဝန်ယူခင်းကျင်းခဲ့ကာ လမ်းပြီးစီးသွားချိန်တွင် ယခင်က လမ်းဘေးတွင်စိုက်ထူထားသော လျှပ်စစ်မီးတိုင်များနှင့် တယ်လီဖုန်းကြိုးတိုင်များမှာ လမ်းနှင့်နီးကပ်လာသဖြင့် မကြာခဏ ကားဝင်တိုက်ခြင်း၊ ဆိုင်ကယ်ဝင်တိုက်ခြင်းကြောင့် လူထိခိုက်ဒဏ်ရာရခြင်းများရှိနေကြောင်း ဒေသခံအချို့၏ ပြောကြားချက်အရ သိရသည်။

**ခွန်(ဝင်းပ)**

# အမျိုးသမီးငယ်များအား အခြေခံစက်ချုပ်ပညာသင်တန်း အခမဲ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**မိတ္ထီလာ ဇွန် ၈**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းမှ အမျိုးသမီးငယ်များ၏ အသက်မွေးဝမ်းကျောင်းမှုတွင် အထောက်အကူပြုနိုင် ရည်ရွယ်ချက်ဖြင့် အခြေခံစက်ချုပ်သင်တန်းကို မိတ္ထီလာ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ အခမဲ့ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

အဆိုပါကျောင်းမှ တာဝန်ခံကျောင်းအုပ် ဦးသာဝက "အတန်းကျောင်းပညာပြီးစီးအောင် မသင်ကြားနိုင်ခဲ့တဲ့ အမျိုးသမီးငယ်တွေ ဒီစက်ချုပ်ပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုနိုင်ဖို့၊ မိမိတတ်ကျွမ်းတဲ့ စက်ချုပ်ပညာကို လက်ဆင့်ကမ်း ပြန်လည်သင်ကြားပေးနိုင်ဖို့၊ ပြီးတော့ ကျေးလက်ဒေသမှာနေထိုင်တဲ့ အမျိုးသမီးငယ်တွေ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေဖို့ ရည်ရွယ်ပြီးတော့ အခြေခံစက်ချုပ်သင်တန်းကို မေ ၂၂ ရက်က စတင်ပြီး တစ်လခွဲကြာအောင် အပတ်စဉ် တနင်္လာနေ့ကနေ သောကြာနေ့အထိ ဖွင့်လှစ်သင်ကြားပေးနေတာဖြစ်ပါတယ်။ ဒီအခမဲ့စက်ချုပ်သင်တန်းမှာ တက်ရောက်နေကြတဲ့ အမျိုးသမီးငယ်တွေအားလုံးကို အပ်ချုပ်စက်၊ သင်ထောက်ကူအထည်စနဲ့ သင်ထောက်ကူပစ္စည်းမျိုးစုံကို လိုလေသေးမရှိပြည့်စုံအောင် ကျောင်းကပဲ ပံ့ပိုးထောက်ပံ့ပေးထားပါတယ်"ဟု ပြောသည်။

မိတ္ထီလာ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းတွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် အခြေခံစက်ချုပ် အခမဲ့သင်တန်းတွင် မိတ္ထီလာမြို့ပေါ်ရပ်ကွက်များ၊ မြို့နယ်အတွင်းရှိ လူးခင်းကြီး၊ ညောင်ကားယား၊ ညောင်ကန်၊ စက်ပစ်တောင်၊ ရွှေစစ်သည်၊ ပြည်သာယာနှင့် ဝန်ဇင်းကျေးရွာများနှင့် မလှိုင်မြို့နယ်အတွင်း သပြေပင်ကျေးရွာမှ အမျိုးသမီးငယ် ၂၀ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# တရုတ်နိုင်ငံမှလှူဒါန်းသော ကျောင်းဆောင်သစ် ဖွင့်လှစ်

**ကျောက်ပန်းတောင်း ဇွန် ၈**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(မြို့ရှေ့)တွင် တရုတ်နိုင်ငံမှလှူဒါန်းမှုဖြင့် တည်ဆောက်ပြီးစီးခဲ့သော ကျောင်းဆောင်အဆောက်အအုံသစ် ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၆ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်သည် အလျား ပေ ၁၂၀၊ အနံ ပေ ၃၀၊ အမြင့် ၂၅ ပေရှိ အာရ်စီနှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ဖွင့်ပွဲတွင် ကျောင်းဆောင်သစ်ကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံမှူး Mr.Yang Shou Zhcng၊ အခြေခံပညာဦးစီးဌာနရုံးချုပ်(နေပြည်တော်)မှ ခေတ္တဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းရီ၊ မြို့မိမြို့ဖ ဦးတင်ဦးလွင်၊ ရွှေတောင်ဆောက်လုပ်ရေးကုမ္ပဏီမှ CEO ဦးအောင်သန်းနှင့် ကျောင်းအုပ်ဆရာမကြီးဒေါ်ဝင်းဝင်းခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တရုတ်နိုင်ငံ သံမှူးက ကျောင်းဆောင်ဆောက်လုပ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းဆောင်သစ် အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများနှင့် ကျောင်းစာကြည့်တိုက်အတွက် အထောက်အကူပြုစာအုပ်များကို သံမှူးက ပေးအပ်လှူဒါန်းခဲ့ပြီး ရွှေတောင်ဆောက်လုပ်ရေးကုမ္ပဏီ CEO ကလည်း ဗလာစာအုပ် ဒါဇင် ၂၀၀ နှင့် ဘောလ်ပင်ဘူး ၁၀၀ ကို လှူဒါန်းခဲ့သည်။

**နေအောင်(iprd)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကောင်စီငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အကြောင်းအရာ |
|---|---|
| ၁ | ပျဉ်းမနားမြို့နယ်၊ ငကောင်းကံကျေးရွာအုပ်စုရှိ ငကောင်းကံ-ဇီးကုန်းကျေးရွာချင်းဆက်လမ်း (၄၂၀၀×၁၂)ပေ၊ (၁၅)လက်မထု ကတ္တရာလမ်းခင်းခြင်း |
| ၂ | ပျဉ်းမနားမြို့နယ်၊ နတ်သူရဲကျေးရွာအုပ်စုရှိ မန်ကျီးရိုးရေလွှဲဆည်တည်ဆောက်ခြင်း၊ ကွန်ကရစ်နှင့် ကျောက်စီခြင်း (၅၂×၈၂)ပေ |
| ၃ | လယ်ဝေးမြို့နယ်၊ အေလာကျေးရွာအုပ်စုတွင် (၈၆၂၀×၁၄)ပေ၊ (၁၅)လက်မထု အေလာသီရိကတ္တရာလမ်းပြုပြင်ခြင်းနှင့်တစ်ဖက်လျှင် (၂)ပေစီတိုးချဲ့ဖောက်လုပ်ခြင်း |

**တင်ဒါပုံစံရောင်းချမည့်နေရာ** - ပျဉ်းမနားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ပျဉ်းမနားမြို့
လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ လယ်ဝေးမြို့

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၆-၆-၂၀၁၇ ရက်မှ ၅-၇-၂၀၁၇ ရက်အထိ ရုံးချိန်အတွင်း ၀၉:၀၀ နာရီမှ ၁၆:၀၀ နာရီထိ

**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၆-၇-၂၀၁၇ ရက် ၁၆:၀၀ နာရီ

၂။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပျဉ်းမနားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ရုံးဖုန်း-၀၆၇-၂၂၀၅၈၊ ၂၂၀၀၅**
**လယ်ဝေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ရုံးဖုန်း-၀၆၇-၃၀၃၈၃၊ ၃၀၃၈၂**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**Tender No.07/DHPI/Cement/2017-2018**

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ သူငွေးရေအားလျှပ်စစ်စီမံကိန်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ်အတွင်း အသုံးပြုရန်အတွက် ပြည်တွင်းစက်ရုံများမှထုတ်လုပ်ပြီး အရည်အသွေးပြည့်မီသည့် ဘိလပ်မြေ (၁၃၃၉)တန်အား စီမံကိန်းအရောက်ဈေးနှုန်း (D.D.P - at Site) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ ၁၅-၆-၂၀၁၇ ရက် ၁၂:၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ Company Profile Rating နှင့် Technical Specification Rating တို့တွင် ရမှတ် (၆၀)ကျော်သောကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score) အများဆုံးရရှိသောကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၈၉၊ ၀၆၇-၈၁၀၄၁၉၀**

## သင်တန်းသားခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံနှင့် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများ၌ ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဖွင့်လှစ်မည့် အောက်ပါသင်တန်းများသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | သင်တန်းကျောင်း | သင်တန်းအမည် | လက်ခံမည့် သင်တန်းသား ဦးရေ |
|---|---|---|---|
| ၁။ | ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ | (က) ချည်မျှင်နှင့်အထည်အလိပ် ကျွမ်းကျင်သူ (၁)နှစ်သင်တန်း | ၂၀-ဦး |
| | | (ခ) ရိုးရာလွန်းရာကျအချိတ် (၆)လသင်တန်း | ၅-ဦး |
| | | (ဂ) လက်ရက်ကန်း(၆)လသင်တန်း | ၁၀-ဦး |
| ၂။ | ရက်ကန်းနှင့်အသက်မွေး ပညာသင်တန်းကျောင်း (စစ်တွေ၊ မုဒုံ၊ တောင်ကြီး) မိတ္ထီလာ၊ မုံရွာ၊ ပခုက္ကူ၊ ရွှေတောင်၊ ဖလမ်း၊ မြစ်ကြီးနား၊ လှိုင်ကော်၊ ဘားအံ၊ မင်းတပ်၊ ကျောက်မဲ) | (က) ချည်မျှင်နှင့်အထည်အလိပ် ကျွမ်းကျင်သူ(၁)နှစ်သင်တန်း | တစ်ကျောင်း လျှင်(၂၀)ဦး ဖြင့် (၂၆၀)ဦး |
| | | (ခ) လက်ရက်ကန်း(၆)လသင်တန်း | တစ်ကျောင်း လျှင် (၁၀)ဦး ဖြင့် (၁၃၀)ဦး |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ အမှတ်စဉ် (၁)(က)နှင့် (၂)(က)သင်တန်းများအတွက် အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။ အမှတ်စဉ် (၁) (ခ၊ ဂ)နှင့် (၂) (ခ) သင်တန်းများအတွက် အခြေခံပညာမူလတန်းအောင်မြင်ပြီးသူဖြစ်ရမည်။
(ခ) ၁-၁-၂၀၁၇ရက်တွင် အသက် (၁၆)နှစ်ပြည့်ပြီး၊ (၂၅)နှစ်ထက်မကျော်ရ။
(ဂ) အိမ်ထောင်မရှိသူဖြစ်ရမည်။
(ဃ) ရိုးရာလွန်းရာကျအချိတ် (၆)လသင်တန်းကို အမျိုးသမီးများသာ လျှောက်ထားနိုင်သည်။
(င) ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်သူ (၁)နှစ်သင်တန်းနှင့် လက်ရက်ကန်း (၆)လသင်တန်းအတွက် အရပ်အမြင့် (ကျား) ၅ ပေ ၁လက်မ၊ (မ) ၄ပေ ၁၁လက်မ ရှိရမည်။

၃။ သင်တန်းတိုင်းအတွက် အဆောင်အခမဲ့နေထိုင်ခွင့်ပြုမည့်အပြင် ပညာသင်ထောက်ပံ့ကြေးတစ်ဦးလျှင် တစ်လ ကျပ် ၃၀၀၀၀/- ချီးမြှင့်မည်ဖြစ်ပြီး ရက်ကန်းပညာရပ်ကို အမှန်တကယ်စိတ်ပါဝင်စားသည့် သတ်မှတ်အရပ်အမြင့်ရှိသူများအား အသက်ကန့်သတ်ချက် လျှော့ပေါ့၍ လက်ခံသွားမည်ဖြစ်ပါသည်။

၄။ လျှောက်ထားလိုသူများသည် အထက်ပါကျောင်းများနှင့် အောက်ဖော်ပြပါရုံးများတွင် စုံစမ်းလျှောက်ထားနိုင်ပါသည်-
(က) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ အဆောက်အအုံအမှတ် (၁၆)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၂၇၃၊ ၀၆၇-၄၁၀၂၄၀၊ ၀၆၇-၄၁၀၃၇၀
(ခ) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးများ (မြစ်ကြီးနား၊ လှိုင်ကော်၊ ဘားအံ၊ ဟားခါး၊ မုံရွာ၊ ထားဝယ်၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မော်လမြိုင်၊ ရန်ကုန်၊ စစ်တွေ၊ တောင်ကြီး၊ ပုသိမ်၊ နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာကျောင်းများ)

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

## "ကုန်သွယ်လုပ်ငန်းခွန်ကျသင့်ခြင်းနှင့် ခုနှိမ်ခွင့်နည်းလမ်းများ အသိပေးကြေညာခြင်း"

၁။ **ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည့် လုပ်ငန်းအမျိုးအစားများ**
မည်သူမဆိုအောက်ပါဆောင်ရွက်ချက်များလုပ်ဆောင်ပါက ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည်ဖြစ်ပါသည်-
(က) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊
(ခ) ပြည်တွင်း၌ ကုန်သွယ်မှုဆောင်ရွက်ခြင်း၊
(ဂ) ပြည်တွင်း၌ ဝန်ဆောင်မှုဆောင်ရွက်ခြင်း၊
(ဃ) ပြည်ပမှ ကုန်စည်တင်သွင်းခြင်း၊
(င) ပြည်ပသို့ ကုန်စည်တင်ပို့ခြင်း၊

၂။ **ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရန်တာဝန်ရှိသူများ**
(က) ပြည်ပမှကုန်စည်တင်သွင်းခြင်းဖြစ်ပါက ကုန်စည်တင်သွင်းသူက ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရပါမည်။
(ခ) ကုန်စည်ထုတ်လုပ်ရောင်းချသူ၊ ကုန်သွယ်မှုဆောင်ရွက်သူ၊ ကုန်စည်တင်သွင်း ရောင်းချသူ၊ ဝန်ဆောင်မှုဆောင်ရွက်သူတို့က ကုန်စည်ဝယ်ယူသူ၊ ဝန်ဆောင်မှုရယူသူထံမှ ကျသင့်တန်ဖိုးနှင့်အတူ ကုန်သွယ်လုပ်ငန်းခွန်ကို တစ်ပါတည်းကောက်ခံ၍ ပေးဆောင်ရမည်ဖြစ်ပါသည်။ သို့ရာတွင် ထုတ်လုပ် ရောင်းချသူ၊ ကုန်သွယ်မှုဆောင်ရွက်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူသည် ကုန်သွယ်လုပ်ငန်းခွန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ပတခ(ကသခ)-၂ရှိမှသာ ကုန်သွယ်လုပ်ငန်းခွန်အား ကောက်ခံနိုင်မည်ဖြစ်ပါသည်။

၃။ လုပ်ငန်းအလိုက်ခုနှိမ်ခွင့်ရှိသည့် ပေးဆောင်ပြီး ကုန်သွယ်လုပ်ငန်းခွန်များ
(က) ကုန်ထုတ်လုပ်သူသည် မိမိထုတ်လုပ်သည့် ကုန်စည်ရောင်းချမှုအပေါ် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်မှ ဘဏ္ဍာရေးနှစ်အတွင်း ယင်းကုန်စည်ထုတ်လုပ်မှုလုပ်ငန်းအလို့ငှာပေးဆောင်ခဲ့ရသည့် အောက်ဖော်ပြပါ ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်နိုင်သည်-
(၁) ပြည်ပမှ ကိုယ်တိုင်ဝယ်ယူတင်သွင်းသောကုန်စည်များ၏ကုန်းပေါ် ရောက်တန်ဖိုးအပေါ်ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်၊
(၂) အခြားကုန်ထုတ်လုပ်သူထံမှဖြစ်စေ၊ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်သူထံမှဖြစ်စေ၊ ပြည်ပမှကုန်စည်တင်သွင်းသူထံမှဖြစ်စေ ဝယ်ယူသောကုန်စည်များအတွက် ကုန်စည်တန်ဖိုးနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊
(၃) ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းအတွက် ရယူခဲ့ရသော ဝန်ဆောင်မှုလုပ်ငန်းများတွင် ဝန်ဆောင်မှုရငွေနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊
(ခ) ပြည်ပမှကုန်စည်တင်သွင်းသူနှင့် ကုန်သွယ်မှုဆောင်ရွက်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူသည် မိမိရောင်းချသည့် ကုန်စည်အပေါ်ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်မှ ဘဏ္ဍာရေးနှစ်အတွင်း ယင်းကုန်သွယ်မှုလုပ်ငန်းအလို့ငှာ ပေးဆောင်ခဲ့ရသည့် အောက်ဖော်ပြပါ ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်နိုင်သည်-
(၁) ပြည်ပမှ ကိုယ်တိုင်ဝယ်ယူတင်သွင်းသောကုန်စည်များ၏ ကုန်းပေါ်ရောက်တန် ဖိုးအပေါ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်၊
(၂) ပြည်တွင်း၌ ဝယ်ယူသောကုန်ပစ္စည်းများအတွက် ကုန်စည်တန်ဖိုးနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊
(၃) ကုန်သွယ်မှုလုပ်ငန်းအတွက်ရယူခဲ့ရသောဝန်ဆောင်မှုလုပ်ငန်းများတွင် ဝန်ဆောင်မှု ရငွေနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊

၄။ **အခွန်ခုနှိမ်ပေးသွင်းခြင်းဆိုင်ရာသတ်မှတ်ပုံစံများ**
ကုန်သွယ်လုပ်ငန်းခွန်ခုနှိမ်ခွင့်ရရှိရန် အောက်ဖော်ပြပါ သတ်မှတ်ပုံစံများအား သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ် အလတ်အခွန်ထမ်းများ ဆိုင်ရာအခွန်ရုံးများတွင် တင်ပြလျှောက်ထားရမည်။
(၁) ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းရောင်းချခြင်းဖြစ်ပါက-
(ကက) သွင်းကုန်ကြေညာလွှာ (Import Declaration Form) (မူရင်း/မိတ္တူ)
(ခခ) ပတခ(ကသခ)-၃၂ ပုံစံ (မူရင်း/မိတ္တူ)
(ဂဂ) ပတခ(ကသခ)-၃၃ ပုံစံ (မူရင်း/မိတ္တူ)
(ဃဃ) ပတခ(ကသခ)-၂ပုံစံ (မူရင်း/မိတ္တူ)
၂။ ပြည်တွင်းထုတ်လုပ်ရောင်းချခြင်း ၊ ကုန်သွယ်မှုဆောင်ရွက်ခြင်း၊ ဝန်ဆောင် မှုဆောင်ရွက်ခြင်းဖြစ်ပါက-
(ကက) ပတခ(ကသခ)-၃၁ ပုံစံ (မူရင်း/မိတ္တူ)
(ခခ) ပတခ(ကသခ)-၃၃ ပုံစံ (မူရင်း/မိတ္တူ)
(ဂဂ) ပတခ(ကသခ)-၂ ပုံစံ (မူရင်း/မိတ္တူ)

လစဉ်ကျသင့်သော ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရာတွင်လည်း ပေးဆောင် ခဲ့ပြီးသောကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်ပေးသွင်းနိုင်ပါသည်။

**အသေးစိတ်သိရှိလိုပါက** သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့်ပြည်တွင်း အခွန်များဦးစီးဌာန(ရုံးချုပ်) ဖုန်းနံပါတ် (၀၆၇-၄၃၀၀၀၉)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်) ဖုန်းနံပါတ် (၀၁-၃၇၈၃၇၀)၊ (၀၁-၃၇၈၃၇၂)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ဖုန်းနံပါတ် (၀၂-၃၀၁၉၂) တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## ကချင်ပြည်နယ်ဦးစီးမှူးရုံး

**ရက်စွဲ ၂၀၁၇ ခုနှစ် ဇွန် ၆ ရက်**

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ပြည်နယ်ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် လုပ်ငန်းများအား (မြန်မာ)ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ခေါ်ယူအပ်ပါသည်။

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမျိုးအစား |
|---|---|---|
| (က) | မြစ်ကြီးနားမြို့ | ဝန်ထမ်းရိပ်သာ RC(၂)ခန်းတွဲ (၃)ထပ် (၁)လုံးနှင့် တိရစ္ဆာန်ဆေးပေးခန်း RC(၁)ထပ် (၁)လုံး ဆောက်လုပ်ရန် |
| (ခ) | မိုးညှင်းမြို့ | ခရိုင်ဦးစီးမှူးရုံး RC(၁)ထပ်ဆောက်လုပ်ရန် |

၂။ **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၆-၆-၂၀၁၇ ရက်မှ ၅-၇-၂၀၁၇ ရက် ၁၆:၀၀ နာရီအထိ

၃။ **တင်ဒါတင်သွင်းရမည့်နေရာ-** ကချင်ပြည်နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးမှူးရုံး

၄။ သတ်မှတ်ချိန်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးမှူးရုံး ဖုန်း-၀၇၄-၂၂၄၁၈၊ ၀၉-၄၃၀၂၂၄၈၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းသိရှိနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကချင်ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ကြီးကြပ်မှုအောက်ရှိ အောက်ပါလုပ်ငန်းများအား အငှားချဆောင်ရွက်ရန်အတွက် တင်ဒါများခေါ်ယူအပ်ပါသည်-
(က) ကြည့်မြင်တိုင်မြို့နယ်၊ အထက်ကြည့်မြင်တိုင်လမ်းနှင့် ဟံသာဝတီလမ်းထောင့် CNG Gas ဆိုင်အနီးရှိ သန့်စင်ခန်း
(ခ) ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်းနှင့်သိမ်ဖြူလမ်းထောင့်ရှိ (စတော့ဂိတ်)သန့်စင်ခန်း
(ဂ) ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း(ဗိုလ်မြတ်ထွန်းလမ်းနှင့်သိမ်ဖြူလမ်းကြား) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ (၁၂)ထပ်ခွဲရုံးအဆောက်အအုံ(၂)လွှာရှိ ဝန်ထမ်းစားသောက်ဆိုင် (၂)ဆိုင်

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း (ဗိုလ်မြတ်ထွန်းလမ်းနှင့် သိမ်ဖြူလမ်းကြား) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ (၁၂)ထပ်ခွဲရုံး (၅)လွှာတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနသို့ဖြစ်စေ ဖုန်း-၀၉-၅၄၀၈၅၀၄၊ ၀၉-၅၀၆၇၉၂၉ သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၂-၆-၂၀၁၇ ရက် (တနင်္လာနေ့)
**တင်ဒါအရောင်းပိတ်မည့်ရက်** - ၂၁-၆-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၄:၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ (ဗိုလ်မြတ်ထွန်းလမ်းနှင့်သိမ်ဖြူလမ်းကြား) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊(၁၂)ထပ်ခွဲရုံး၊ (၅)လွှာ
**တင်ဒါဖွင့်မည့်ရက်** - ၂၂-၆-၂၀၁၇ ရက် (ကြာသပတေးနေ့) နံနက် ၁၀:၀၀ နာရီ (သန့်စင်ခန်း)
- ၂၂-၆-၂၀၁၇ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၃:၀၀ နာရီ (ဝန်ထမ်းသက်သာဆိုင်)

**တင်ဒါရောင်းချရေးအဖွဲ့**

### ဖခင်အမည်မှန်
လှိုင်ကော်မြို့၊ အထက (၅)၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်မျိုးလင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့် ၉/ကပတ(နိုင်)၀၄၉၂၈၈ ဖြစ်ပါကြောင်း။ **ဦးစိုးမြင့်**

### အမည်မှန်
လှိုင်ကော်မြို့၊ အထက (၁)၊ တတိယတန်း(က)မှ မောင်ရဲရင့်နိုင်၏ အမည်မှန်မှာ မောင်ရဲရင့်လှိုင် ဖြစ်ပါကြောင်း။ **မောင်ရဲရင့်လှိုင်**

### အမည်မှန်
